# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၃၃၂)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို လုမ္ဗိနီဥယျာဉ်တော်အတွင်းရှိ ဗုဒ္ဓဘုရားရှင် ဖွားမြင်တော်မူရာနေရာအား ဖူးမြော်ကြည်ညို




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ ဗုဒ္ဓဘုရားရှင်ဖွားမြင်တော်မူရာ အထိမ်းအမှတ် ကျောက်စာတိုင်ကို ကြည့်ရှုစဉ်။
သတင်းစဉ်

**ကတ္တမန္ဒူး ဩဂုတ် ၂၉**

နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ယနေ့တွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံ အမှတ်(၅) ပြည်နယ် Bhairawa မြို့ လုမ္ဗိနီဥယျာဉ်တော်အတွင်းရှိ ဗုဒ္ဓဘုရားရှင်ဖွားမြင်တော်မူရာနေရာကို ဖူးမြော်ကြည်ညိုကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုနှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ တွင် အထူးလေယာဉ်ဖြင့် ကတ္တမန္ဒူးမြို့ ထရီဘူဗန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Bhairawa မြို့ ဂေါတမဗုဒ္ဓလေဆိပ်သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ တပ်မတော်ရဟတ်ယာဉ်ဖြင့် လုမ္ဗိနီဥယျာဉ်သို့ ရောက်ရှိကြရာ အမှတ်(၅) ပြည်နယ်အကြီးအကဲ Mr. Umakant Jha၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် မြို့ပြလေကြောင်းဝန်ကြီး Mr. Rabindra Adhikari၊ Bhairawa ပြည်နယ်ဝန်ကြီးချုပ် Mr. Shankar Pokharel၊ Bhairawa မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❇


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ်(ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်ဆွေးနွေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ်(ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်စဉ်။
သတင်းစဉ်

**ရန်ကုန် ဩဂုတ် ၂၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တက္ကသိုလ် (ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်တက္ကသိုလ်(ပင်မ) ပြုပြင်မွမ်းမံရေးနှင့် ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးကို ၂၀၁၃ ခုနှစ်မှ စတင်ခဲ့ပြီး အချိန်ကာလ ငါးနှစ်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ အပြောင်းအလဲမျိုးစုံဖြစ်ခဲ့ပြီး ကျောင်း၏ လိုလားချက်ဆန္ဒများသည် ခေတ်တစ်ခေတ်နှင့် တစ်ခေတ်မတူတော့သည့်အတွက် စဉ်းစားရမည်ဖြစ်ကြောင်း၊ ရန်ကုန်တက္ကသိုလ်သည် အဓိကအကျဆုံး တက္ကသိုလ်ဖြစ်ပြီး အဆင့်မြင့်ပညာရေးတွင် စံပြဖြစ်ရန်လိုကြောင်း၊ အားသာချက်ကို ခိုင်မာအောင်လုပ်၍ အားနည်းချက်ကို ပြုပြင်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရန်ကုန်တက္ကသိုလ် ပြုပြင်မွမ်းမံ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ ကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုနှင့် ၂၀၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်အမီ ဆောင်ရွက်ရမည့်


စာမျက်နှာ ၄ ကော်လံ ၁ ❖


**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ**


ပြည်သူ့လွှတ်တော်- စာမျက်နှာ - ၆


**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကျင်းပ**


အမျိုးသားလွှတ်တော် - စာမျက်နှာ - ၇


**မြောက်ကိုရီးယား၌ နျူကလီးယားကင်းစင်ပါက အမေရိကန်အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ဟုဆို**


နိုင်ငံတကာသတင်း - စာမျက်နှာ - ၁၄



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# မိခင်နို့တစ်မျိုးတည်းသည်သာ - - -

ဆင်းရဲမှုပြဿနာနှင့်နေရသည့် မြန်မာနိုင်ငံမှာ ကလေးငယ်များ၏ သုံးပုံတစ်ပုံခန့် အာဟာရချို့တဲ့မှုကို ကြုံတွေ့နေရ၏။ ကြုံတွေ့နေရဆဲဖြစ်၏ဟု ဆိုလျှင်ပို၍ မှန်ကန်မည်ထင်ပါသည်။ ကျန်းမာရေးညွှန်းကိန်းများက ဖော်ပြနေသည့် မြန်မာကလေးငယ်တို့၏ အနာဂတ်အရေးမှာ စိုးရိမ်စရာပြဿနာတစ်ခုဖြစ်နေသည်မှာ အမှန်။

အခြေခံအားဖြင့် လူများစု၏ကျန်းမာရေးအသိအမြင်၊ ဗဟုသုတနှင့် အယူအဆအမှားတို့က ကျန်းမာရေးချို့တဲ့မှု၏ အဓိကပြဿနာများ ဖြစ်နေသည်။

သည်အထဲမှာ ကလေးများကို မိခင်နို့တိုက်ကျွေးခြင်းက လွန်စွာအရေးကြီးသော အချက်တစ်ရပ် ဖြစ်ပါသည်။

ကလေးငယ်များ၏ဘဝအစဖြစ်သော ပထမဦးဆုံးခြောက်လတွင် မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးခြင်းဖြင့် ကလေးငယ်များအတွက် ကျန်းမာရေးအရ အလွန်ကောင်းမွန်သင့်လျော်ကြောင်းကို ကမ္ဘာတစ်ဝန်းရှိ ကလေးအခွင့်အရေးနှင့် ကျန်းမာရေးဆိုင်ရာထိပ်တန်းအဖွဲ့အစည်းများက လူထုပညာပေးလှုံ့ဆော်မှုများ ပြုလုပ်နေသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အနုပညာရှင်များ၊ ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် အတူပူးပေါင်းကာ "၆လ- မိခင်နို့မှတစ်ပါးအခြားမလို" ဟူသော လူထုအသိပညာပေး အစီအစဉ် မိတ်ဆက်ပွဲတစ်ခု ၂၀၁၈ သြဂုတ် ၂၉ ရက်နေ့က ရန်ကုန် ဂယ်လာရီမှာ ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမဆုံးပြုလုပ်သည့် လှုံ့ဆော်မှုအစီအစဉ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ ဖြိတိသျှသံအမတ်ကြီး၊ UNICEF (ယူနီဆက်) ကိုယ်စားလှယ်၊ SAVE THE CHILDREN မြန်မာနိုင်ငံကိုယ်စားလှယ်၊ ထင်ရှားသည့်အနုပညာရှင်များ ဖြစ်ကြသော အဆိုတော် R ဇာနည်နှင့် ဇနီး၊ အဆိုတော် ဆုန်သင်းပါရ်၊ ချစ်သုဝေတို့ပါဝင်ဆွေးနွေးကြသည်ကို တွေ့ရပါသည်။ စီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့် စီးတီးမတ်ကလည်း တစ်တပ်တစ်အားပါဝင်သည်ကို သိခဲ့ရပါသည်။

ကလေးငယ်များ၏ အာဟာရချို့တဲ့မှုပြဿနာ ကြီးထွားဖွံ့ဖြိုးမှု နှေးကွေးသည့်ပြဿနာတို့ကို များစွာပြေပျောက်စေမည်သာမက တိုက်ကျွေးရန်လွယ်ကူ၊ စရိတ်သက်သာ၊ ကလေးအတွက်သာမကမိခင်၏ ကျန်းမာရေးကိုပါ များစွာအထောက်အကူပြုစေမည့် ကလေးငယ်များကို မွေးစမှခြောက်လအထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရေး အစီအစဉ်ကို မြန်မာပြည်သူလူထုတစ်ရပ်လုံးထံသို့ အသိပေးပျံ့နှံ့ရေးမှာ အရေးကြီးလှသည်ဟု ယူဆပါသည်။

မွေးစမှခြောက်လအရွယ်ထိ ကလေးငယ်များမှ မိခင်နို့သာမှန်မှန် တိုက်ကျွေးနေမည်ဆိုလျှင် အခြားမည်သည့် ဖြည့်စွက်အစာမှမလိုဘဲ လုံလောက်သောအာဟာရပြည့်ဝနေမည်ဖြစ်သည်။ လက်ငင်းကာလ၌ မြန်မာနိုင်ငံတွင် ကလေးငယ် တစ်ဝက်ကျော်ကိုသာ မိခင်နို့တိုက်ကျွေးလျက်ရှိသည်ဟု စစ်တမ်းများကဆိုပါသည်။ ကလေးသုံးပုံတစ်ပုံမှာ အာဟာရချို့တဲ့မှုရှိနေခြင်းမှာ ယင်းနှင့်ပတ်သက်နေသည်ဟုဆိုပါသည်။

ထိုမျှမက နို့တိုက်ကျွေးသောမိခင်တို့၏ သွေးသွန်ခြင်းပြဿနာ၊ ရင်သားကင်ဆာရောဂါနှင့် အချို့သော အမျိုးသမီးရောဂါများကိုပါ လျော့နည်းစေသည်ဟု သုတေသနများကဆိုပါသည်။ အနာဂတ်မြန်မာတို့ ကြီးထွားဖွံ့ဖြိုးကျန်းမာဖို့၊ အာဟာရချို့တဲ့မှုပြဿနာပြေလည်စေဖို့ "မွေးစမှ ခြောက်လအထိ ကလေးငယ်များကို မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးကြရန်" နှိုးဆော်လိုက်ရပါကြောင်း။ ။

## ရွှေတောင်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ရွှေတောင် သြဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို သြဂုတ် ၂၇ ရက်က ဝါးတောအုပ်စု ဇီးကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်အေးအေးဆင့်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်မျိုးဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးစိုးဝမ်းလွင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်စိုးနှင့် စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံဦးအောင်နိုင်ဦးတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ဦးဆောင် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲတက်ရောက်လာသည့် ကျေးရွာပြည်သူများက သိရှိလိုသည်များမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မဆင့် (ပြန်/ဆက်)**

# မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေး၊ စီးပွားရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် သြဂုတ် ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန ဒုတိယဝန်ကြီးဟောင်း ဂျပန်နိုင်ငံ အောက်လွှတ်တော်ကိုယ်စားလှယ် Mr. Shinji INOUE အား ယမန်နေ့က ပြည်ထောင်စုဝန်ကြီး ရုံးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



ဆွေးနွေးစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ မျိုးဆက်သစ်လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖော်ဆောင်ပေးနိုင်မည့် သက်မွေးပညာများ သင်ကြားနိုင်ရေးအတွက် OISCA သင်တန်းကျောင်းလုပ်ငန်းများ အားပေးကူညီရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာ့လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# တန်ဘောင်ယန်ကျေးရွာအတွင်း တည်ဆောက်လျက်ရှိသည့် စိမ့်စမ်းရေသွယ်လုပ်ငန်း ၈၅ ရာခိုင်နှုန်းပြီးစီး

**အင်ဂျန်းယန် သြဂုတ် ၂၉**

ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ တန်ဘောင်ယန်ကျေးရွာအတွင်း ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း ယာယီမြို့နယ်ဦးစီးမှူး ဦးသိုက်ထွန်းက ပြောသည်။

"ကျေးရွာမှာ အိမ်ထောင်စု ၃၂ စု လူဦးရေ ၁၅၀ ကျော်ရှိပါတယ်။ ဒေသခံပြည်သူတွေကတော့ ချောင်း၊ မြောင်း၊အင်း၊အိုင်တွေက ရေကိုပဲ ဒီအတိုင်းခပ်သောက်နေတော့ မမြင်ရတဲ့ရောဂါပိုးမွှားတွေ သောက်သုံးမိပြီး ရောဂါတွေဖြစ်ပွားမှာ စိုးရိမ်ရပါတယ်။ အခုဆောင်ရွက်တဲ့ တန်ဘောင်ယန်ကျေးရွာ စိမ့်စမ်းရေ သွယ်တန်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၈ခုနှစ် ပထမခြောက်လပတ် ခွင့်ပြုရန်ပုံငွေနဲ့ ၂၀၁၈ ခုနှစ် မေလက စတင်အကောင်အထည်ဖော် ဆောင်ရွက်တာပါ"ဟု ၎င်းက ပြောသည်။

ယမန်နေ့က စိမ့်စမ်းရေသွယ်လုပ်ငန်းကို သတ်မှတ်ထားသည့် စံချိန်စံညွှန်း ပြည့်မီခြင်း ရှိ/မရှိနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများက ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး အဆိုပါ လုပ်ငန်းတွင် ဂါလန် ၅၀၀၀ ဆံ့ အမိုးပါရှိသည့် အုတ်ရေကန်တစ်ကန်၊ အရှည် ၂၈ ပေ၊အကျယ် ၃ ပေနှင့် အမြင့် ၅ ပေရှိ ရေတားတမံတစ်ခုတို့ပါဝင်ကာ အရှည် ၆ ဖာလုံရှိ ရေပိုက်လိုင်းများလည်း သွယ်တန်းထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ကမ်းလွန်လုပ်ကွက်အမှတ် M-12/M-13/M -14 တို့တွင် Geohazard Site Survey လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် သြဂုတ် ၂၉**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-12/M-13/M-14 တို့တွင် Geohazard Site Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် R/V PTSC RESEARCHER ဖြင့် Yetagun SE A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၇ မိနစ် ၃၁ ဒသမ ၄၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၄ မိနစ် ၄၅ ဒသမ ၃၀၇ စက္ကန့်မှ Yetagun SE A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၉ မိနစ် ၀၉ ဒသမ ၀၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၄ မိနစ် ၄၄ ဒသမ ၄၉၃ စက္ကန့်ထိ Yetagun SE FB2 မြောက် လတ္တီတွဒ် ၁၂ ဒီဂရီ ၅၈ မိနစ် ၃၅ ဒသမ ၉၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၄ မိနစ် ၁၀ ဒသမ ၇၉၅ စက္ကန့်မှ Yetagun SE FB2 မြောက် လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ် ၁၃ ဒသမ ၅၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၄ မိနစ် ၀၉ ဒသမ ၉၇၅ စက္ကန့်အထိ၊ Yetagun မြောက်လတ္တီ တွဒ် ၁၂ ဒီဂရီ ၅၀ မိနစ် ၀၅ ဒသမ ၇၅၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၀၆ ဒသမ ၀၃၀ စက္ကန့် မှ Yetagun မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ် ၄၃ ဒသမ ၃၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၀၅ ဒသမ ၂၀၆ စက္ကန့်တွင် ၁-၉-၂၀၁၈ မှ ၃၀-၉-၂၀၁၈ ထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၁-၉-၂၀၁၈ ရက်မှ ၃၀-၉-၂၀၁၈ ရက်အထိ လုပ်ငန်း ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ငါးမိုင်ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

ထင်သာမြင်သာပြုပြင်စရာ


# ကော့မှူးမြို့အဝင် LED မီးလုံးရှေ့က ကြော်ငြာဆိုင်းဘုတ်ကြီးအား ဖယ်ရှားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်း မြို့အဝင်နှင့် မြို့တွင်းအဓိကလမ်းမကြီးများပေါ်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရေးနှင့် သာယာလှပစေရေးအတွက် LED မီးလုံးများ ထွန်းပေးထားသည်ကို တွေ့ရသည်။



အဆိုပါ မီးလုံးများထွန်းထားသော်လည်း မြို့သစ်ရပ်ကွက် တံတားအနီးရှိ ကြော်ငြာဆိုင်းဘုတ်ကြီးနှင့် မြို့လယ်ရှိ ကြော်ငြာဆိုင်းဘုတ်ကြီးများက လမ်းမီးလုံးအား ကွယ်နေသည်ကို သြဂုတ် ၂၇ ရက်က တွေ့ရသည်။ လမ်းမီးမှောင်နေသောကြောင့် ဒုစရိုက်သမားများ မှောင်ရိပ်ခို၍ အချိန်မရွေး ဒုစရိုက်မှု ကျူးလွန်နိုင်သောကြောင့် အဆိုပါလမ်းအား မီးလင်းစေရေးအတွက် တာဝန်ရှိသူများက ကြော်ငြာဆိုင်းဘုတ်ကို သင့်လျော်သည့်နေရာသို့ အမြန်ဆုံး ဖယ်ရှားပေးစေလိုကြောင်း ရပ်ကွက်နေပြည်သူများက ပြောသည်။

**ကိုကိုကျော် (ကော့မှူး)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချို့ချို့နှင့် အဖွဲ့ဝင်များ မယ်တော်မာယာကျောင်းတော်အတွင်း လှည့်လည်ကြည့်ရှုစဉ်။
သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချို့ချို့တို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချို့ချို့နှင့် အဖွဲ့ဝင်များ လုမ္ဗိနီဥယျာဉ်တော်အတွင်း၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❋ *ရှေ့ဖုံးမှ*

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် မယ်တော်မာယာကျောင်းတော်သို့ ရောက်ရှိပြီး ကျောင်းတော်အတွင်း လှည့်လည်ကြည့်ရှု ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မယ်တော်မာယာကျောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ပြီး မြန်မာရွှေကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြုသည့် ဆရာတော်သံဃာတော်များ ရွတ်ပွားတော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မယ်တော်မာယာကျောင်းယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် မြို့ပြလေကြောင်း ဝန်ကြီး Mr.Rabindra Adhikari က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် လုမ္ဗိနီဥယျာဉ်တော် ထိန်းသိမ်းရေးဌာန တာဝန်ခံအရာရှိက လုမ္ဗိနီဥယျာဉ်တော် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မယ်တော်မာယာကျောင်းတော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ပဏ္ဍိတာရာမအပြည်ပြည်ဆိုင်ရာ သာသနာ့ရိပ်သာသို့ ရောက်ရှိပြီး ကျောင်းတိုက်ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝိဝေကာနန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာရွှေကျောင်းတော်သို့ ရောက်ရှိပြီး လောကမဏိစူဠာစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးနှင့် အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်ပြီး သာသနာ့ဗိမာန်တော်၌ ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကောဝိဒ အမှူးပြုသည့် ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် ခေတ္တနားနေမည့် Lumbini Hotel Kasai သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချို့ချို့နှင့်အဖွဲ့သည် နီပေါဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ တပ်မတော်ရဟတ်ယာဉ်ဖြင့် လုမ္ဗိနီဥယျာဉ်မှ ဂေါတမဗုဒ္ဓလေဆိပ်သို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် အထူးလေယာဉ်ဖြင့် ထရီဗူဗန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဆက်လက်၍ မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုသည့် Soaltee Crown Palaza Hotel သို့ ပြန်လည်ရောက်ရှိကြသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မယ်တော်မာယာကျောင်းတော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးစဉ်။
သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တက္ကသိုလ် (ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ဦးစားပေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဦးစားပေးကဏ္ဍများ ရှင်းလင်း**

ယင်းနောက် ရန်ကုန်တက္ကသိုလ် ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး အတွက် Software ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်က Master Plan ဖြစ်ပေါ်လာပုံအကျဉ်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရန် ကော်မတီအသီးသီး ဖွဲ့စည်းထားမှု၊ ပြည်တွင်း ပြည်ပပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုအခြေအနေများ၊ ဟန်ဂေရီနိုင်ငံ Central European University မှ ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုကဏ္ဍ၊ Master Plan ၂၀၁၈-၂၀၃၀ တွင် အဓိက ပါဝင်သောကဏ္ဍ၊ ၂၀၂၀ တွင် ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့် ပွဲတော်နှင့် ပွဲတော်အမီဆောင်ရွက်ရမည့် ဦးစားပေးကဏ္ဍများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ရန်ကုန်တက္ကသိုလ် ၂၀၁၈ ပညာသင်နှစ် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး အတွက် Hardware ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဦးညီလှငယ်က (၂၀၂၀-၂၀၃၀) ရန်ကုန်တက္ကသိုလ်၏ မျှော်မှန်းကျောင်းသားနှင့် ဆရာ၊ ဝန်ထမ်းအင်အား၊ ရန်ကုန်တက္ကသိုလ် Master Plan (Draft) ကို အကောင်အထည်ဖော်မည့် အဆင့်များ၊ ကော်မတီ၏ Hardware Master Plan အပေါ် သုံးသပ်တင်ပြချက်များစသည်ဖြင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဤဘာသာရပ်ကို အလေးထား**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ရန်ကုန်တက္ကသိုလ်တွင် LAW နှင့် Water studies ကို အလေးထားစေလိုကြောင်း၊ သုတေသနယဉ်ကျေးမှုကို တက္ကသိုလ်အဆင့်ရောက်မှ မဟုတ်ဘဲ ကျောင်းအဆင့်မှစ၍ ပြုလုပ်စေလိုကြောင်း၊ Team Research ပြုလုပ်ရန် ကျောင်းသား ကျောင်းသူများက ပို၍စိတ်ဝင်စားကြောင်း၊ Water studies နှင့် ပတ်သက်၍ ဘာသာရပ်များ အဓိက ပေါင်းစပ်လုပ်ကိုင်စေလိုခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ချောင်း၊ မြစ်၊ ကန် ပင်လယ်ကမ်းခြေများပေါ်များ၍ ယနေ့ခေတ်လိုအပ်နေသော ရာသီဥတု အပြောင်းအလဲနှင့်အတူ ဤဘာသာရပ်ကို အလေးထားခြင်းဖြစ်ကြောင်း။

သုတေသနနယ်ပယ်တွင် အထူးနယ်ပယ်ကို Water studies အဖြစ် ရယူထားပါက နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများသည် မြန်မာနိုင်ငံသို့ လာရောက်သုတေသနပြုနိုင်မည်ဖြစ်ကြောင်း၊ ဆရာများ၏ Capacity Building အတွက် ဦးစားပေးစဉ်းစားရန်လိုအပ်ကြောင်း၊ ဘာသာရပ်ကျွမ်းကျင်ရန်၊ သင်ပုံသင်နည်းကျွမ်းကျင်ရန်၊ အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်ရန်လည်း လိုအပ်ပါကြောင်း၊ ပညာရေး လောကအတွက်သာမက စီးပွားရေး၊ နိုင်ငံရေးအတွက်ပါ အရေးကြီးပါကြောင်း။

**တက္ကသိုလ်ပညာရေးကို အားပေး**

အခြားတက္ကသိုလ်များနှင့် ချိတ်ဆက်ရာတွင် ပညာရေးသက်သက်သာမက လူမှုရေးအနေဖြင့် ချိတ်ဆက်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် ချိတ်ဆက်ပေးနိုင်မှုကို ဖြစ်စေလိုပါကြောင်း၊ အချို့ကျောင်းသားများသည် Centre of Excellence ကို ကန့်ကွက်သည်ဆိုသည်မှာ မှားယွင်းနေပါကြောင်း၊ အားလုံးတန်းတူဟူသည်မှာ မည်သို့မျှ မဖြစ်နိုင်သည်ကို နားလည်စေလိုကြောင်း၊ အဆင့်မြင့်ပညာရေးကဏ္ဍတွင် ယောကျ်ားလေးဦးရေ နည်းပါးနေပါကြောင်း၊ စီမံကိန်းများချမှတ်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ယောကျ်ားလေးများ ထူးချွန်ပြောင်မြောက်အောင်၊ အဆင့်မြင့်ပညာ သင်ယူချင်အောင် သင်ရိုးများကို ထည့်သွင်းရေးဆွဲရန် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်ပင်ပါကြောင်း၊ အစိုးရအနေဖြင့် တက္ကသိုလ်ပညာရေးကို အားပေးပါကြောင်း၊ ရန်ကုန်တက္ကသိုလ်ကြီးကိုလည်း တိုးတက်စေလိုပါကြောင်း၊ သို့သော် အသက်မွေးဝမ်းကျောင်းပညာရပ်များကိုလည်း မြင့်မားစေလိုကြောင်း၊ နှစ်ခုစလုံး အတူတူ တိုးတက်စေလိုပါကြောင်း၊ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကိုလည်း အင်တိုက်အားတိုက်ဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားစေလိုကြောင်း၊ မိမိတို့အနေဖြင့်လည်း တတ်နိုင်သမျှ ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ် ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေး ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံသို့ သွားရောက်စစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံ၏ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

**အားပေးစကား ပြောကြား**

ထိုသို့တွေ့ဆုံရာတွင် ဆေးရုံအုပ်ကြီး ဒေါက်တာသင်းယုဇော်က ဝန်ထမ်းအင်အား၊ လက်ရှိ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆေးရုံတွင်း လှည့်လည်ကြည့်ရှုကာ အမျိုးသမီးကိုယ်ဝန်ဆောင်မိခင်များ၊ မွေးကင်းစကလေးနှင့် မိခင်များကို အားပေးစကား ပြောကြားသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံတွင် ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြုများအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆေးရုံတာဝန်ရှိသူများအား မိခင်နို့တိုက်ကျွေးနေသည့် မွေးမိခင်များ၏ အစားအသောက်အခြေအနေကို ကြည့်ရှု၍ ကျန်းမာရေးအသိပညာပေးရန်၊ ဆေးရုံတွင် လာရောက်ပြသသည့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိမြှင့်တင်နိုင်ရန်အတွက် ကျန်းမာရေးပညာပေး ဗီဒီယိုဇာတ်လမ်းတိုများ ရိုက်ကူးပြသပေးသွားရန်၊ ကလေးငယ်များ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုသည် အရေးကြီး၍ မွေးကင်းစမှ နှစ်နှစ်အရွယ်ထိ ကလေးငယ်များကို သေချာစွာပြုစုစောင့်ရှောက်ရန်နှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

ဒေါ်ခင်ကြည် အမျိုးသမီးဆေးရုံသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ဆေးရုံဖြစ်ပြီး အတွင်းလူနာ ၄၀ အား လက်ခံကုသပေးလျက်ရှိသည်။ ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံတွင် ကိုယ်ဝန်ဆောင်မိခင်စောင့်ရှောက်ကုသမှု၊ ဆေးရုံဆင်းပြီး မွေးကင်းစနှင့် မိခင်များကို စောင့်ရှောက်မှု၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲခန်းနှေ့သတ်မှတ်၍ ခွဲစိတ်မွေးဖွားခြင်းနှင့် သားကြောဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှု၊ သားဆက်ခြားလိုသည့် မိခင်များအတွက် သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်လူနာများကို ရိုးရိုးမွေးဖွားပေးခြင်းနှင့် အရေးပေါ်ခွဲစိတ်မွေးဖွားခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးH.E. Mr. Khalid Hussain Memon အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် ပါကစ္စတန်-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Khalid Hussain Memon အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် လမ်း၊ တံတားလုပ်ငန်းများ၏ အကြံပေးဝန်ဆောင်မှု စာချုပ်ချုပ်ဆိုပွဲ တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၉**

ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်း (အဆင့်-၂) အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနနှင့် OCG Co.,Ltd. & JV အကြား လမ်း ၊ တံတားလုပ်ငန်းများ၏ အကြံပေးဝန်ဆောင်မှု စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဖွင့်အမှာစကား ပြောကြားရာတွင် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှု စီမံကိန်း(အဆင့်-၂) (MY-P17) ၏ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အကြံပေးဝန်ဆောင်မှုအဖွဲ့ ငှားရမ်းခြင်းအတွက် စာချုပ်ချုပ်ဆိုသည့် အခမ်းအနားဖြစ်ပြီး တရားဝင်ဖွံ့ဖြိုးမှုအကူအညီ ချေးငွေ ပမာဏမှာ ဂျပန်ယန်း ၁၀၇၁၈ သန်း ဖြစ်ပြီး စီမံကိန်းငယ် ရှစ်ခု ပါဝင်ပါကြောင်း။

ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်း (အဆင့်-၂) (MY-P17) ကို ၂၀၁၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အချိန်တွင် အကြံပေးဝန်ဆောင်မှုအဖွဲ့ ငှားရမ်းခြင်းအတွက် စာချုပ်ချုပ်ဆိုပြီးစီးခဲ့ပြီး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် Contractor များကို Consultant အဖွဲ့နှင့်အတူ ဆက်လက်ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ JICA ODA Loan Phase II တွင် စီမံကိန်းငယ် ရှစ်ခု ပါဝင်ပြီး တိုင်းဒေသကြီး လေးခု နှင့် ပြည်နယ် သုံးခုရှိ လမ်းခြောက်လမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။




လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းများလည်း ပါဝင်မည်ဖြစ်ပြီး တောင်ပေါ်လမ်းပိုင်းများတွင် ၃၄ ပေအကျယ် မြေသားတာပေါင်ချဲ့ခြင်းနှင့် မြေပြန့်လမ်းပိုင်းများတွင် မြေသားတာပေါင်ကို ပေ ၄၀ အကျယ်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မူလတည်ဆောက်ပြီးဖြစ်သည့် လမ်းဟောင်းများ၏ လမ်းအူကြောင်းကို အခြေခံပြီး အများအားဖြင့် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း။

ယခုအခါ ရွေ့ပြေးစီမံကိန်းနှစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်စီမံကိန်းများကို ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကာ စီမံကိန်း ရှစ်ခုလုံးကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းစီမံကိန်းများသည် အမှန်တကယ် အဆင့်မြှင့်တင်ရန်လိုအပ်သည့် လမ်းများဖြစ်ပြီး ဒေသခံပြည်သူလူထုအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အကြံပေးအဖွဲ့၏ ကိုယ်စားလှယ်တစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်နှင့် OCG Co.,Ltd မှ Mr. Suzuki တို့က JICA ODA Loan Phase II (MY-P17) အတွက် Consulting Service For Road and Bridge Sector စာချုပ်ကို လက်မှတ်ရေးထိုးကြပြီး **(အပေါ်ပုံ)** အပြန်အလှန်လဲလှယ်ကာ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ရိုက်ကူးကြပြီး အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ကရင်ပြည်နယ်ရှိ ရဲဘေးသင့်ပြည်သူများနှင့် ကျောင်းများအတွက် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဩဂုတ် ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာနက ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့် ရေဘေးသင့်ပညာရေးကျောင်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ်ဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းက ထောက်ပံ့ငွေများပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြခဲ့ပြီး ထောက်ပံ့ငွေများ ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၃၀၀၀၀၀၀၀ နှင့် ရေဘေးသင့် ပညာရေးကျောင်းများအတွက် ငွေကျပ် ၂၉၆၂၂၀၀၀ စုစုပေါင်းငွေကျပ် ၅၉၆၂၂၀၀၀ ကို ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်တံခါးမြို့နယ် ရေကြီးမှုဖြစ်စဉ်တွင် ကျန်းမာရေးစောင့်ရှောက်သူများအား စရိတ်ထောက်ပံ့

**ကျောက်တံခါး ဩဂုတ် ၂၉-** ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်တွင် ၂၀၁၈ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေလွှမ်းမှုဖြစ်စဉ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန သဘာဝဘေးနှင့်ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်၊ လက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာစုစုလှိုင်၊ လက်ထောက်ဆရာဝန် ဒေါက်တာအောင်သူရတို့က ဝန်ထမ်း ၁၄၀ အတွက် တစ်ဦးလျှင် ငွေကျပ်လေးသောင်းနှုန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ




**နေပြည်တော် ဩဂုတ် ၂၉**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ(**ယာပုံ**) ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ နှစ်ခု ဖတ်ကြားခြင်း၊ အဆို တစ်ခု ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိုင်ငံတကာ ဆက်ဆံရေးကော်မတီတွင် မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာ ဦးစိုးမိုးသူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီတွင် ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း (ခ) ဦးအာလူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင် မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင်တို့ကို အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုချင်းစီအတွက် ခရိုင်များ၏ လူဦးရေစုစုပေါင်းအပေါ် အခြေခံ၍ ခရိုင်တစ်ခုချင်းစီ၏ လူဦးရေကို မဲဆန္ဒနယ် ၁၂ နယ်ဖြင့် သချာနည်းအတိုင်း အချိုးချ၍ တွက်ချက်သတ်မှတ်ခြင်းဖြစ်

ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ၏ **ဟသ်ာတခရိုင်တွင် လာမည့် ၂၀၂၀ ရွေးကောက်ပွဲကျင်းပသည့်အခါ ပြီးခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲကဲ့သို့ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်(၃)နေရာ ပြန်လည်ကျင်းပပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းဌေးက အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မှ ပိုင်းခြားသတ်မှတ်ခြင်းသည် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄ နှင့်အညီ ပိုင်းခြားသတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကို တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုလျှင် မဲဆန္ဒနယ် ၁၂ နယ်စီသာ ပိုင်းခြားသတ်မှတ်ရပါကြောင်း၊ အထွေထွေရွေးကောက်ပွဲများ မကျင်းပမီ မဲဆန္ဒနယ်များပိုင်းခြားသတ်မှတ်နိုင်ရန်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်များကို အခြေခံသော တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လူဦးရေစာရင်းများကို ရယူပါကြောင်း၊ ရရှိလာသော လူဦးရေစာရင်းများအရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄ (ဂ) နှင့် အညီ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုချင်းစီအတွက် ခရိုင်များ၏ လူဦးရေစုစုပေါင်းအပေါ် အခြေခံ၍ ခရိုင်တစ်ခုချင်းစီ၏ လူဦးရေကို မဲဆန္ဒနယ် ၁၂ နယ်ဖြင့် သချာနည်းအတိုင်း အချိုးချ၍ တွက်ချက်သတ်မှတ်ခြင်းဖြစ်ပါကြောင်း။

အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်းသည် မဲဆန္ဒနယ်သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄ နှင့်အညီ သတ်မှတ်ခြင်းသာဖြစ်ပါကြောင်း၊ ကော်မရှင်က သတ်မှတ်သော လွှတ်တော်မဲဆန္ဒနယ်များသည် လွှတ်တော်သက်တမ်းတစ်ခုအတွက်သာ အတည်ဖြစ်ပြီး လွှတ်တော်သက်တမ်းမကုန်ဆုံးမီ နောက်သက်တမ်းတစ်ခုအတွက် မဲဆန္ဒနယ်များကို ကော်မရှင်က အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်၍ သတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း၊ ဟသ်ာတခရိုင်တွင် ပြီးခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲကဲ့သို့ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၃ နေရာ ပြန်လည်ကျင်းပပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲကာလတွင် တည်ရှိနေမည့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များ၏ လူဦးရေအပေါ် မူတည်၍ ဥပဒေနှင့်အညီ ပိုင်းခြားသတ်မှတ်သွားမည်ဖြစ်သောကြောင့် မဲဆန္ဒနယ် ပိုင်းခြားသတ်မှတ်ချိန်ရောက်မှသာ ခရိုင်တစ်ခုစီအလိုက် ရရှိသော မဲဆန္ဒနယ်အရေအတွက်ကို သိရှိနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **အင်ဂျင်နီယာ COE (Centre of Excellent) တက္ကသိုလ်များမှ အင်ဂျင်နီယာဘွဲ့ရရှိသူများ၏ အလုပ်အကိုင်အခွင့်အလမ်းစီစဉ်ထားရှိမှုနှင့် အခြားနည်းပညာတက္ကသိုလ်များမှ ရရှိသောဘွဲ့သည် မည်သို့ကွာခြားမှုရှိသည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက Employability သည် တက္ကသိုလ်တိုင်းအတွက် အရည်အသွေးသတ်မှတ်မှုသည် အရေးပါသောအချက်ဖြစ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ဘွဲ့ရရှိပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းကို စစ်တမ်းကောက်ယူရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင်လျှင် ဘွဲ့ရရှိသွားကြပြီးနောက် ငါးနှစ်လျှင်တစ်ကြိမ် တက္ကသိုလ်အသီးသီးရှိ ကျောင်းသားဟောင်းများက လုပ်ငန်းရှင်များ၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြပါကြောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ အခြားနည်းပညာတက္ကသိုလ်များနှင့် အလုပ်အကိုင်ရရှိမှု ကွာခြားချက် ရှိ၊ မရှိ လေ့လာဆန်းစစ်နိုင်ရန် အချိန်လိုအပ်ပါကြောင်း။

အစိုးရအနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ အစိုးရဌာနအသီးသီးအတွက် ပြည်ထောင်စုရာထူးဝန်မှ ခေါ်ယူသော ရာထူးနေရာများအတွက် ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ် စသဖြင့် တက္ကသိုလ်အလိုက် သတ်မှတ်ခွဲခြားခြင်းမရှိဘဲ ရရှိသည့်ဘွဲ့ကိုသာ အသိမှတ်ပြု၍ အလုပ်အကိုင်ခေါ်ယူခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ကိုယ်ပိုင်ဘာသာရပ်သင်ဆရာများအတွက် ကိုယ်ပိုင်ကျောင်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနမှ ရက်တိုသင်တန်းများကို ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကိုယ်ပိုင်ကျောင်းများတွင် သင်ကြားနေသော ဆရာ၊ ဆရာမများသည် ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့ သို့မဟုတ် ပညာရေးဘွဲ့ ရရှိသူ၊ ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဆရာအတတ်ပညာဆိုင်ရာ ဒီပလိုမာ သို့မဟုတ် လက်မှတ်ရရှိသူ သို့မဟုတ် ပညာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော ဆရာအတတ်ပညာ ရက်တိုသင်တန်းဆင်းလက်မှတ်ရရှိသူ၊ ပညာရေးဘွဲ့၊ ဆရာအတတ်ပညာဆိုင်ရာ ဒီပလိုမာလက်မှတ် သို့မဟုတ် ပညာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သော ဆရာအတတ်ပညာရက်တိုသင်တန်းဆင်းလက်မှတ် မရရှိစေကာမူ ပြည်တွင်း သို့မဟုတ် ပြည်ပ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် အခြေခံပညာကျောင်းများတွင် ဆရာအဖြစ်လည်းကောင်း၊ နိုင်ငံတော်မှ ခွင့်ပြုထားသည့် ဘာသာပြဆရာအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ဘာသာရပ်ဆိုင်ရာ သင်ကြားမှုအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိသူဖြစ်ပါက ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လျှောက်ထားခွင့်ရှိပြီး ကိုယ်ပိုင်ကျောင်းဆရာ မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးလျက်ရှိပါကြောင်း။

## ပညာရေးဘွဲ့နှင့် ဆရာအတတ်ဒီပလိုမာ မရရှိသေးသော ဆရာ၊ ဆရာမများအား ဆရာအတတ်ပညာ ရက်တိုသင်တန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်

ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် ဧပြီ ၃၀ ရက်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားသည့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် နည်းဥပဒေပါ အခန်း(၅)၊ နည်းဥပဒေပုဒ်မ (၁၄)၊ နည်းဥပဒေခွဲ(ဃ) တွင် ကိုယ်ပိုင်ကျောင်းဆရာအဖြစ် လုပ်ကိုင်လိုသူများအနက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုမရှိသဖြင့် ဆရာအတတ်ပညာ ရက်တိုသင်တန်း တက်ရောက်လိုကြောင်း တင်ပြလာပါက ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြရမည်ဟူ၍ ပါရှိပါကြောင်း၊ နည်းဥပဒေခွဲ(င) တွင် နည်းဥပဒေခွဲ(ဃ)အရ သင်တန်းတက်ရောက်လိုသူများကို စိစစ်၍ ပညာရေးဝန်ကြီးဌာနက ဆရာအတတ်ပညာ ရက်တိုသင်တန်းဖွင့်လှစ်ရန် သတ်မှတ်သည့် ပညာရေးတက္ကသိုလ် သို့မဟုတ် ပညာရေးကောလိပ်သို့ အချိန်မီစေလွှတ်ပေးရမည်ဟု ပြဋ္ဌာန်းပါရှိပါကြောင်း၊ ပညာရေးဘွဲ့နှင့် ဆရာအတတ်ဒီပလိုမာ မရရှိသေးသော ဆရာ၊ ဆရာမများအား ဆရာအတတ်ပညာ ရက်တိုသင်တန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်း၊ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်နှင့် ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေးနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဦးခင်မောင်သန်းက ဖတ်ကြားတင်ပြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးပြီး ဥပဒေကြမ်းကော်မတီဝင် ဦးဌေးငွေက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း** နှင့် **အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်း**တို့ကို လက်ခံရရှိကြောင်း တင်ပြပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုး တင်သွင်းသည့် **မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်စေရန်အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနရပ်ဝန်းကောင်းများ ဖော်ဆောင်ပေးပါရန်နှင့် သုတေသနဆောင်ရွက်သူ ပညာရှင်များအား သုတေသနရန်ပုံငွေ လုံလောက်စွာ ထောက်ပံ့ချီးမြှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်က အခြေခံပညာရေးကဏ္ဍတွင် ဘာသာရပ်များကို မိမိဘာသာစကားမဟုတ်သည့် အင်္ဂလိပ်လို သင်ကြားခြင်းသည် ဘာသာရပ်ပိုင်းဆိုင်ရာ၊ သီအိုရီပိုင်းဆိုင်ရာ နားလည်ရန် အခက်အခဲရှိသည့် ကလေးများသည် ဘာသာစကားပိုင်းဆိုင်ရာနားလည်မှု အခက်အခဲထပ်မံဖြစ်စေသကဲ့သို့ အလွတ်ကျက်မှတ်သည့် ပညာရေးစနစ်ဖြစ်လာပါကြောင်း၊ ကျူရှင်စနစ်ကို မဖြစ်မနေအားကိုးကြရပါကြောင်း၊ ယင်းစနစ်ကြောင့် အနာဂတ်လူငယ်များသည် အားကစားလုပ်ချိန်မရသည့်အပြင် ပြင်ပဗဟုသုတစာဖတ်ချိန်ပါ မရပါကြောင်း၊ ဝါသနာပါရာ အနုပညာလေ့လာလိုက်စားချိန်မရဘဲ ပြင်ပလောကကြီးထဲသို့ တိုးဝင်မှုနည်းပါးသည့် လူငယ်များဖြစ်စေပါကြောင်း၊ အနာဂတ်အတွက် ရင်လေးဖွယ်ရာဖြစ်ပါကြောင်း။

ထို့ကြောင့် အခြားဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများကဲ့သို့ ဘာသာရပ်များကို မိခင်မြန်မာဘာသာစကားနှင့်သင်ကြားပြီး အင်္ဂလိပ်ဘာသာအားပေးမြှင့်တင်မှုကို သီးခြားဆောင်ရွက်သင့်ကြောင်းကို အကြံပြုလိုပါကြောင်း၊ ထို့ကြောင့် အဆိုရှင် တင်ပြသကဲ့သို့ မြန်မာနိုင်ငံတွင် သုတေသနရပ်ဝန်းကောင်းတစ်ခု ဖော်ဆောင်ပြီး သုတေသနလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံ၏ပညာရေးကဏ္ဍ တိုးတက်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းက သုတေသနဆိုသည်မှာ မသိသေးသည့် အကြောင်းအရာအချက်အလက်များကို စူးစမ်းလေ့လာဆန်းစစ်ဖော်ထုတ်ခြင်းဖြစ်ပါကြောင်း၊ အစောပိုင်းကတည်းက ရှိနေပြီးသော အချက်အလက်များမှ သစ်လွင်သည့် အမြင်သစ်၊ ဗဟုသုတများစွာ ရရှိရန်အတွက် စနစ်ကျသည့် စုံစမ်းစစ်ဆေးခြင်း (သို့မဟုတ်) လှုပ်ရှားမှုများ ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သုတေသနသည် ရှိနေပြီး အချက်အလက်များကို ပြန်လည်ဆန်းသစ်စေပြီး၊ ယခင်အမှားများကို ဖယ်ရှားပြီး အမြင်သစ်များဖြင့် အစားထိုးရန် ဦးတည်စေပါကြောင်း။

## လျာထားငွေများကို တက္ကသိုလ်၊ ဒီဂရီကောလိပ် ၁၃၆ ခု အတွက် ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ထိရောက်စွာသုံးစွဲနိုင်ရန် အကြံပြုလို

သုတေသန ပြုလုပ်ရန်အတွက် ပညာရေးဝန်ကြီးဌာနအောက်တွင် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနဟူ၍ နှစ်ခုရှိပါကြောင်း၊ ယင်းဦးစီးဌာနများ၏ ယခင်ဘဏ္ဍာနှစ်များအတွက် သုတေသနလုပ်ငန်းဆိုင်ရာ အသုံးစရိတ်များကို နှိုင်းယှဉ်ရာတွင် လိုငွေများပြနေကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် နိုင်ငံတကာ အဖွဲ့အစည်းများမှ ထောက်ပံ့မှုရရှိရာတွင်လည်း အမေရိကန်ဒေါ်လာ ၄၀၄ ဒသမ ၁၅ သန်းဖြင့် အများဆုံး ရရှိခဲ့သော်လည်း ထင်ရှားသော အကျိုးပြုသုတေသနလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်နေပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ်အတွက် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအတွက် ကျပ် ၁၆ ဒသမ ၅ ဘီလီယံ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် ကျပ် ၅ ဒသမ ၂ ဘီလီယံ သုံးစွဲရန်လျာထားကြောင်းကိုလည်း တွေ့ရပါကြောင်း၊ လျာထားငွေများကို တက္ကသိုလ်၊ ဒီဂရီကောလိပ် ၁၃၆ ခုအတွက် ဘာသာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ထိရောက်စွာသုံးစွဲနိုင်ရန် အကြံပြုလိုပါကြောင်း။

သုတေသနပြုလုပ်ရာတွင် စိန်ခေါ်မှုများဖြစ်သည့် ဘွဲ့ယူရန်(သို့မဟုတ်) ရာထူးတိုးရန်အတွက် တစ်သက်တွင် တစ်ကြိမ်သာ ဆောင်ရွက်နေကြခြင်း၊ အနည်းစုသာ သုတေသနကို တစိုက်မတ်မတ်ပြုလုပ်နေခြင်း၊ *စာမျက်နှာ ၈ ကော်လံ ၁ သို့*

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော်  ဩဂုတ်  ၂၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာနှစ်ခု ဖတ်ကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။

## ဦးပိုင်ပေါက်လယ်ယာမြေများအတွက် လျော်ကြေးငွေများ ပေးအပ်ခဲ့ပြီးဖြစ်

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် လမ်းမတော်ကျေးရွာအုပ်စု ကွင်းအမှတ် (၇၈၄ - က) ပုံတောင်ကွင်းနှင့် (၇၈၇) ပုံတောင်မြောက်ကွင်းရှိ လယ်ယာမြေများအား အမှတ်(၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ တပ်ပိုင်မြေအဖြစ် သိမ်းဆည်းထားမှုနှင့် လမ်းမတော်၊ ညောင်ပင်လှ၊ ပိန္နဲချောင်းကျေးရွာ၊ ကွင်းအမှတ် (၇၈၆ - က)၊ (၇၈၆ - ခ)၊ (၇၈၇) ကျောက်တော်တောင်ကွင်းနှင့် ပုံတောင်တောင်ကွင်းမှ ခမရ (၃၇၅) တပ်မြေအဖြစ် သိမ်းယူခဲ့သည့် လယ်ယာမြေများနှင့် ဥယျာဉ်ခြံမြေများထဲမှ ပိုလျှံမြေ၊ စစ်တပ်နှင့် တစ်ဆက်တစ်စပ်တည်းမရှိသော မြေများကို ပြန်လည်စွန့်လွှတ်ပေးရန်နှင့် မစွန့်လွှတ်နိုင်သည့် မြေယာများကို လျော်ကြေးငွေ ပေးနိုင်ခြင်း ရှိ/မရှိ** သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် မြင့်နွယ်က အမှတ်(၉) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်၏ တပ်မြေနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ မြေပေးမိန့်များ ရရှိပြီးဖြစ်ခြင်း၊ ဦးပိုင်ပေါက်လယ်ယာမြေများအတွက် လျော်ကြေးငွေများ ပေးအပ်ခဲ့ပြီးဖြစ်ခြင်း၊ အနာဂတ်တွင် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ရန်ရှိခြင်း၊ လုံခြုံရေးအရ အရေးကြီးမြေနေရာများဖြစ်ခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် သိမ်းဆည်းမြေများအတွက် လျော်ကြေးငွေများ ပေးလျော်ပြီး ဖြစ်ပါသဖြင့် လျော်ကြေးငွေ ပေးလျော်နိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် လုံလဲရ်ကျေးရွာတွင် သောက်သုံးရေသန့် ရရှိရေးအတွက် ၂၀၁၈-၂၀၁၉ သို့မဟုတ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က ထန်တလန်မြို့နယ် လုံလဲရ်ကျေးရွာ သောက်သုံးရေလုံလောက်စွာ ရရှိနိုင်ရေး အတွက် ကျေးရွာနှင့် (၄/၄)မိုင်ခန့်ကွာဝေးသောနေရာရှိ စိမ့်စမ်းရေမှ ရေသွယ်ယူရမည်ဖြစ်ပြီး စိမ့်စမ်းရေထွက်များ ဖြစ်နိုင်ခြေ ရှိ/မရှိ** (Feasibility Survey) ပြုလုပ်သင့်သည့်ကာလမှာ ၂၀၁၉ ခုနှစ် (မတ်၊ ဧပြီ၊ မေ)လများတွင် ကွင်းဆင်းတိုင်းတာပြီး စိမ့်စမ်းရေထွက်များမှ ရေရယူနိုင်ရန် ဖြစ်နိုင်ခြေရှိပါက ချင်းပြည်နယ် အစိုးရ အဖွဲ့အနေဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ အပေါ်တွင် မူတည်၍ ဦးစားပေးအစီအစဉ်ဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရာတွင် ကလေးသူငယ် ဥပဒေ၊ နည်းဥပဒေများ၊ ရာဇဝတ်ကျင့်ထုံး ဥပဒေ၊ သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ၍ စစ်ဆေးစီရင်ကြရ

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၏ **မြန်မာနိုင်ငံ ကလေးသူငယ်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြစ်မှုကျူးလွန်ခံရသော ကလေးသူငယ်များနှင့် ကလေးသူငယ် သက်သေများအား အကာအကွယ်ပေးခြင်း အစီအမံများကို ပြန်လည်စိစစ်၍ လက်တွေ့အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဋ္ဌေးက ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရသည့် ကလေးသူငယ်တရားရုံးနှင့် မြို့နယ်တရားရုံးများသည် ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရာတွင် ကလေးသူငယ် ဥပဒေ၊ နည်းဥပဒေများ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ၍ စစ်ဆေးစီရင်ကြရပါကြောင်း၊ ကလေးသူငယ်မှုခင်းများစစ်ဆေးစီရင်ခြင်းနှင့်စပ်လျဉ်း၍ ကလေးသူငယ်ဥပဒေ အခန်း(၁၀)၊ နည်းဥပဒေ အခန်း(၁၃)ပါ ပြဋ္ဌာန်းချက်များနှင့်အညီလိုက်နာ၍ စစ်ဆေးစီရင်ကြပါကြောင်း၊ ကလေးသူငယ်မှုခင်းများကို သီးခြားရုံး၊ သီးခြားအခန်းတွင် စစ်ဆေးစီရင်ခြင်း၊ မိဘအုပ်ထိန်းသူများ၊ သက်ဆိုင်သည့် ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သက်ဆိုင်သူများကိုသာ ရှိစေခြင်းတို့ကြောင့် ပြစ်မှုကျူးလွန်သူ ကလေးသူငယ်၊ ပြစ်မှုကျူးလွန်ခံရသူ ကလေးသူငယ်များနှင့် ကလေးသူငယ်သက်သေများအတွက် တစ်ဦးချင်းလွတ်လပ်လုံခြုံမှုကို ကာကွယ်စောင့်ရှောက်မှု ပေးထားပါကြောင်းနှင့် ကလေးသူငယ်နှင့် သင့်တော်သည့်ပတ်ဝန်းကျင်တွင် စစ်ဆေးမေးမြန်းထွက်ဆိုစေခြင်း ဖြစ်ပါကြောင်း။

ကလေးသူငယ်မှုခင်းများကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ အမှုအမြန်ပြီးပြတ်အောင် စစ်ဆေးရမည်ဟု ကလေးသူငယ်ဥပဒေပုဒ်မ ၄၂(င)တွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ကလေးသူငယ်တရားသူကြီးများအား ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူးက လစဉ်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကလည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးသူငယ်မှုခင်းများကို စစ်ဆေးစီရင်ရသည့် ကလေးသူငယ်တရားရုံးနှင့် မြို့နယ်တရားရုံး အသီးသီးသည် လက်တွေ့အမှုစစ်ဆေးစီရင်ရာတွင် ကလေးသူငယ်များအတွက် ဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိစေရန် ဆောင်ရွက်လျက်ရှိသောကြောင့် ကလေးသူငယ်သက်သေများကို အကာအကွယ်ပေးခြင်းအစီအစဉ်ကို ပြန်လည်စိစစ်ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းနီနီအေး က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ** ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင် က **ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အဆိုပါ ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ၏ **မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန်လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ် (ခ) ဦးကိုလတ် က အဆိုရှင်တင်သွင်းသည့်အတိုင်း မြေယာဥပဒေများကို ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ ကော်သုံးကော်အဆင့်ဆင့်၏ အဂတိမကင်းသည့် လုပ်ရပ်များကိုလည်း ဖော်ထုတ်အရေးယူသင့်ပါကြောင်း၊ ထို့ပြင် တည်ဆဲမြေယာဥပဒေပါ ဒေသခံတောင်သူများ၏ အခွင့်အရေး၊ ရပိုင်ခွင့်များနှင့် လိုက်နာကျင့်သုံးနေမှုများကို ပြည်သူများ သိရှိစေရန် လုပ်ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ စွန့်လွှတ်မြေများကို မူလပိုင်ရှင်တောင်သူများထံ ရရှိအောင် မှန်မှန်ကန်ကန်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

## အကျင့်ပျက်သူများကို အရေးယူဆောင်ရွက်ရန်လည်း ပြည်ထောင်စုအစိုးရအနေဖြင့် စီမံသင့်ပါကြောင်း ဆွေးနွေး

မြန်မာနိုင်ငံတွင် တိုင်းရင်းသား ၁၃၅ မျိုးရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အားထားပြီး လုပ်ကိုင်နေကြပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံ၏ ယဉ်ကျေးမှုပေါင်းစုံ၊ ဓလေ့ထုံးစံမျိုးစုံရှိခြင်းကြောင့် မြေယာနှင့်ပတ်သက်ပါက အသုံးချပုံ ကွဲပြားနိုင်ပါကြောင်း၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် ကွဲပြားခြင်းကြောင့် အဓိက စိုက်ပျိုးသည့်သီးနှံများလည်း ကွဲပြားနိုင်ပါကြောင်း၊ မြေယာဥပဒေများကို ပြုပြင်ရေးဆွဲသည့်အခါတွင် နိုင်ငံ၏ အဓိကစားသုံးသည့် ရိက္ခာဖြစ်သော စပါးသီးနှံတစ်မျိုးတည်းကို အခြေပြုပြဋ္ဌာန်းခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ ဒေသစိုက်ပျိုးသီးနှံများကို အခြေပြုရေးဆွဲသည့် ဥပဒေဖြစ်ရန်လည်း လိုအပ်ပါကြောင်း၊ မြေယာဥပဒေကို ပြင်ဆင်ရေးဆွဲရန် ပြည်သူ့ကိုယ်စားလှယ်များက ကြိုးစားအားထုတ်နေသကဲ့သို့ တစ်ချိန်တည်းတွင် အကျင့်ပျက်သူများကို အရေးယူဆောင်ရွက်ရန်လည်း ပြည်ထောင်စုအစိုးရအနေဖြင့် စီမံသင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဇော က လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်နှင့် ပတ်သက်၍ ယခုထက်ပိုမိုထိရောက် ကောင်းမွန်သည့် နည်းလမ်းများနှင့် စနစ်တကျ အသေးစိတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်အား စနစ်တကျ ပွင့်လင်းမြင်သာစွာ ကိုင်တွယ်ထိန်းချုပ်နိုင်မှုမရှိပါက စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာပြီး မြို့ပြနှင့် ကျေးရွာများ စနစ်တကျဖွံ့ဖြိုးမှုမရှိဘဲ ကားလမ်းဘေးတစ်လျှောက် ရွာတန်းရှည်ကြီးများသာ ဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ လိုအပ်ချက်အရ လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုခွင့်ရရှိသူများကိုလည်း ထိုက်သင့်သည့်အခွန်အခများကို နှစ်ရှည်အရစ်ကျစနစ်ဖြင့်ဖြစ်စေ၊ ခေတ်စနစ်နှင့်အညီ ကောက်ခံရန် လိုအပ်ပါကြောင်း၊ လုပ်ကိုင်ခွင့်ရရှိသူများက အခြားမြေအဖြစ် ပြောင်းလဲခဲ့သည့်မြေကို လွှဲပြောင်းရောင်းချမည်ဆိုပါကလည်း ကာလပေါက်ဈေးနှင့်အညီ ထိုက်သင့်သည့် အခွန်ငွေကို ပေးဆောင်စေပြီးမှသာ လွှဲပြောင်းရောင်းချခွင့်ပြုသင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုရှင် ဦးမျိုးဝင်း၏ ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုအား ထောက်ခံဆွေးနွေးအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားသော်လည်း ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် ညွှန်ကြားချက်များကို လိုက်နာမှုမရှိဘဲ ကျူးလွန်ဆောင်ရွက်သည့် ဖြစ်စဉ်များ ပေါ်ပေါက်မှုသည် အဆိုပါ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ကိုင်တွယ်ကျင့်သုံးသည့် အချို့သောဌာန၊ အဖွဲ့အစည်းပိုင်းက အားနည်းချက်ရှိမှုများနှင့် ကိုယ်ကျိုးရှာမှုကို အကြောင်းပြု၍ ယခုကဲ့သို့ ကျူးလွန်ဆောင်ရွက်သည့် ကိစ္စရပ်များပေါ်ပေါက်လာရခြင်း ဖြစ်ပါကြောင်း၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်နှင့်အညီ စိစစ်ကြပ်မတ်ဆောင်ရွက်မှုတွင် မိမိတို့ဝန်ကြီးဌာနသာမကဘဲ မြေအမျိုးအစားအလိုက် စီမံခန့်ခွဲဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့များ၊ ဆက်နွှယ်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ချက်ရှိနေပါကြောင်း။

သင့်တော်သည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ဦးဆောင်မှုနှင့် စီမံကြပ်မတ်ဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင်မည့် အခြေအနေလည်း ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးတွင် တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆွေးနွေးရရှိသည့်အပေါ် အခြေခံ၍ ဆောင်ရွက်သွားနိုင်မည့် စနစ်နှင့် အကောင်အထည်ဖော်သွားနိုင်မည့် လုပ်ငန်းယန္တရားတစ်ခုကိုလည်း ဖော်ထုတ်သွားနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ ဆောင်ရွက်သွားရန် ရှိပါကြောင်း။

အဆိုနှင့် စပ်လျဉ်း၍ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့ ဆောင်ရွက်ခြင်း မပြုစေရေး၊ မြို့ပေါ်နှင့် ကျေးရွာများတွင်ရှိသည့် မြေလွတ်များကို စည်းကမ်းမဲ့ အသုံးပြုမှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်အလိုက် ဖွဲ့စည်းထားသည့် စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ကော်သုံးကော်တို့၏ အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များ မဖြစ်ပေါ်စေရေး အတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ရပ်ကွက်/ကျေးရွာအုပ်စု အဆင့်အထိ အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားမည့် အစီအမံများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အလျောက် မလိုလားအပ်သည့် အားနည်းချက်များ၊ အဂတိတရားမလွတ်ကင်းသည့် လုပ်ဆောင်ချက်များကို ဖယ်ရှားနိုင်စေမည့် မိမိတို့၏ လုပ်ငန်းအစီအမံအပေါ်တွင် လွှတ်တော်ကိုယ်စားလှယ်၏ အဆိုသည် အားပေးထောက်ကူပေးရာရောက်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ယင်းအဆိုကို အတည်ပြုရန် စက်ခလုတ် အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၁၇၇ မဲ၊ ကန့်ကွက်မဲမရှိ၊ ကြားနေမဲနှစ်မဲဖြစ်ရာ ထောက်ခံမဲများသည့်အတွက် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဩဂုတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ ဆွာချောင်းရေလှောင်တမံ ပင်မရေပိုလျှံ ပျက်စီးပြိုကျမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။ (တပ်မတော်သတင်းစဉ်)



✪ *ကျောဖုံးမှ*

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် ဒုတိယသမ္မတနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့က ခရီးသွားပြည်သူများ တံတားအားဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် အမြန်ပြန်လည်ဖြတ်သန်း သွားလာနိုင်ရေးအတွက် ချဉ်းကပ်လမ်းနှင့် လမ်းလယ်ကျွန်းတွင် သဲအိတ်များခင်း ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဆွာချောင်းရေလှောင်တမံ၊ ပင်မရေပိုလျှံ နိမ့်ကျပျက်စီးမှုဖြစ်ပွားသည့်နေရာသို့ ရောက်ရှိကြပြီး ပင်မရေပိုလျှံပျက်စီးပြိုကျနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ဆွာချောင်းရေလှောင်တမံ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ဆွာချောင်းရေလှောင်တမံ၏ ရေသိုလှောင်မှုပမာဏနှင့် ပင်မရေပိုလျှံပျက်စီးခဲ့မှု အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတနှင့် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်တို့က လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ဒုတိယသမ္မတ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မန္တလေး လမ်းဟောင်းမိုင်တိုင်အမှတ် ၁၉၆ အနီး ကားလမ်းရေကျော်နေမှုအခြေအနေများနှင့် ဆွာမြို့ရှိ နယ်မြေခံတပ်အတွင်း ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေး ဆောင်ရွက်ရန်အတွက် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများအား ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်တို့နှင့်အတူ သွားရောက်ကြည့်ရှုအားပေးကြပြီး ရေတာရှည်နှင့်ဆွာအကြား မီးရထားလမ်းရေကျော်မှုဖြစ်ပွားသည့်နေရာတွင် မီးရထားစီးခရီးသည်များအား တပ်မတော်မှ မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးနိုင်ရေး စီစဉ်ပေးခဲ့သည်။

ဆက်လက်ပြီး ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမိုးထက်က ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာများ ရေဝင်ရောက်ခဲ့မှုအခြေအနေများနှင့် ရေနစ်မြုပ်မှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီးအစိုးရ၊ တပ်မတော်နှင့် လူမှုကူညီကယ်ဆယ်ရေး အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေး**

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယသမ္မတနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့က ရေများ ပြန်လည်ကျဆင်းမှုမြန်ဆန်စေရန်အတွက် ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေး ဆောင်ရွက်ရန်လိုအပ်မှု၊ ရေနစ်မြုပ်မှုဖြစ်ပွားသည့် ကျေးရွာများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေ ချောမွေ့စေရန်အတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် တပ်မတော်တို့မှ စက်တပ်ဖိုင်ဘာနှင့် ရော်ဘာလှေများ ကူညီဆောင်ရွက်ပေးရန် စီစဉ်နေမှု၊ ရေနစ်မြုပ်သည့်ကျေးရွာများအားလုံးသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များ သွားရောက်နိုင်ရေး၊ ကယ်ဆယ်ရေးစခန်းများတွင် ရေဘေးသင့်ပြည်သူများ နေထိုင် စားသောက်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ ကြိုတင်စီမံဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများအား ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးကြသည်။

ယင်းနောက် ရေတာရှည်မြို့အနီး ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်တွင် ရေကျော်မှု ဖြစ်ပွားနေသည့် အခြေအနေအား သွားရောက်ကြည့်ရှုကြပြီး တာဝန်ရှိသူများအား ပြည်သူများ အန္တရာယ်ကင်းစွာသွားလာနိုင်ရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**နိမ့်ကျမှုဖြစ်ပွား**

အဆိုပါ ဆွာချောင်းရေလှောင်တမံ ရေပိုလျှံသည် ယနေ့ နံနက် ၅ နာရီ ၄၅ မိနစ်ခန့်၌ အရှည် ပေ ၃၆၀ ခန့် ကျိုးပေါက်ခဲ့ရာ ရေတာရှည်မြို့နယ်အတွင်း ဆွာမြို့ အပါအဝင် ကျေးရွာအုပ်စုပေါင်း ၁၇ အုပ်စု၊ ကျေးရွာ ၈၅ ရွာ ရေဝင်ရောက်ခဲ့ပြီး အိမ်ထောင်စု ၁၄၃၅၇ စု လူဦးရေ ၆၃၄၂၂ ဦးရေဘေးသင့်ခဲ့သည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် ၁၆၁ မှ ၁၆၆ အကြား၊ ရေတာရှည်မြို့နယ်နှင့် သာဂရကျေးရွာအကြားရှိ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၁၆၉ နှင့် ၂၀၄ အကြား ကားလမ်းအထက် ရေအမြင့် တစ်ပေမှ လေးပေခန့်အထိ ရေကျော်မှုဖြစ်ပွားခဲ့ပြီး ရန်ကုန်-မန္တလေး အမြန်လမ်းရှိ ဆွာချောင်းတံတား၏ ရေလယ်တိုင် နှစ်တိုင် နိမ့်ကျမှုဖြစ်ပွားခဲ့သည်။

ရေဘေးသင့်ပြည်သူများအား ပဲခူးတိုင်းဒေသကြီးအစိုးရ၊ တပ်မတော်နှင့် လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်းပြီး ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးလျက်ရှိသည်။

**ရေပိုလျှံနိမ့်ကျပျက်စီးခဲ့**

ဆွာချောင်း ရေလှောင်တမံသည် ရေဆင်းရေိယာစုစုပေါင်း ၄၀၃ စတုရန်းမိုင်ရှိပြီး နှစ်စဉ် ၃၁၂၀၄၀ ဧကပေခန့် စီးဝင်ရေရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ၂၁၆၃၅၀ ဧကပေရှိသည်။ အဆိုပါရေလှောင်တမံ၏ ခံနိုင်ရည်မှာ ကန်ရေပြည့် အမြင့် ၃၃၇ ပေလက်ခံနိုင်ပြီး ယခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုများကြောင့် ကန်ရေအမြင့် ၃၃၈ ဒသမ ၆ ပေအထိ ရောက်ရှိခဲ့သဖြင့် ပင်မဆည်ရေပိုလျှံတံခါး၏ ခံနိုင်ဝန်ထက် ကျော်လွန်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ရေပိုလျှံနိမ့်ကျပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

အစိုးရနှင့် သက်ဆိုင်ရာ တက္ကသိုလ်ဌာနများ၊ Donors များ၏ ထောက်ပံ့မှုနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်း၊ စက်ကိရိယာပစ္စည်းနှင့် အထောက်အကူပစ္စည်း၊ စာအုပ်စာတမ်းမရှိခြင်း၊ နည်းပါးခြင်း၊ မလုံလောက်ခြင်း၊ Research များကို အသုံးမချနိုင်ခြင်း၊ အသုံးချရန်နေရာမရှိခြင်း၊ Guide Line ပေးမည့်သူမရှိခြင်း၊ နိုင်ငံတကာကို မထိုးဖောက်နိုင်ခြင်း၊ Papers များ အဆင့်အတန်းမမီခြင်း၊ အချိန်ပေးမဆောင်ရွက်နိုင်ခြင်း၊ Research ကို Sustainable နှင့် Maintainance မပြုလုပ်နိုင်ခြင်း စသော စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် လိုအပ်ပါကြောင်း၊ သုတေသနကောင်းများရှိပါမှ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်မည်ဖြစ်သည့်အတွက် အဆိုအား လေးနက်စွာအကြံပြုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အမရပူရ မဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့်၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာ ဆလိုင်းရီးယန်းဗဲလ်၊ ကျိုက်လတ် မဲဆန္ဒနယ်မှ ဦးရန်လင်း၊ တန့်ဆည် မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၊ လှိုင်ကော် မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူ၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်းနှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယင်းအဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ထောက်ခံပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနများ ပိုမိုလုပ်ဆောင်နိုင်ရန် အခြေအနေကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ သုတေသနပြုလုပ်ရန် လိုအပ်သည့် စက်ပစ္စည်းကိရိယာများ၊ နည်းပညာဆိုင်ရာ စာအုပ်စာတမ်းများ၊ သုတေသနဂျာနယ်များ၊ ဓာတ်ခွဲခန်းနှင့် စက်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များ၊ သုတေသနစင်တာများရှိ သုတေသီများ၊ ဆရာ၊ ဆရာမများကို အသုံးချသုတေသနလုပ်ဆောင်ရန် ရန်ပုံငွေလုံလောက်စွာ ထောက်ပံ့ချီးမြှင့်နိုင်မည်ဖြစ်ပါကြောင်း။

သုတေသနဂျာနယ်များထုတ်ဝေခြင်း၊ သုတေသနဆိုင်ရာ ညီလာခံ၊ ဖိုရမ်နှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပခြင်းတို့ကို တက္ကသိုလ်များအလိုက် ဆောင်ရွက်ရန် အားပေးချီးမြှင့်နိုင်မည့်အခြေအနေ ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ကျင်းပသော သုတေသနညီလာခံများကို တက်ရောက်စေ၍ စာတမ်းများဖတ်ကြားစေခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဒေသလိုအပ်ချက်အလိုက် အသေးစားနှင့် အလတ်စား (SME) လုပ်ငန်းများ အထောက်အကူပြုသုတေသနများကို သက်ဆိုင်ရာ တက္ကသိုလ်များမှ ဆောင်ရွက်ပေးနိုင်သည့် အခြေအနေထိရောက်ရှိအောင် အားပေးမြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း၊ အသုံးချသုတေသနများ ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် သုတေသနရလဒ်များဖြင့် သုတေသနစာတမ်းများ ဖတ်ကြားနိုင်ခြင်း၊ ပြည်တွင်းပြည်ပ သုတေသနဂျာနယ်များတွင် သုတေသနစာတမ်းများ ရေးသားပြုစုခြင်း၊ လက်တွေ့နယ်ပယ်နှင့် နီးစပ်သော သင်ကြားသင်ယူမှုများ ပိုမိုပြုလုပ်လာနိုင်မည်ဖြစ်သဖြင့် အဆိုအား လက်ခံဆောင်ရွက်သင့်ပါကြောင်း ထောက်ခံတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဩဂုတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

❋ *ကျောဖုံးမှ*

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဆွာချောင်း ရေလှောင်တမံ ရေပိုလျှံသည် ယနေ့ နံနက် ၆ နာရီခန့်တွင် ရေပိုလျှံမှ ရေစီးရေကျော် အရှိန်များမှုကြောင့် ရေပိုလျှံ ယာဘက်ခြမ်း ပဲ့ကျခဲ့သဖြင့် ရေထွက်မှုများလာပြီး မူလချောင်း ရေပြည့်ရေလျှံကာ ယင်းပတ်ဝန်းကျင်ရှိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ လမ်းဟောင်းနှင့် ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာမြို့ အပါအဝင် ကျေးရွာများ တွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၊ ရန်ကုန်-နေပြည်တော် လမ်းအပိုင်း မိုင်တိုင်အမှတ် (၁၆၅/၄) နှင့် (၁၆၆/ ၀)အကြား လေးဖာလုံခန့်တွင် ဆွာချောင်း ရေလှောင်တမံဘက်မှ စီးဆင်းလာသော ရေများကြောင့် လမ်းပေါ် နှစ်ပေခန့် ရေကျော်မှုဖြစ်ပေါ်ကာ ဆွာချောင်းတံတား၊ တံတားတိုင် RP 1 သည် တစ်ပေခွဲခန့် နိမ့်ကျသွားပြီး ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၁၉၉/၄) တွင်လည်း ရေကျော်မှု ဖြစ်ပေါ်ခဲ့သည်။

ဆွာချောင်း ရေလှောင်တမံဘက်မှ စီးဆင်းလာသော ရေများကြောင့် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ ဆွာချောင်းတံတား အသွားအပြန် တံတားနှစ်စင်းမှ တံတားတစ်စင်းသည် တံတားတိုင် တစ်ပေခွဲခန့်နိမ့်ကျမှုဖြစ်ခဲ့သော်လည်း ကျန်တံတားတစ်စင်းမှ အသွားအပြန် ဖြတ်သန်းခွင့်ကို နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်မှ စတင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

“မနက်က ရေပိုလျှံ ယာဘက်ခြမ်း ပဲ့ကျခဲ့ပြီးတော့ ရေပိုလျှံက ရေပိုထွက်တဲ့ ဖြစ်စဉ်ဖြစ်ခဲ့တယ်။ မနက်ကထက်စာရင် ရေက တော်တော်လျော့သွားပါပြီ။ ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးမှာ ဆွာချောင်းဖြတ် အသွားလမ်းနဲ့ အပြန်လမ်း တံတားနှစ်စင်းမှာ တံတားတစ်စင်းက နိမ့်ကျသွားတာ ဖြစ်သွားခဲ့တဲ့အတွက် ပထမ ဖြတ်သန်းခွင့်မပြုဘူး။ အခုတော့ နောက်တစ်စင်းကနေ အသွားရော၊ အပြန်ရော တစ်လှည့်စီ ဖြတ်သန်းခွင့်ပြုနေပါပြီ။ ရန်ကုန်-မန္တလေး လမ်းဟောင်းမှာတော့ ရေက နည်းနည်းကျော်နေသေးတယ်။ တမံမှာလည်း ရေကကျသွားပါပြီ။ ပြီးတော့ ရေကျော်ကျတာက ရေပိုလျှံက ပဲ့ကျပြီးဖြစ်တာ၊ ဖြစ်ပြီးတော့ တမံအခြေအနေက ကောင်းပါတယ်။ စိုးရိမ်စရာ မရှိပါဘူး။ ရေက ဆက်ပြီး ကျဖို့ပဲရှိပါတယ်။ အခုအမြန်လမ်း ပြန်ဖြတ်သန်းနိုင်ပြီ၊ ပြီးရင် လမ်းဟောင်းကလည်း ပြန်ဖြတ်နိုင်တော့မယ်”ဟု ဒေါက်တာဇော်လွင်ထွန်းက ပြောကြားသည်။

ဆွာချောင်းရေလှောင်တမံ၏ ရေပိုလျှံ ယာဘက်ခြမ်းပဲ့ကျမှု ပြန်လည်ပြင်ဆင်နိုင်ရန်နှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ယနေ့ ညနေ ၅ နာရီ အထိ စာရင်းများအရ ကျေးရွာအုပ်စု ၁၈ အုပ်စု၊ ကျေးရွာပေါင်း ၈၂ ရွာသို့ ရေဝင်ရောက်ခဲ့ကြောင်း သိရပြီး ရေတာရှည်မြို့နယ်အတွင်း ကယ်ဆယ်ရေး စခန်း ၁၇ ခု၊ တောင်ငူမြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်း ၁၆ ခု ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အဆိုပါကျေးရွာများအတွက် ပဲခူးတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးမှူးရုံးမှတစ်ဆင့် စားနပ်ရိက္ခာများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။ **သတင်းစဉ်**

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၉**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့(Independent Commission of Enquiry) အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ကူညီရန်အသင့်ရှိ**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့အား ဖြစ်စဉ်မှန်များကို ရှာဖွေဖော်ထုတ်နိုင်ရေးအတွက် ရခိုင်ပြည်နယ် ဖြစ်စဉ်ဖြစ်ရပ်သမိုင်းကြောင်းများနှင့် ပတ်သက်၍ ဦးစွာရှင်းလင်းပြီး ဖြစ်စဉ်ဖြစ်ရပ်များ၏ သက်သေအထောက်အထား အချက်အလက်များအား မြန်မာနိုင်ငံသို့ ၂၀၁၈ ခုနှစ် ဧပြီ ၃၀ ရက်တွင် ရောက်ရှိလာသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ သံတမန်များ အပါအဝင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့သည့် သံတမန်အဖွဲ့တိုင်းအားလည်းကောင်း၊ ပြည်တွင်း၊ ပြည်ပမီဒီယာများထံသို့ လည်းကောင်း၊ အချိန်နှင့်တစ်ပြေးညီ ဖြစ်စဉ်အမှန်များ သိရှိစေရေး ဖြန့်ဝေခြင်း၊ ရှင်းပြခြင်းများ ပြုလုပ်ခဲ့သော်လည်း နိုင်ငံတကာမှ ယနေ့အချိန်ထိ ဖြစ်စဉ်အမှန်များ သိရှိမှုအားနည်းနေသည့် အခြေအနေများအား ပြောကြားကာ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့၏ ဆောင်ရွက်ချက်များ၌လည်း တပ်မတော်အနေဖြင့် အပြည့်အဝလိုအပ်သည်များ ကူညီရန် အသင့်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် Mrs. Rosario Manalo က ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ သက်သေခံအချက်များအပေါ်မူတည်ပြီး မှန်ကန်မျှတသောအဖြေကို ရှာဖွေဖော်ထုတ်ကာ နိုင်ငံတကာကို ဖြေရှင်းဆောင်ရွက်သွားမည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က ရခိုင်ပြည်နယ်ဖြစ်စဉ် ဖြစ်ရပ်အမှန်အချက်အလက်များ၊ ဓာတ်ပုံအထောက်အထားများ၊ ရခိုင်ပြည်နယ်၏ သမိုင်းကြောင်းဆိုင်ရာ စာအုပ်များအား လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် အဖွဲ့ဝင်များထံသို့ တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း တပ်မတော်သတင်းစဉ်မှ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ တပ်မတော်သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၉**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များအား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် အရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား DVB သတင်းဌာနမှ သီးသန့်တွေ့ဆုံမေးမြန်း

**နေပြည်တော် ဩဂုတ် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား DVB သတင်းဌာနမှ Executive Producer ဦးရဲဝင့်သူနှင့်အဖွဲ့က DVB Close-up TV အစီအစဉ်အတွက် ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ သီးသန့်တွေ့ဆုံမေးမြန်းသည်။

သီးသန့် တွေ့ဆုံမေးမြန်းခန်းတွင် လက်ရှိမြန်မာနိုင်ငံ၏ မီဒီယာလွတ်လပ်ခွင့်အခြေအနေ၊ ပဋိပက္ခဒေသများတွင် သတင်းရယူရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ သတင်းသမားများ အရေးယူခံနေရသည့်ကိစ္စရပ်များ၊ နိုင်ငံတကာစောင့်ကြည့်အဖွဲ့များ၏ မြန်မာနိုင်ငံအပေါ် သဘောထား၊ ပုဂ္ဂလိက သတင်းမီဒီယာများ ရှင်သန်ရပ်တည်နိုင်ရေး စသည့်ကိစ္စများနှင့် ပတ်သက်၍ ဒီဗွီဘီ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

ထို့အပြင် နိုင်ငံတကာအသိုက်အဝန်းသို့ မြန်မာအကြောင်းကို မှန်ကန်ထိရောက်စွာ တင်ပြနိုင်ရန်အတွက် ထူးချွန်ထက်မြက်သည့် သတင်းသမားကောင်းများ ပေါ်ထွန်းလာရန် ပြုစုပျိုးထောင်နိုင်ရေးအတွက် အမှီအခိုကင်းပြီး မိမိဘာသာထိန်းကျောင်းတာဝန်ယူနိုင်သည့် မြန်မာ့မီဒီယာလောကကို ဖန်တီးရာတွင် ပူးပေါင်းဆောင်ရွက်ကြရန် ဒုတိယဝန်ကြီးက မီဒီယာလုပ်ငန်းတွင် ပါဝင်ပတ်သက်သူများအားလုံးကို ဖိတ်ခေါ်ခဲ့သည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဘူဆန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကျင်းပရေးစင်တာကို ကြည့်ရှုလေ့လာ




**ဘူဆန် ဩဂုတ် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော ရုပ်ရှင်၊ ဗီဒီယို နည်းပညာဆိုင်ရာ လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဘူဆန်မြို့ရှိ ဒယ်ဆောင်းရုပ်ရှင် အနုပညာတက္ကသိုလ်သို့ ရောက်ရှိကြပြီး ၎င်းတွင် အာရှနိုင်ငံမှ ကျောင်းသားကျောင်းသူများ ရုပ်ရှင်အတတ်ပညာဆိုင်ရာသင်တန်းများ တက်ရောက်သင်ကြားနေမှု၊ သင်ကြားပို့ချပေးသော ဘာသာရပ်များ မြန်မာနိုင်ငံသို့ လာရောက်ပူးပေါင်းပို့ချလေ့ကျင့်ပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော် ကျင်းပရေးစင်တာသို့ ရောက်ရှိပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဘူဆန် နိုင်ငံတကာရုပ်ရှင်ပွဲတော် ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် အာရှနိုင်ငံများမှ ကျောင်းသား ကျောင်းသူများ သင်တန်းတက်ရောက်၍ သင်ကြားလေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုရီးယားရုပ်ရှင်အနုပညာအကယ်ဒမီ (KAFA)သို့ ရောက်ရှိကြပြီး ကိုရီးယားသမ္မတနိုင်ငံတွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်ဥပဒေရေးဆွဲပြဋ္ဌာန်းခဲ့မှု၊ အခြေခံအဆောက်အအုံများ ကြိုးပမ်းလုပ်ဆောင်ခဲ့မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၂၉**

အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၏ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။ **(ယာပုံ)**

စားပွဲဝိုင်းဆွေးနွေးပွဲတွင် UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ဦးခင်ဇော်ဦးနှင့် ဦးဇော်ဌေးတို့က ဆွေးနွေးမည့်အစီအစဉ်များနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် လက်ရှိအခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဖက်ဒရယ်စနစ်ဆိုင်ရာ နိုင်ငံတကာကျွမ်းကျင်ပညာရှင်ပါမောက္ခ မစ္စ ခရစ်စတီးနား(Professor Christina Murray)က ၎င်း၏ တောင်အာဖရိက၊ ကင်ညာနှင့် ယီမင်နိုင်ငံများ၏ နိုင်ငံရေးဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

တပ်မတော် အစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူ ဦးစစ်အေးက "အလုပ်ရုံဆွေးနွေးပွဲမှာ နိုင်ငံတကာ နိုင်ငံရေးဆွေးနွေးပွဲတွေက သဘောတူညီချက်တွေရရှိဖို့ အခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေကို ကျော်လွှန်ဖြတ်သန်းရပြီး ဘုံသဘောတူညီချက်ရရှိအောင် ဆောင်ရွက်ခဲ့မှု အတွေ့အကြုံတွေကို ဖလှယ်ခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ အစိုးရအဆက်ဆက်က ဆောင်ရွက်ခဲ့ပေမယ့် အောင်မြင်မှုတွေရှိသလို မအောင်မြင်တာတွေလည်း ရှိပါတယ်။ တစ်ပိုင်းတစ်စအောင်မြင်တာတွေလည်း ရှိပါတယ်။ အဲဒီလို အနေအထားကနေပြီး ဒီမိုကရက်တစ်အစိုးရ လက်ထက်ကစပြီး ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ခဲ့ပါတယ်။

"ဒီမိုကရက်တစ်အစိုးရ ဒုတိယသက်တမ်းမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံကို ဆက်ပြီးဆောင်ရွက်နေပါတယ်။ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ၊ ဘုံသဘောတူညီချက်တွေက ရှိတုန်းပါပဲ။ အဲဒီတော့ နိုင်ငံတကာအတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီးတော့ ဘယ်လိုအားသာချက်ဖြစ်အောင် ဆောင်ရွက်မလဲဆိုတာကို ဒီသုံးရက်အတွင်းမှာ ဆွေးနွေးအဖြေရှာကြမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယနေ့ကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ ပူးတွဲကော်မတီဝင်များနှင့် အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၏ စားပွဲဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဇင်**

# ကိုယ်တတ်တဲ့ပညာကို တကယ်အသုံးချနိုင်ဖို့ စေတနာသဘောထားမှန်မှန်နဲ့ အသက်မွေးနိုင်ရင် ကောင်းပါတယ်

**မောင်သန့်သူရဇန်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရသစာပေ စကားဝိုင်းတွင် ပါဝင်ခဲ့ကြသော ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။**



မချယ်ရတီမြင့်



မောင်သန့်သူရဇန်



မသံသာချိုသဲ



မောင်ဗိုလ်ဗိုလ်ဟိန်း

**မချယ်ရတီမြင့် (Charity Myint) (ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)**

ကျောင်းအဆင့် လူတွေ့စစ်ဆေးတော့ ကျောင်းကိုယ်စားပြုအဖြစ် ရွေးချယ်ခံရပြီး ကျောင်းပေါင်းစုံအဆင့် လူတွေ့ထပ်မံစစ်ဆေးတော့လည်း ရွေးချယ်ခံခဲ့ရတာမို့ ပါဝင်ဆွေးနွေးခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

စာပေဝါသနာပါလာတာကတော့ ဖေဖေ့ရဲ့အားပေးပံ့ပိုးမှုကြောင့် ငယ်စဉ်ကတည်းက ပုံပြင်၊ ရုပ်ပြကာတွန်း၊ သုတစာပေတွေနဲ့ ရင်းနှီးမှုရှိခဲ့ပါတယ်။ ဒ့ါအပြင် လက်ရှိတက္ကသိုလ်မှာ အင်္ဂလိပ်စာမေဂျာ အထူးပြုယူထားတာမို့ ပြဋ္ဌာန်းစာအုပ်ပါ စာပေဝတ္ထုများအပြင် ပြင်ပစာပေဝတ္ထုများကိုပါ လေ့လာခြင်းဖြင့် ရသစာပေကို ပျော်မွေ့လျက်ရှိပါတယ်။

ကျွန်မအနေနဲ့ အထူးပြုလေ့လာသင်ယူထားတဲ့ ပညာရပ်တွေကို ထိထိရောက်ရောက် ပြန်လည်မျှဝေပေးနိုင်ရုံမျှမက ဒီပညာရပ်ကို အကျိုးရှိရှိ အသုံးချနိုင်အောင် ကူညီလမ်းပြပေးသူတစ်ဦးအဖြစ် ရည်ရွယ်ထားပါတယ်။

**မောင်သန့်သူရဇန် (ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

ကျွန်တော်တို့ စီးပွားရေးတက္ကသိုလ်မှာ နယ်မြေသုံးခုရှိပါတယ်။ ကမာရွတ်နယ်မြေ၊ ရွာသာကြီးနယ်မြေနဲ့ လှိုင်နယ်မြေဆိုပြီး ရှိရာမှာ ကျွန်တော့်ကို ရွာသာကြီးနယ်မြေအခြမ်းက ပါဝင်သူအဖြစ် ရွေးချယ်ပါတယ်။ နောက် ကမာရွတ်နဲ့ လှိုင်နယ်မြေအခြမ်းက တတိယနှစ် ကျောင်းသူတစ်ဦးကို ရွေးချယ်ပြီး ရန်ကုန်တက္ကသိုလ်မှာ လူတွေ့စစ်ဆေးဖို့အတွက် စေလွှတ်ခဲ့ပါတယ်။ နှစ်ယောက်စလုံးရွေးချယ်ခံရပြီး ပါဝင်ခဲ့ပါတယ်။

၂၀၀၄-၂၀၀၅ လောက်တုန်းကပေ့ါလေ။ အခုလို ဖျော်ဖြေရေးနဲ့ဆိုင်တဲ့ လူမှုအသုံးအဆောင်ပစ္စည်းတွေက သိပ်မတွင်ကျယ်သေးဘူး။ ကျွန်တော်တို့လည်း သိပ်ရင်းနှီးကျွမ်းဝင်မှု မရှိလှသေးဘူး။ အဲဒီတုန်းက အားကောင်းမောင်းသန် ဖြစ်ထွန်းနေတာက အခွေအငှားဆိုင်၊ ဂိမ်းဆိုင်နဲ့ စာအုပ်အငှားဆိုင်တွေပဲ ဖျော်ဖြေရေးအနေနဲ့ ရှိတာပေ့ါလေ။ ဆိုတော့ ကျွန်တော်ကလည်း စာအုပ်အငှားဆိုင်ယဉ်ကျေးမှုနဲ့ ယဉ်ပါးခဲ့တယ်ပေ့ါလေ။ ကာတွန်းတွေဖတ်၊ နောက် ဟာသဝတ္ထုတွေဖတ်၊ အဲဒီကနေ ဝတ္ထုတို၊ ရှည်စသဖြင့်ပေ့ါလေ ဆက်ဖတ်ဖြစ်တာပေ့ါ။

စာအုပ်အငှားဆိုင်မှာလည်း တစ်ခုရှိတာက လူဖတ်များတဲ့ ဈေးကွက်ကိုလိုက်ပြီးရေးတဲ့စာအုပ်တွေက များတယ်။ ဖတ်ပြီးရင် ဆက်တွေးရတာမျိုး စိတ်ထဲကျန်ခဲ့တဲ့စာအုပ်ကောင်းတွေကတော့ ခေတ်စနစ်ရဲ့ အခြေအနေအရရော၊ ဘာရောကြောင့် စာအုပ်အငှားဆိုင်မှာ အဲဒီလိုစာအုပ်က နည်းတယ်ပေ့ါလေ။ စာဖတ်တဲ့သက်တမ်းကြာလာရင် ကောင်းတာဆိုးတာ ခွဲခြားနိုင်တာမို့ အလိုအလျောက်ကို စာအုပ်ကောင်းတွေ၊ ဂန္ထဝင်လို့သတ်မှတ်တဲ့စာအုပ်တွေကို ဖတ်ချင်တဲ့ အာသီသပေါ်လာတယ်။ အဲဒီလိုနဲ့ လျှောက်ရှာပြီး ဖတ်မိတာပဲ။

တစ်ချက်ကောင်းတာက ကျွန်တော့်အိမ်ကပေ့ါလေ။ စာဖတ်တာကို မကန့်ကွက်ဘူး။ သူတို့လည်း ဖတ်တာကိုး၊ ကျွန်တော့်အဘိုးရဲ့စာအုပ်တွေရှိမယ်။ နောက်ပြီး ကဗျာဆရာ၊ ဝေဖန်ရေးဆရာကြီးတစ်ယောက်နဲ့ အမျိုးတော်တော့ကာ သူပြည်ပကို ထွက်သွားတော့ ကျန်ခဲ့တဲ့စာအုပ်တွေရယ် ပြောရရင် အရွယ်နဲ့မတန်မရာတွေ ဖတ်မိတာပေ့ါ။ ကျွန်တော်ထင်တယ်၊ ၁၂ နှစ်၊ ၁၃ နှစ်လောက်ပဲ ရှိဦးမယ်။ ရွှေဥဒေါင်းရဲ့မျှော်တလင့်လင့်နဲ့ မောင်ထွန်းသူရဲ့ရမ္မက်မီး ဘာသာပြန်တွေပေ့ါ၊ ဖတ်ပြီး သိပ်လည်းနားမလည်ဘူး။ အဲဒီစာအုပ်တွေထဲက အသုံးအနှုန်းတချို့နဲ့ အနေအထားတွေက စိမ်းတာကိုး။ ဒါပေမယ့် စိတ်ထဲတော့ စွဲနေတယ်။

နောက်ဆရာဇော်ဂျီရဲ့ ပုဂံဈေးဆိုတဲ့ ဝတ္ထုတိုဆိုရင် အဆုံးသတ်ပြထားတဲ့ သဘာဝကို နားကိုမလည်တာ။ နားမလည်တာကိုပဲ တစ်ခါတစ်ခါဆိုစိတ်ထဲမှာ တွေးပြီးအဖြေရှာကြည့်တယ်ပေ့ါ။ ဒီလိုနဲ့ အဲဒါက အရသာတစ်မျိုးပေ့ါ၊ စွဲလမ်းသွားတာ၊ ကလေးဘဝကနေဖြစ်လာတာပေ့ါ။ အခုလောလောဆယ်တော့ ဒီနှစ်အပိုင်းအခြားမှာ ဖုန်းကြောင့်ပဲလား၊ တခြားအကြောင်းကြောင့်ပဲလား မသိဘူး၊ စာဖတ်အား လျော့လာတယ်လို့ခံစားရတယ်။ အဲဒါကို ကိုယ့်ဘာသာပြင်ကြည့်ဖို့ ကြိုးစားကြည့်နေပါတယ်။

ကျွန်တော်က ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းသား။ ယူထားတာက ဝါဏိဇ္ဇဗေဒ၊ ကိုယ်စွမ်းနိုင်ရင် စွမ်းနိုင်သလောက် ကိုယ့်တိုင်းပြည်မှာပဲဖြစ်ဖြစ်၊ တခြားမှာပဲဖြစ်ဖြစ် အခွင့်အလမ်းတွေက အများကြီး၊ တာဝန်ယူနိုင်တာတွေအများကြီးပဲ။ ဘွဲ့လွန်ဆိုရင်လည်း CPA တက်မလား၊ မဟာဝါဏိဇ္ဇ ကျွန်တော်တို့ကျောင်းက ဖွင့်ထားတဲ့ မဟာဘွဲ့သင်တန်းတွေ၊ တိုင်းပြည်ရဲ့လိုအပ်ချက်နဲ့ တကယ်ကိုက်ညီတဲ့ အရာတွေပေ့ါ။ အဲဒါတွေလည်း ရနိုင်သေးတယ်။ ကျွန်တော်က ဒီဘာသာရပ်ကို သဘောကျတယ်၊ နှစ်သက်တယ်။ အလုပ်လုပ်တဲ့အခါမှာလည်း ဒီပညာတွေကို အသုံးချရဖို့က လိုရင်းပဲ။ ဘယ်နေရာမှာ ဘာပဲဖြစ်ပါစေ၊ ကိုယ်တကယ်တတ်ထားတဲ့ ပညာကို တကယ်အသုံးချဖို့ပဲ လိုတာပါ။ ကျွန်တော်ထင်တယ်၊ ကျွန်တော်တက္ကသိုလ်ဆရာတောင် လုပ်ဖြစ်မလားမသိဘူး။ ဘာပဲလုပ်လုပ်ပေ့ါလေ တထစ်ချတော့ ပြောလို့မရနိုင်ပါဘူး။ ကိုယ်ပိုင်စီးပွားရေးလုပ်တာဖြစ်နိုင်သလို စာရေးဆရာဖြစ်လာတာလည်း ဖြစ်နိုင်တာပဲ။ စောစောက ပြောသလို ကိုယ်တတ်တဲ့ပညာကို တကယ်အသုံးချနိုင်ဖို့ အသုံးချတဲ့နေရာမှာလည်း တစ်ဘို့တည်းအတွက်မကြည့်ဘဲ စေတနာသဘောထားမှန်မှန်နဲ့ အသက်မွေးနိုင်ရင် ကောင်းတာပါပဲ။

**မသံသာချိုသဲ (ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် - ရန်ကုန်)**

လူငယ်စာပေစကားဝိုင်းကို ရန်ကုန်မှာကျင်းပမယ်ဆိုတဲ့ ကြေညာစာကို ကျောင်းကနေတစ်ဆင့် သိရှိခဲ့ရပါတယ်။ အခုပွဲအတွက် ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသား ၂၂ ယောက် ပဏာမထပ်မံရွေးချယ်တဲ့ပွဲမှာ ကျောင်းကိုယ်စား ဝင်ရောက်ဖြေဆိုခဲ့တာမှာ ပါဝင်ခွင့်ရခဲ့ပါတယ်။

ငယ်စဉ်ကတည်းက နွေရာသီကျောင်းပိတ်ရက်မှာ ကာတွန်း၊ ကလေး ဂျာနယ်တွေ ဖတ်ရှုခဲ့ရာကနေ စာဖတ်ရတာကိုနှစ်သက်ခဲ့တယ်။ နောက်ပိုင်းမှာ ရသစာပေတွေ ဖတ်ရှုခဲ့ပြီး အခုအချိန်ထိ စွဲမြဲစွာဖတ်ဖြစ်ပါတယ်။

အနာဂတ်မှာ ကျွန်မရဲ့နယ်ပယ်မှာ အောင်မြင်ကျွမ်းကျင်တဲ့ ပညာရှင်တစ်ယောက်ဖြစ်ပြီး နိုင်ငံ့အကျိုးကို တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးပေးပါတယ်။

**မောင်ဗိုလ်ဗိုလ်ဟိန်း (ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)**

စာပေကို မူလတန်းကျောင်းသားဘဝကတည်းက ရွှေသွေးဂျာနယ်ကနေ စတင်ပြီး ထိတွေ့ခဲ့တာပါ။ ကာတွန်းတွေ၊ ပုံပြင်တွေ၊ ကဗျာလေးတွေကတစ်ဆင့် အခု ရသစာပေ၊ သုတစာပေအထိ အဆင့်ဆင့်စိတ်ဝင်စားမှု ရှိလာခဲ့တာပါ။ အခုခေတ် ပညာရေးနဲ့ ပတ်သက်ပြီး ရှုထောင့်ပေါင်းစုံက သုံးသပ်ကြပါတယ်။ အခြေခံပညာကျောင်းတွေမှာလည်း မူလတန်းသင်ရိုးတွေ အသစ်ပြောင်းလဲလာတာမို့ အရင်ကထက်စာရင် ပိုကောင်းလာတယ်လို့ မြင်မိပါတယ်။

ကျွန်တော့်အနေနဲ့ ဝါသနာပါရာ ပရဟိတရော၊ ကျွန်တော့်အထူးပြုဘာသာရပ်ရော အကျိုးရှိရှိ ပြန်လည်အသုံးပြုနိုင်မယ့် အရပ်ဘက်လူ့အဖွဲ့အစည်းတွေ NGO, INGO တွေမှာပါဝင်ပြီး နိုင်ငံတော်ရဲ့ လူမှုစီးပွားအကျိုးကို ကျွန်တော် တတ်စွမ်းသလောက် တစ်ဖက်တစ်လမ်းကနေ သယ်ပိုးဆောင်ရွက်သွားချင်ပါတယ်။ လူငယ်တွေအနေနဲ့ အရင်ကထက်စာရင် အခွင့်အရေးတွေပိုမိုရလာပြီလို့ မြင်မိတယ်။ အခန်းကဏ္ဍတွေမှာလည်း ပါဝင်လာကြတာတွေတော့ ဝမ်းသာမိတယ်။ လူငယ်ပါဝင်မှုတွေကတော့ ရှိလာပါပြီ။ ဒီထက်ပိုပြီး လိုအပ်သေးတယ်လို့ ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီလိုစကားဝိုင်းမျိုးများစွာဖြစ်လာဖို့ မျှော်လင့်မိပါတယ်။ ဒီပွဲတွေကနေပဲ လူငယ်တွေ စာတွေပိုဖတ်လာဖို့ တွန်းအားတစ်ခုဖြစ်လာမယ်လို့ ယုံကြည်မိပါတယ်ဗျာ။

*စာမျက်နှာ ၁၁ သို့*

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဆွာချောင်းတမံ ရေပိုလွှဲကျိုးပေါက်မှုကြောင့် ဆွာဘူတာနှင့် ကုန်းကြီးဘူတာအကြား ရထားလမ်း ရေကြီးနစ်မြုပ်မှုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၉**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲ ယာဘက်ခြမ်း ရေတိုက်စားကျိုးပေါက်မှုကြောင့် ရထားလမ်း ရေကျော်သည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရန် ပျဉ်းမနားဘူတာမှ RBE ရထားဖြင့် ထွက်ခွာလာရာ ဆွာဘူတာသို့ ရောက်ရှိ၍ ရထားလမ်းရေကျော်သည့် နေရာများအား ကြည့်ရှုစစ်ဆေးသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လမ်းပိုင်းများ ရေကျသွားသည့် အချိန်တွင် ပျက်စီးသွားသည့် ရထားလမ်းပိုင်းများအား အမြန်ဆုံးပြုပြင်နိုင်ရန်အတွက် ကျောက်များနှင့် ကွန်ကရစ်ဇလီဖားများ တင်ဆောင်ထားသည့် ရထားများအား အဆင်သင့်ပြင်ဆင်ထားကြရန်၊ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြရန်နှင့် ကုန်းကြီးဘူတာယာဒ်ဝန်းရှိ ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ကြသည့် ဝန်ထမ်းများအား ရေဘေးလွတ်ရာ ကုန်းကြီးဘူတာတွင် ခေတ္တနေရာချထားပေးပြီး စားသောက်နေထိုင်ရေး အဆင်ပြေစေရေး ဆောင်ရွက်ပေးကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အစီအစဉ်ဖြင့် မြန်မာ့မီးရထားနှင့်ပူးပေါင်း၍ မန္တလေးဘက်မှလာသော အမှတ်(၁၂) အစုန် လူစီးအမြန်ရထားတွင် စီးနင်းလိုက်ပါလာသည့် ခရီးသည် ၂၄၉ ဦးအား ဆွာဘူတာမှ ရေတာရှည်ဘူတာသို့ လည်းကောင်း၊ ရန်ကုန်ဘက်ခြမ်းမှလာသော အမှတ်(၁၁)အဆန် လူစီးအမြန်ရထားတွင် စီးနင်းလိုက်ပါလာသောခရီးသည် ၁၆၅ ဦးအား ရေတာရှည်ဘူတာမှ ဆွာဘူတာသို့ လည်းကောင်း City Bus လေးစီးဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ပြီး မော်လမြိုင်-နေပြည်တော် ရထားနှင့်စီးနင်းလိုက်ပါလာသည့် ခရီးသည်များအား နေပြည်တော်ဘူတာသို့ ကားဖြင့် အရောက်ပို့ဆောင်ပေးမည်ဖြစ်သည်။

ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲ ယာဘက်ခြမ်း ရေတိုက်စားကျိုးပေါက်မှုကြောင့် ဆွာဘူတာနှင့် ကုန်းကြီးဘူတာကြားအရှည် ၃၄၈ ပေရှိ တံတားအမှတ် (၃၀၆)ပေါ်သို့ ရေတစ်ပေခန့် ကျော်နေခြင်း၊ ကုန်းကြီးဘူတာယာဒ်ဝန်း၌ ရေသုံးပေခွဲခန့် ရေကျော်နေခြင်း၊ ရန်ကုန်ဘက်ခြမ်းရှိ အစုန်လမ်း မိုင်တိုင်အမှတ် (၁၉၁/၁၁-၁၂)ကြား၌ သံလမ်းပေါ်ရေခြောက်လက်မခန့် ကျော်နေခြင်း၊ အရှည်ပေ ၈၀ ရှိ တံတားအမှတ် (၃၀၅)နှင့် အရှည် ပေ ၂၀ ရှိ တံတားအမှတ် (၃၀၇)ပေါ်တွင် ရေနစ်မြုပ်လျက်ရှိနေခြင်းကြောင့် ရန်ကုန်- မန္တလေး အစုန်/အဆန် ရထား လမ်းပိုင်းကို ယနေ့နံနက် ၈ နာရီခွဲခန့်တွင် ပိတ်ထားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

**မရည်မွန်အောင်(ရန်ကုန်စီးပွားရေးတက္ကသိုလ်)**

စာပေကို မူလတန်းအရွယ်ကစပြီး ဖတ်ရှုလေ့လာဖြစ်ခဲ့ပါတယ်။ ကျွန်မ မိဘတွေနဲ့ အဒေါ်ဖြစ်သူရဲ့ စာပေဖတ်ရှုဖို့ တိုက်တွန်းအားပေးခဲ့မှုကြောင့် အခုအရွယ်မှာ စာပေရဲ့အကျိုးကျေးဇူးကိုသိရှိပြီး စာပေချစ်မြတ်နိုးသူတစ်ဦးအဖြစ် စာအုပ်စာပေများကို အားလပ်ချိန်များမှာ ဖတ်ရှုလျက်ရှိပါတယ်။

ကျွန်မရဲ့အနာဂတ်ရည်မှန်းချက်ကတော့ အခုသင်ယူနေတဲ့ ပညာရပ်ကို ကျွမ်းကျင်တတ်မြောက်စွာသင်ယူပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းကနေ အကျိုးပြုနိုင်ဖို့ ရည်မှန်းထားပါတယ်။ ဒီနေ့ခေတ်က ၂၁ ရာစုဖြစ်တဲ့အတွက် နည်းပညာပိုမိုတိုးတက်လာနေပါတယ်။ ဒါကြောင့် ဒီနေ့ခေတ် လူငယ်တွေအနေနဲ့ နည်းပညာတိုးတက်မှုရဲ့အကျိုးသက်ရောက်မှုကို ထိရောက်စွာ အသုံးချတတ်ဖို့ လိုအပ်တယ်လို့ထင်ပါတယ်။

**မောင်ထက်နိုင်အောင် (ရန်ကင်းပညာရေးကောလိပ်)**

ကျောင်းအဆင့်မှာ ပထမဆုံးလူရွေးပါတယ်၊ ကျောင်းကိုယ်စားပြုပါပြီးတော့ လူတွေ့ဖြေရပါတယ်။ အဲဒီကနေ ရွေးချယ်ခံရလို့ အခုလိုဆွေးနွေးပွဲမှာ ပါဝင်ဖြစ်တာပါ။

ဆယ်တန်းကျောင်းသား ဘဝလောက်မှာ ပြင်ပစာတွေဖတ်တာကို စစိတ်ဝင်စားခဲ့တာပါ။ စာပေကို ကဗျာအစုံဖတ်ခဲ့ပါတယ်။ အကြိုက်ဆုံးကတော့ ရသစာပေဖြစ်ပါတယ်။

**မောင်အားမာန်ထက် (ရန်ကုန်ပညာရေးတက္ကသိုလ်)**

စာပေကို ငယ်ငယ်လေးကတည်းက စိတ်ဝင်စားခဲ့တာပါ။ အဲဒီတုန်းက ကလေးစာပေလေးတွေပေါ့။ အိမ်ကလည်း ခွင့်ပြုတယ်၊ စာအုပ်တွေ ဝယ်ပေးတယ်၊ စာဖတ်ဖို့လည်း အားပေးတယ်။ အဲဒီတုန်းက စာဖတ်ခဲ့တာက စာဖတ်မှ အသိတိုးမယ်၊ ဘာညာဆိုပြီး ရည်မှန်းချက်ကြီးတွေနဲ့ဖတ်ခဲ့တာမဟုတ်ဘူး။ စာဖတ်နေရရင် ပျော်တယ်။ ငယ်ဘဝက ကစားဖို့ အဖော်လည်း နည်းခဲ့တယ်၊ မွေးချင်းကလည်း အသက်ကွာတော့ ကျွန်တော့်ရဲ့အားလပ်ချိန်တွေက စာဖတ်ဖို့ပဲဖြစ်ခဲ့တာပါ။



မရည်မွန်အောင်



မောင်ထက်နိုင်အောင်



မောင်အားမာန်ထက်



မောင်ကောင်းထက်မြတ်

ကျွန်တော့်ရဲ့အနာဂတ်ဘဝ ရည်မှန်းချက်ကတော့ ပညာရေးအတွက် တစ်ထောင့်တစ်နေရာကနေ ပံ့ပိုးကူညီပေးနိုင်တဲ့သူဖြစ်ချင်တာပါ။ အခုတက်နေတာက ပညာရေးတက္ကသိုလ်ဆိုတော့ ကျောင်းဆရာတစ်ယောက်ဖြစ်လာမှာပါ။ နိုင်ငံရဲ့ မျိုးဆက်သစ်တွေကို မွေးထုတ်ပေးတဲ့နေရာမှာ ကျွန်တော့်ရဲ့ကိုယ်စွမ်းဉာဏ်စွမ်းတွေကို အသုံးချခွင့်ရချင်တယ်။ ဆရာတွေကို မွေးထုတ်ပေးနိုင်တဲ့ ဆရာတစ်ယောက်၊ ဒါမှမဟုတ် ပညာရေးနယ်ပယ်ကနေ နိုင်ငံအကျိုးကို သယ်ပိုးနိုင်တဲ့သူတစ်ယောက် ဖြစ်ချင်ပါတယ်။

**မောင်ကောင်းထက်မြတ် (သတင်းအချက်အလက် နည်းပညာတက္ကသိုလ်)**

ဒီစကားဝိုင်းမှာ ပါဝင်ဖြစ်ခဲ့တာက ကျွန်တော်တို့ကျောင်းက ကြော်ငြာသင်ပုန်းကနေ ကြေညာပြီး ပါဝင်ချင်တဲ့သူတွေ လူတွေ့လာဖြေပါဆိုလို့ ဖြေရပါတယ်။ ကျောင်းက ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက် ရွေးလိုက်ပါတယ်။ ပြီးမှ ရန်ကုန် တက္ကသိုလ်ထဲမှာ နောက်တစ်ကြိမ် လူတွေ့စစ်ဆေးပြီး ထပ်ရွေးတဲ့အထဲမှာ ပါလာတာဖြစ်ပါတယ်။

စာအုပ်စာပေတွေကို ငယ်ငယ်ကတည်းက စိတ်ဝင်စားပါတယ်။ ၄ တန်း၊ ၅ တန်းလောက်ကတည်းက ပုံပြင်စာအုပ်တွေ၊ အတိုးချန်ထားတဲ့ စာအုပ်တွေကို အမြဲဖတ်ဖြစ်ပါတယ်။ တကယ်တစိုက်မတ်မတ် စာစဖတ်ဖြစ်တာကတော့ ဆယ်တန်းဖြေအပြီးမှာ စဖတ်ဖြစ်တာပါ။ အဲဒီအချိန်ကစပြီး အလေ့အကျင့်လေး ဖြစ်လာတာပါ။

အနာဂတ်ရည်မှန်းချက်အနေနဲ့ ကျွန်တော် အခုတက်နေတဲ့ Computer Science မေဂျာကလည်း ကျွန်တော် ၈ တန်း၊ ၉ တန်းလောက်ကတည်းက ဝါသနာပါလို့ ရွေးချယ်ခဲ့တဲ့ မေဂျာဖြစ်တဲ့အတွက် ဒီနယ်ပယ်မှာပဲ ကျင်လည်သွားမှာပါ။ Computer Science မှာမှ ကွန်ပျူတာ အသိဉာဏ်အတုတွေကို လေ့လာတဲ့ Artificial Intelligence လို Research နယ်ပယ်မှာ နစ်မြုပ်သွားဖို့ ရည်ရွယ်ထားပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

---

# မြန်မာနိုင်ငံစာရေးဆရာအသင်းဒုတိယဥက္ကဋ္ဌ ဆရာမ မစန္ဒာနှင့် ဗဟိုအမှုဆောင်စာရေးဆရာများ၊ အ ထ က (၂) လှိုင်သာယာ စာပေစကားဝိုင်းတွင် ပါဝင်ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၉**
လှိုင်သာယာမြို့နယ် အမှတ်-၂ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများအတွက် လူငယ်စာပေစကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်း မုဒိတာခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြတ်ဝေတိုး (မြတ်ဝေတိုး-ပညာရေးတက္ကသိုလ်) က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး စာရေးဆရာများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းဒုတိယဥက္ကဋ္ဌ စာရေးဆရာမ မစန္ဒာနှင့် ဗဟိုအမှုဆောင်များဖြစ်ကြသော မောင်စိမ်းနောင် (လယ်ဝေး) (တွံဖက်အတွင်းရေးမှူး-၂) မြတ်စိုး(လှိုင်)(စာရင်းစစ်အဖွဲ့ခေါင်းဆောင်)နှင့် ဆရာမောင်စိန်ဝင်း (ပုတီးကုန်း) ဗဟိုအမှုဆောင်တို့က ဝတ္ထု၊ ဆောင်းပါး၊ ကဗျာနှင့် သတင်းမီဒီယာစသည့် စာပေရေးရာများနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများနှင့် မြို့နယ်စာပေချစ်သူအဖွဲ့ဝင်များ၏ မေးမြန်းချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။



**မြတ်စိုး(လှိုင်)**

---

# ရခိုင်ပြည်နယ်တွင် ဆည်ငယ်၊ တမံငယ် ၁၀ ခုမှ ရေကျော်လျက်ရှိရာ အမြဲမပြတ် စောင့်ကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိ

**စစ်တွေ ဩဂုတ် ၂၉**
ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဩဂုတ် ၂၉ ရက်အထိ မိုးရေချိန်ပျမ်းမျှ ၁၄၀ လက်မခန့် ရွာသွန်းခဲ့ပြီး ယခုနှစ် မိုးဦးကာလမှစ၍ မိုးရွာသွန်းမှုများပြားပြီး ရေဝင်ရောက်မှုကောင်းသောကြောင့် လက်ရှိအချိန်တွင် တမံရေပိုလွှဲမှ ရေကျော်လျက်ရှိသော တမံငယ် ၁၀ ခုရှိကြောင်း၊ အဆိုပါ ဆည်ငယ်၊ တမံငယ်များ၏ အောက်ဘက်အပိုင်းများနှင့် ချောင်းတစ်လျှောက်ရှိ ကျေးရွာများ၊ အနိမ့်ပိုင်းဒေသများ၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု မရှိကြောင်း၊ ဆည်ငယ်၊ တမံငယ်များ၏ ကြံ့ခိုင်မှုမှာ ကောင်းမွန်လျက်ရှိကြောင်း ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူးက ပြောပြသည်။

ရခိုင်ပြည်နယ်တွင် နှစ်စဉ်မိုးရေချိန်ပျမ်းမျှ၂၀၀ လက်မခန့် ရွာသွန်းပြီး ရေ၊ မြေသယံဇာတပေါကြွယ်ဝသော ပြည်နယ်တစ်ပြည်နယ်ဖြစ်ပြီး ပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးမြေဧကရေဘေးကာကွယ်ရေးလုပ်ငန်းများအပြင် မြို့ ရွာနှင့် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက် ဆည်ငယ်၊ တမံငယ်ပေါင်း ၁၅ ခု တည်ဆောက် ထိန်းသိမ်းထားရှိပြီး ဖြန့်ဝေကြောင်း သိရသည်။

ထို့အပြင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အချိန်ပြည့် ရေကင်းဂျူတီများခွဲဝေချထားပြီး နေ့စဉ်နှင့် အမြဲ စစ်ဆေးစောင့်ကြည့်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

---

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၉**
နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား၊ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် သြဂုတ် ၂၉**

မောင်တောမြို့နယ် နယ်မြေ(၁)၊ အမှတ်(၅)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်သပြေနယ်မြေရုံး၏ ကွပ်ကဲမှုအောက်ရှိ မှတ်တိုင်(၅၁)ကင်းစခန်းမှ ဒုတိယရဲအုပ် မြင့်မောင် ဦးစီးသည့် တပ်ဖွဲ့ဝင်(၂၀)၊ စကားပြန်တစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Panchari ကင်းစခန်းမှ Naib Subedar Md. Ekramul Haque ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် စကားပြန်/လမ်းပြလေးဦးတို့သည် သြဂုတ် ၂၈ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ မှ ၁၁ နာရီခွဲအထိ မိမိတို့နိုင်ငံ အသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုး လမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် (၅၁) မှ (၅၁/၅) အထိ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **ကိုရဲ**



မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်များ နယ်မြေလှည့်ကင်း ဆောင်ရွက်ကြစဉ်။






# (၆၁) ခုမြောက် မြဝတီဘဏ် (မန္တလေး-ဂန္ဓမာ) ဘဏ်ခွဲဖွင့်

**မန္တလေး သြဂုတ် ၂၉**

မြဝတီဘဏ်လီမိတက်၏ (၆၁) ခုမြောက် ဘဏ်ခွဲဖြစ်သော မြဝတီဘဏ် (မန္တလေး-ဂန္ဓမာ) ဘဏ်ခွဲဖွင့်ပွဲကို သြဂုတ် ၂၉ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သီတာအေးရပ်ကွက်၊ မြနန္ဒာလမ်းနှင့် စစ်ကိုင်းလမ်းခွဲကြား၊ ၇၈ လမ်းရှိ အဆိုပါဘဏ်ခွဲ၌ ပြုလုပ်သည်။

ဘဏ်ခွဲဖွင့်ပွဲတွင် မန္တလေးမြို့တော်ဝန် ဒေါက်တာ ဦးရဲလွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းဦးစီး(ဗိုလ်မှူးကြီး) ဗိုလ်မှူးကြီး စိုးကြည်၊ မန္တလေးတပ်နယ်တပ်နယ်မှူး ဗိုလ်မှူးကြီး သက်နိုင်ဦးနှင့် မြဝတီဘဏ်လီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးယုလွင်တို့က မြဝတီဘဏ် (မန္တလေး-ဂန္ဓမာ) ဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာလင်းက ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

မြဝတီဘဏ် (မန္တလေး-ဂန္ဓမာ) ဘဏ်ခွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်သည်။ စာရင်းရှင် အပ်ငွေများ၊ ငွေစုဘဏ်အပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ ခေါ်ယူအပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆု ဝန်ဆောင်မှု အပ်ငွေများ၊ ATM ကတ်စာရင်း အပ်ငွေများလက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်သော ရင်းနှီးငွေများအတွက် မရွှေ့မပြောင်းနိုင်သောမြေနှင့် အဆောက်အအုံများကို အာမခံအဖြစ်ရယူ၍ ချေးငွေများ ထုတ်ချေးခြင်း၊ မြဝတီဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန် ငွေလွှဲပေးပို့နိုင်ခြင်းများ အပါအဝင် Modern Banking အနေဖြင့်လည်း Mobile Banking ဆိုင်ရာ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်း အဆင့် (၁၁) နေရာလုပွဲအတွက် အိန္ဒိယနှင့် ယနေ့ကစားမည်

**နေပြည်တော် သြဂုတ် ၂၉**

အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်ဘော်လီဘောအသင်းသည် အဆင့် (၁၁) နေရာလုပွဲအတွက် အိန္ဒိယအသင်းနှင့် သြဂုတ် ၃၀ ရက် **(ယနေ့)** ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာဘော်လီဘောအသင်းသည် အဆင့် (၇/၁၂) နေရာလုပွဲတွင် ထိုင်းအသင်းကို အရေးနိမ့်ခဲ့သောကြောင့် အဆင့် (၁၁) နေရာလုပွဲသာ ကစားရတော့မည်ဖြစ်ပြီး အိန္ဒိယအသင်းနှင့် တွေ့ဆုံလျက်ရှိသည်။ အိန္ဒိယအသင်းမှာလည်း ပါကစ္စတန်အသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် အဆင့် (၁၁) နေရာလုပွဲ ကစားရခြင်းဖြစ်သည်။ မြန်မာအသင်းသည် အိန္ဒိယအသင်းကို အနိုင်ရပါက အဆင့် (၁၁) နေရာရမည်ဖြစ်ပြီး ရှုံးနိမ့်ပါက အဆင့် (၁၂) နေရာရရှိမည် ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု (ဂ) ၌ ပါဝင်ခဲ့ပြီး ကာဇက်စတန်ကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရပြီး ဂျပန်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ ရှုံး/ထွက်အဆင့်တွင် ကာတာကို သုံးပွဲပြတ်အရေးနိမ့်ခဲ့သောကြောင့် အဆင့် (၇/၁၂) နေရာအတွက်သာ ကစားရပြီး ထိုင်းအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ **ရဲရင့်ရှိုင်း**

# မြန်မာ ယူ-၁၆ နှင့် ယူ-၁၉ အမျိုးသမီးအသင်းများ စင်ကာပူလူငယ်အသင်းနှင့် ခြေစမ်းမည်

**နေပြည်တော် သြဂုတ် ၂၉**



ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာရှလူငယ် အမျိုးသမီးခြေစစ်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၁၆ နှင့် ယူ-၁၉ အမျိုးသမီးအသင်းများသည် မြန်မာနိုင်ငံသို့ လာရောက်မည့် စင်ကာပူလူငယ်အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ခြေစမ်းပွဲများကို စက်တင်ဘာ ပထမပတ်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၆ အသင်းနှင့်နှစ်ပွဲ၊ မြန်မာ ယူ-၁၉ အသင်းနှင့်တစ်ပွဲ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

စင်ကာပူလူငယ် အမျိုးသမီးအသင်းသည် မြန်မာနိုင်ငံသို့ ငါးရက်ကြာခြေစမ်းခရီးစဉ် လာရောက်မည်ဖြစ်ပြီး ယူ-၁၆ နှင့် ယူ-၁၉ နှစ်သင်းစလုံး လိုက်ပါလာမည်ဖြစ်သည်။ ခြေစမ်းပွဲများအဖြစ် စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီခွဲတွင် မြန်မာ ယူ-၁၆ အသင်းနှင့် စင်ကာပူ ယူ-၁၆ အသင်း၊ စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီတွင် မြန်မာ ယူ-၁၉ အသင်းနှင့် စင်ကာပူ ယူ-၁၉ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၁၆ အသင်းနှင့် စင်ကာပူ ယူ-၁၆ အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီး အသင်းသည် စက်တင်ဘာ ၁၅ ရက်မှ ၂၃ ရက်အထိ နီပေါနိုင်ငံ၌ ကျင်းပမည့် အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်အတွက် လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်ပြီး ပဏာမကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်နေကာ နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက တာဝန်ယူ ကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အာဆီယံယူ - ၁၅ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယရခဲ့သည့်အသင်းကို အခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲ အုပ်စု (င) တွင် မလေးရှား၊ နီပေါ၊ ဆီးရီးယား၊ ဖိလစ်ပိုင်တို့နှင့် ကျရောက်နေသည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကိုမူ နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေပြီး အောက်တိုဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည့် အာရှယူ-၁၉ ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲတွင် လာအို၊ အီရန်၊ ပါလက်စတိုင်းတို့နှင့် ကျရောက်နေသည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

❍ *ကျောဖုံးမှ*

တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်သောကြောင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ပြီး မြဝတီအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်း အတွက် အနိုင်ဂိုးများကို မေသူကျော်နှင့် ရှုပါခိုင်တို့က သွင်းယူခဲ့သည်။ ယင်းပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ တတိယဆုရသည့် အားကစားနှင့် ကာယပညာဦးစီးဌာန အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀၊ ဒုတိယဆုရသည့် သစ္စာအားမာန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၀၀၊ ပထမဆုရသည့် မြဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၅၀ နှင့် ချန်ပီယံဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အမျိုးသမီးလိဂ်ကော်မတီ ဥက္ကဋ္ဌ ဦးလှုဌေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးမိုးဆန်းအောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ဌေးဌေးခိုင်၊ KBZ Bank ဒုတိယ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မြင့်မြင့်ချိုနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

မြဝတီအသင်းသည် ချန်ပီယံဆုကို နှစ်ကြိမ်ဆက်တိုက် ရယူနိုင်ခြင်းဖြစ်ပြီး အမျိုးသမီးလိဂ်ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲအပြီးတွင် မြဝတီအသင်းက ရမှတ် ၄၀ ဖြင့် ချန်ပီယံဆုရခဲ့ပြီး သစ္စာအားမာန်အသင်းက ၃၇ မှတ်ဖြင့် ဒုတိယ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ရမှတ် ၃၀ ဖြင့် တတိယရကာ ဇွဲကပင်အသင်းက ၁၆ မှတ်၊ YREO အသင်းက ၁၅ မှတ်၊ အား/ကာသိပ္ပံနှင့် ဂန္ဓမာအသင်းက ၁၁ မှတ်စီ၊ တက္ကသိုလ်အသင်းက တစ်မှတ်တို့ ရရှိခဲ့ကြကြောင်း သိရသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- နယ်သာလန်ကွင်းလယ်ကစားသမား ကီဗင် စထရုမန်းသည် ရိုးမားအသင်းမှ ပြင်သစ်ကလပ် မာဆေးလ်အသင်းသို့ ပေါင် ၂၂ ဒသမ ၇ သန်းဖြင့် ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ အသက် (၂၈နှစ်) အရွယ် အဆိုပါ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့်ရာသီ ရိုးမားအသင်း၌ ၄၄ ပွဲ ပါဝင်ကစားထားကာ ရိုးမားအသင်းအား စီးရီးအေတွင် အဆင့် (၃) နေရာတွင် ရပ်တည်နိုင်အောင်ကူညီပေးနိုင်ပြီး ချန်ပီယံလိဂ်တွင် အကြိုဗိုလ်လုပွဲသို့ ရောက်ရှိအောင်လည်း ကူညီပေးထားနိုင်ကြောင်း သိရသည်။
- တော့တင်ဟမ်အသင်းမှ အသက် ၂၈ နှစ်အရွယ် အင်္ဂလန်ဗဟိုခံစစ်ကစားသမား ဒန်နီရိုစ့်သည် ပီအက်စ်ဂျီအသင်းထံသို့ အငှားဖြင့်ပြောင်းရွှေ့နိုင်ခွင့်တစ်ရပ်ကို ပယ်ချဖွယ်ရှိကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲဘက်တစ်အသင်းသည် ဘာစီလိုနာအသင်းမှ အသက် ၂၅နှစ် အရွယ် ဘရာဇီး ကွင်းလယ်ကစားသမား ရာဖင်ဟာကို အငှားခေါ်ယူဖွယ်ရှိကြောင်း စပိန်ဘက်ကလာသော သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- ရီးရဲဆိုစီဒက်အသင်းသည် အဲဗာတန်အသင်းမှ စပိန်တိုက်စစ်ကစားသမား ဆန်ဒရို ရာမီးရက်ဇ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း စပိန်သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ ၂၃ နှစ်အရွယ် အဆိုပါ ကစားသမားသည် ပြီးခဲ့သည့် ရာသီတွင် အဲဗာတန်အသင်းသို့ ရောက်ရှိလာသူဖြစ်ပြီး ဆီဗီလာအသင်းထံသို့ အငှားချခံထားရကြောင်းလည်း သိရသည်။
- ဖီနာဘာချီအသင်းသည် ၎င်းတို့အနေဖြင့် တော့တင်ဟမ်အသင်းမှ ပြင်သစ် ကွင်းလယ်ကစားသမား ဆစ်ဆိုကို (၂၉နှစ်) အား ခေါ်ယူရန် ကြိုးပမ်းအားထုတ်နေသည်ဆိုသည့်သတင်းများအပေါ် ငြင်းပယ်လိုက်ကြောင်း ဗြိတိန်မီဒီယာ၏ ဖော်ပြချက်အရ သိရသည်။
- ချယ်လ်ဆီးအသင်းမှ အင်္ဂလန်နောက်ခံကစားသမား ဂယ်ရီကာဟေးလ် (၃၂ နှစ်) သည် ဆာရီ၏ ကစားသမားစာရင်းမှ ချန်လှပ်ထားခြင်းခံထားရသော်လည်း အသင်းတွင် ဆက်လက်နေလိုပြီး ၎င်း၏ နေရာအတွက် ကြိုးစားယှဉ်ပြိုင်သွားရန် ဆုံးဖြတ်ထားကြောင်း တယ်လီဂရပ်၏ ဖော်ပြချက်အရ သိရသည်။
- အသက် ၃၁ နှစ်အရွယ် ဘာစီလိုနာနောက်ခံကစားသမား ပီကေးသည် ၎င်းအနေဖြင့် မန်ယူအသင်းထံသို့ ပြန်လာမှာမဟုတ်ကြောင်း ပြောကြားလိုက်သည်။ အဆိုပါ စပိန်နောက်ခံကစားသမားသည် ၂၀၀၈ ခုနှစ်တွင် မန်ယူအသင်းမှ ဘာစီလိုနာအသင်းထံသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်သည်။
- ဘာစီလိုနာအသင်းသည် အပြောင်းအရွှေ့ဈေးကွက် မပိတ်မီတွင် ဗဟိုကွင်းလယ်ကစားသမားတစ်ဦး ခေါ်ယူချင်နေသေးကြောင်း စပိန်သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- အာဆင်နယ်အသင်းမှ ပြင်သစ်တိုက်စစ်ကစားသမား လာကာဇက် (၂၇နှစ်) သည် အာဆင်နယ်အသင်း၌ ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး စဉ်းစားနေကြောင်း ပြင်သစ်သတင်းရင်းမြစ်တစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

## စစ်တောင်း၊ ရွှေကျင်နှင့်သံလွင် မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် သြဂုတ် ၂၉**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ရွှေကျင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြစ်တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိ ရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့ ရွှေကျင်မြို့နယ်နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

**၃၀ . ၈ . ၂၀၁၈(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆ ႏ၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇ ႏ ၀၀ - Breakfast News
- ၁၀ ႏ၃၀ - အလုပ်သမားရေးရာ အစီအစဉ်
- ၁၂ ႏ၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း- ၃၀) (ဇာတ်သိမ်းပိုင်း)
- ၁၄ႏ၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း- ၁၄)

**ညပိုင်း**

- ၁၆ႏ ၃၅ - "ပြည်သူများအတွက် သုံးရန် အသစ် အလိုအလျောက် မီတာဖတ်စနစ်"
- ၁၇ႏ၁၅ - "ပုဂံနှင့်ယဉ်ကျေးမှု ယဉ်ကျေးမှုနှင့် မြန်မာ့အစားအစာ"
- ၁၈ႏ ၂၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၈ႏ၅၅ - " CHOICE " (အပိုင်း- ၈၀)
- ၂၀ႏ၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀ႏ၃၅ - Britain's Got Talent (16)
- - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း- ၄) ဒါရိုက်တာ- ကြည်စိုးထွန်း၊ အကယ်ဒမီမောင်မောင်

# ဇနီးဟောင်းကိုသတ်ပြီး တိမ်းရှောင်နေသူ တပ်ကုန်းမြို့မရဲစခန်းသို့ လာရောက်အဖမ်းခံ



**တပ်ကုန်း သြဂုတ် ၂၉**

နေပြည်တော်တပ်ကုန်းမြို့၏ တောင်ဘက် ရန်ကုန် - မန္တလေးကားလမ်းဟောင်း မိုင်တိုင်(၂၇၃/၁) နွယ်ရစ်ကျေးရွာအနီး၌ ဇနီးဟောင်းကိုသတ်၍ တိမ်းရှောင်သွားသူ အောင်စိုး (ခ) မောင်စိုး (၄၇ နှစ်) ဆည်ထိပ်ကျေးရွာ တပ်ကုန်းမြို့နေသူသည် မြို့မရဲစခန်းသို့ သြဂုတ် ၂၉ ရက် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က လာရောက်အဖမ်းခံခဲ့ကြောင်း သိရသည်။

သြဂုတ် ၂၇ ရက် နံနက် ၈ နာရီခန့်က တပ်ကုန်းမြို့နယ် ဝက်စုကျေးရွာနေ ဦးအောင်မောင်း (၆၃ နှစ်)သည် သမီးဖြစ်သူ မစုရည်ဖြိုး(၂၈ နှစ်) နှင့်အတူ 56/---- YONDE ဆိုင်ကယ်ဖြင့် တပ်ကုန်းမြို့နယ် တရားရုံးသို့ သွားရောက်စဉ် ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင် အမှတ် ၂၇၃/၁ အနီး အရောက် မစုရည်ဖြိုးမှာ လွန်ခဲ့သည့်တစ်လခန့်က ပျော်ဘွယ်မြို့နယ် တရားရုံး၌ တရားဝင်ကွာရှင်းပြတ်စဲထားသည့် ခင်ပွန်းဟောင်း အောင်စိုး (ခ) မောင်စိုးက ဓားမြောင်ဖြင့် လည်ပင်းကို လှီးခဲ့သဖြင့် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် တပ်ကုန်းမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဇော်မျိုးဝင်းနှင့်အဖွဲ့သည် ပြစ်မှုကျူးလွန်သူ၏ ညီဖြစ်သူနေထိုင်သည့် ပြင်ဦးလွင်မြို့နယ် ရွာသာယာကျေးရွာသို့ သွားရောက်တွေ့ဆုံပြီး ၎င်း၏ အစ်ကိုဖြစ်သူ အောင်စိုး(ခ) မောင်စိုးနှင့် ဆက်သွယ်ထားသည့် ဖုန်းနံပါတ်ကို ရယူကာ ဒုရဲမှူးဇော်မျိုးဝင်းက တိမ်းရှောင်နေသူ အောင်စိုး(ခ) မောင်စိုးအား ဖုန်းဖြင့် ဆက်သွယ်၍ ၎င်းကျူးလွန်ခဲ့သည့် ပြစ်မှုအား ဥပဒေဘောင်အတွင်းမှ ရင်ဆိုင်ဖြေရှင်းရန် ဆွေးနွေးပြောဆိုခဲ့သဖြင့် အောင်စိုး(ခ)မောင်စိုးသည် တပ်ကုန်းမြို့မရဲစခန်းသို့ ယနေ့ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က လာရောက်အဖမ်းခံခဲ့သဖြင့် ဆက်လက်စစ်ဆေး အရေးယူထားကြောင်း သိရသည်။

**တင်စိုးလွင်**

## ရွှေကျင် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးအား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူ

**နေပြည်တော် သြဂုတ် ၂၉**

ရွှေကျင်မြို့နယ်တွင် ရွှေကျင်လူငယ်အဖွဲ့က တရားမဝင်ဘီယာဖာများ တင်ဆောင်လာသည့် မော်တော်ယာဉ်အား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးသူ ပါဝင်သည့်အဖွဲ့ဖြင့် ဖမ်းဆီးခဲ့သည့်ကိစ္စတွင် ဦးစိုးမိုးသူသည် လာဘ်ငွေ ၂၅ သိန်း တောင်းခံရယူပြီး Facebook တွင် ဖော်ပြပါရှိ၍ ပြန်လည်ပေးအပ်ခဲ့ခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ၎င်း၏ လက်အောက်ဝန်ထမ်း ဦးစိုးမိုးသူက ဥပဒေချိုးဖောက်၍ ငွေကြေးတောင်းခံပြီး ပြန်လည်ပေးအပ်ခဲ့သည်ကို အရေးမယူဘဲ မျက်ကွယ်ပြုခဲ့ခြင်းတို့အား အရေးယူပေးပါရန် တိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ပြီး ရွှေကျင်မြို့မရဲစခန်းတွင် သြဂုတ် ၂၃ ရက်က ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးသူအား ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၌ တရားစွဲဆိုတင်ပို့ခဲ့ကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်ကြီးနား၌ ငွေကျပ်သိန်း ၆၀ ကျော် ခိုးယူသူအား ဖမ်းမိ

**မြစ်ကြီးနား သြဂုတ် ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် နန်ကျင်ကျေးရွာအုပ်စု အောင်မြေကျေးရွာ၌ သြဂုတ်၂၆ ရက်က အိမ်ရှင်မရှိခိုက် နေအိမ်အတွင်းဝင်ရောက်၍ ငွေကျပ်သိန်း ၆၀ ကျော်ခိုးယူသူအား ဖမ်းဆီးရမိကြောင်း မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်မိုးထံမှ သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားမြို့နယ် နန်ကျင်ကျေးရွာအုပ်စု အောင်မြေကျေးရွာ၌ သြဂုတ် ၂၆ ရက် နံနက် ၁၁ နာရီက အိမ်ရှင်ဦးတိုက်ယိန်းသည် ဇနီးဖြစ်သူနှင့်အတူ ကျေးရွာနှစ်ခြင်းကျောင်းသို့ ဝတ်ပြုဆုတောင်းရန်သွားရောက်ပြီး မွန်းလွဲ ၁ နာရီခန့်တွင် အိမ်သို့ပြန်ရောက်စဉ် အိမ်တံခါးမကြီးသော့မှာ ပြုတ်နေသည်ကိုတွေ့ရသဖြင့် နေအိမ်အတွင်းစစ်ဆေးကြည့်ရှုရာ အိပ်ခန်းအတွင်းရှိ သံသေတ္တာအတွင်းမှ ငွေကျပ် ၆၄၇၀၀၀၀ မှာပျောက်ဆုံးနေကြောင်း တွေ့ရှိရ၍ နယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်က ဦးတိုက်ယိန်း၏နေအိမ်မှ ငွေကျပ် ခုနစ်သိန်း ခိုးယူပြီး တိမ်းရှောင်နေသည့် တစ်ရွာတည်းနေ ဘောမ်ယိမ်း (၁၉ နှစ်) အား မသင်္ကာ၍ မြို့ရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ယူစစ်ဆေးရာ ဦးတိုက်ယိန်း၏နေအိမ်အတွင်းမှ ငွေများခိုးယူကြောင်း ဝန်ခံထွက်ဆိုသဖြင့် မြစ်ကြီးနားမြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## မြိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ကျော် သိမ်းဆည်းရမိ

**မြိတ် သြဂုတ် ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ချောင်းကူးငယ်ရပ်ကွက်ရှိ ကွမ်းခြံတစ်ခုအတွင်း သြဂုတ် ၂၉ ရက် နံနက် ၈ နာရီခန့်က စိတ်ကြွရူးသွပ်ဆေးပြား ၈၃၀၀၀ ကျော်သိမ်းဆည်းရမိခဲ့ကြောင်း မြိတ်မြို့မရဲစခန်းမှသိရသည်။

မြိတ်မြို့မရဲစခန်းမှုစခန်းမှူး ဒုရဲမှူး ချိုလွင်နှင့်အဖွဲ့သည် မြိတ်မြို့ချောင်းကူးငယ်ရပ်ကွက် ရွှေပြည်သာလမ်း ဦးတင်ထွန်း (ခ) ဦးအိုလား(၅၅ နှစ်)၏ ကွမ်းခြံအတွင်း သွားရောက်စစ်ဆေးခဲ့ရာ ကွမ်းခြံနှင့် ရှစ်ပေခန့်အကွာ ပုံးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၃၀၃၀၊ အလေးချိန် ၈ ဒသမ ၃၀၃ ကီလိုဂရမ်ခန့်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မြိတ်မြို့မရဲစခန်းက အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူအား စုံစမ်းရှာဖွေနေကြောင်းသိရသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ကန်ကြီးရပ်ကွက် ကမ်းနားလမ်း၌ သြဂုတ် ၂၈ ရက် ညနေ ၄ နာရီ ခန့်က မြိတ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ထွန်းထွန်းနိုင်ဦးစီးတပ်ဖွဲ့ဝင်များသည် ထွေးမောင်(ခ) ကိုထွေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် သဲကွင်းကုန်တိုက်ဘက်မှ ထားဝယ်စုရပ်ကွက် ကမ်းနားလမ်းဘက်သို့ ထွေးမောင် (ခ) ကိုထွေး (၃၉ နှစ်) ကျောက်တော်မြို့နေသူအား တွေ့ရှိရ သဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ ကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ထွေးမောင် (ခ) ကိုထွေးအား စစ်ဆေးမေးမြန်းရာ မြိတ်မြို့မြစ်ငယ်ရပ်ကွက် ပိတောက်လမ်းရှိ ရွှေဝယ်အောင် တည်းခိုခန်း၌ တည်းခိုနေကြောင်း သိရှိရသဖြင့် ညနေ ၅ နာရီခန့်က အဆိုပါနေရာအား စစ်ဆေးရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ တွေ့ရှိရသဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇၉၆၀၊ ကာလတန်ဖိုး ငွေကျပ် ၂၃၈ သိန်းကျော် သိမ်းဆည်းရမိခဲ့သဖြင့် ထွေးမောင် (ခ) ကိုထွေး ကာဘုကျေးရွာ ကျောက်တော်မြို့နေသူအား မြိတ်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ငဖဲမြို့နယ်၌ ဆေးခြောက်များ ဖမ်းဆီးရမိ

**ငဖဲ သြဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် စာတက်ကူကျေးရွာအနီးတွင် ဆိုင်ကယ်စီးနင်းလာသော အမျိုးသားတစ်ဦးအား ရှာဖွေရာမှ ဆေးခြောက်များ ဖမ်းဆီးရမိခဲ့ကြောင်း ငဖဲမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ သြဂုတ်၂၇ ရက်က မကွေးတိုင်းရဲတပ်ဖွဲ့နှင့် မင်းဘူးခရိုင်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ငဖဲမြို့နယ် မင်းဘူး-ပဒါန်း-အမ်း ကားလမ်း မိုင်တိုင် အမှတ် (၃၁/၆) နှင့် (၃၁/၇) အကြား စာတက်ကူကျေးရွာအနီး စောင့်ဆိုင်းနေစဉ် ဇင်ပြွန်ကျေးရွာဘက်မှ ပဒါန်းကျေးရွာဘက်သို့ ခွန်ဆာ (၂၀ နှစ်) ဇင်ပြွန်ကျေးရွာ ငဖဲမြို့နယ်နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ဆေးခြောက်အလေးချိန် ၇၀ ကျပ်သားခန့်နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ခွန်ဆာအား ငဖဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## သထုံ၌ မူးယစ်ဆေးဝါး သယ်ဆောင်သူများဖမ်းမိ

**သထုံ သြဂုတ် ၂၉**

သထုံခရိုင်ရဲတပ်ဖွဲ့မှုခင်းနှိမ်နင်းရေးအဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များက သတင်းအရ ရှာဖွေစစ်ဆေးစဉ် မူးယစ်ဆေးဝါး သယ်ဆောင်လာသူများကို မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း နယ်မြေရဲစခန်းမှ သိရသည်။

သြဂုတ် ၂၈ ရက် ည ၁၀ နာရီ မိနစ် ၄၀ က ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် သထုံမြို့ ဒူးရင်ဆိပ်ကျေးရွာ ဒုံသမိတံတားအနီး မိုင်တိုင်အမှတ် (၈/၀)နှင့် (၈/၁) အကြား ဘားအံဘက်မှ သထုံဘက်သို့ မိုးသက်ပိုင် မောင်းနှင်ပြီး ကိုဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈ ပြား သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ မိုးသက်ပိုင် အမှတ်(၆)၊ (၂)လမ်း သီရိဇေယျာရပ်ကွက် ရေးမြို့နေသူနှင့် ကိုဦး ဘုရားကြီးကျေးရွာ ပဲခူးမြို့နေသူတို့ကို နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

အလားတူ ယင်းနေ့ ည ၁၁ နာရီ မိနစ် ၂၀ခန့်က ဘားအံဘက်မှ သထုံဘက်သို့ နိုင်နိုင်အောင် မောင်းနှင်ပြီး ဒေါ်ယဉ်မြိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ အလေးချိန် ၂၀၀ ဂရမ်ခန့်အား သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးကို နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**၁၃၈**

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ရန်ကုန် သြဂုတ် ၂၉**

မြောက်ဥက္ကလာပမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၂၈ ရက် နံနက်ပိုင်းက မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) ရပ်ကွက် သုခမ္မာလမ်းမတွင် ရဲစိုး မောင်းနှင်ပြီး မအေးအေးမူနှင့် မွန်လေး (ခ) စိုးဝင်းဇော်တို့ လိုက်ပါလာသည့် အငှားမော်တော်ယာဉ်ကို ရှာဖွေရာ မွန်လေး (ခ) စိုးဝင်းဇော်၏ လက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## သန်လျင်မြို့နယ်၌ မူးယစ်ဆေးဝါးများနှင့် ဓားလက်နက်များ ဖမ်းဆီးရမိ

**ရန်ကုန် သြဂုတ် ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ သြဂုတ် ၂၈ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါးနှစ်ကြိမ် ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သန်လျင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် မျိုးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် သန်လျင်မြို့ဘုရားကုန်းကျေးရွာအုပ်စု နတ်စင်ကုန်းလမ်းရှိ ဇေယျာဖြိုး၏ နေအိမ်ဆိုင်ခန်းအတွင်းသို့ ဝင်ရောက်ရှာဖွေရာ ဇေယျာဖြိုး (၂၃ နှစ်) နတ်စင်ကုန်းလမ်း နတ်စင်ကုန်းကျေးရွာ သန်လျင်မြို့နေသူနှင့် ဖြိုးဝေလင်း (၂၅ နှစ်) အမှုထမ်းရပ်ကွက် သန်လျင်မြို့နေသူနှင့် ကျော်ဇင်ဦး (၂၅ နှစ်) ညောင်သုံးပင်ကျေးရွာ သန်လျင်မြို့နယ်နေသူတို့သုံးဦးအား**(ယာပုံ)** ဆေးခြောက်များ၊ မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် ဓားဦးချွန် နှစ်လက်တို့နှင့်အတူ တွေ့ရှိရသဖြင့် သန်လျင်မြို့မရဲစခန်းက အရေးယူထားသည်။



ကွင်းဆက်အရ ယင်းနေ့နံနက် ၆ နာရီခွဲက သန်လျင်မြို့ ဘုရားကုန်းကျေးရွာ မဂ္ဂင်လမ်းသွယ် ၄ လမ်းနေ နိုင်လင်းဦး၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နိုင်လင်းဦး (ခ) နိုင်လင်း (၃၄ နှစ်) ကို ဆေးခြောက် ၄၆ ဂရမ်၊ ဓားသုံးလက်နှင့်အတူ တွေ့ရှိရသဖြင့် သန်လျင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**



# အကြီးဆုံးစစ်ရေးလေ့ကျင့်မှု ရုရှား ပြုလုပ်မည်

**မော်စကို ဩဂုတ် ၂၉**

ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဆာဂျီရှိုင်ဂုသည် မကြာသေးမီတွင် အလယ်ပိုင်းစစ်ဌာနချုပ်သို့ သွားရောက်စဉ်အတွင်း ရုရှားနိုင်ငံသည် "အရှေ့တိုင်း-၂၀၁၈" စစ်ရေးလေ့ကျင့်မှုကို ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုအကြိမ် စစ်ရေးလေ့ကျင့်မှုသည် ၁၉၈၁ ခုနှစ် ဆိုဗီယက်ပြည်ထောင်စု "အနောက်တိုင်း-၈၁" နောက်ပိုင်း အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှု တစ်ခုဖြစ်ကြောင်း မီဒီယာများအား ပြောကြားလိုက်သည်။

ဆာဂျီရှိုင်ဂုက စစ်ရေးလေ့ကျင့်မှုကို စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ဆိုက်ဘေးရီးယားနှင့် အရှေ့ဖျားဒေသတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စစ်ရေးလေ့ကျင့်မှုတွင် တပ်ဖွဲ့ဝင် သုံးသိန်းကျော်ပါဝင်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

ထို့အပြင် စစ်ရေးလေ့ကျင့်မှုတွင် ရုရှားနိုင်ငံ စစ်ဌာနအသီးသီးတို့မှ ပါဝင်ကြမည်ဖြစ်ပြီး အချို့လေ့ကျင့်မှုများတွင် တရုတ်နိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့ ပါဝင်ကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ပြန်ကြားရေးဌာန၏ ထုတ်ပြန်ချက်အရ တရုတ်နိုင်ငံတပ်ဖွဲ့ဝင်များသည် ဩဂုတ်လကုန်ပိုင်းမှ စက်တင်ဘာ လလယ်ပိုင်းအထိ ရုရှားနိုင်ငံသို့ သွားရောက်ကာ "အရှေ့တိုင်း-၂၀၁၈" စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## မြောက်ကိုရီးယား၌ နျူကလီးယားကင်းစင်ပါက အမေရိကန်အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ဟုဆို

**ဝါရှင်တန် ဩဂုတ် ၂၉**

မြောက်ကိုရီးယားခေါင်းဆောင်က မြောက်ကိုရီးယားတွင် နျူကလီးယားကင်းစင်ပြီဟု ကတိပေးနိုင်ပါက အမေရိကန်အနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများ စတင်ရန် အသင့်ရှိနေသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် သောကြာနေ့က မစ္စတာပွန်ပီအို၏ မြောက်ကိုရီးယားခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့သည်။ မြောက်ကိုရီးယား၌ နျူကလီးယားလက်နက်ကင်းစင်ရေး လုပ်ဆောင်မှုတွင် တိုးတက်မှု နှေးကွေးသည်ဟု အကြောင်းပြကာ ထိုသို့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ အမေရိကန်သမ္မတ ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ စင်ကာပူ၌ တွေ့ဆုံဆွေးနွေးစဉ်ကအတိုင်း တိုင်းပြည်အတွင်း နျူကလီးယားလက်နက်ကင်းစင်ပြီဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ကတိပြုနိုင်လျှင် အမေရိကန်အနေဖြင့် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရန် အသင့်ရှိသည်ဟု ထုတ်ပြန်ကြေညာချက်တွင် ပါရှိသည်။

အမေရိကန်မီဒီယာများကမူ မြောက်ကိုရီးယားအာဏာရ အလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချို၏ စာကို တုံ့ပြန်ရန် ရည်ရွယ်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်ကို ဖျက်သိမ်းလိုက်ရခြင်းဖြစ်ကြောင်း ဝေဖန်ကြသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကမူ ဘာမျှ တုံ့ပြန်ပြောကြားခြင်း မရှိပေ။

အင်န်အိတ်ချ်ကေ



## ဘူကီနာဖာဆိုတွင် ဗုံးခွဲတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အစိုးရတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံး

**လိုမေ ဩဂုတ် ၂၉**

ဘူကီနာဖာဆိုနိုင်ငံတွင် ဩဂုတ် ၂၈ ရက်က နိုင်ငံအရှေ့ပိုင်း ဂေါမာပြည်နယ် ဖာဒါနာဂေါမာမြို့တွင် ဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး အစိုးရတပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အစိုးရတပ်ဖွဲ့ဝင်များလိုက်ပါလာသည့် ယာဉ်သည် ဖာဒါနာဂေါမာမြို့၏ လုံခြုံရေးအခြေအနေကို ထိန်းသိမ်းရန် သွားရောက်စဉ် ဗုံးခွဲတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဗုံးကို လမ်းဘေးတွင် ကြိုတင်ထောင်ထားခဲ့ကာ ယာဉ်ဖြတ်သန်းစဉ်အတွင်း အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကို မည်သည့်အဖွဲ့အစည်းက လုပ်ဆောင်ခဲ့သည်ဆိုသည်ကို ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

၂၀၁၅ ခုနှစ်မှစ၍ ဘူကီနာဖာဆိုနိုင်ငံတွင် တိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားလေ့ရှိပြီး လုံခြုံရေးအခြေအနေမှာ ဆိုးရွားလာခဲ့ကြောင်း သိရသည်။ ဩဂုတ် ၁၁ ရက်က ဖြစ်ပွားခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ခြောက်ဦး သေဆုံးခဲ့ပြီး မတ် ၂ ရက်က အမည်မသိလက်နက်ကိုင်အဖွဲ့၏ တိုက်ခိုက်မှုကြောင့်လည်း အစိုးရတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ထောင်ပေါင်းများစွာသော ဆီးရီးယားတို့ နေရပ်သို့ပြန်

**ဒမတ်စကတ် ဩဂုတ် ၂၉**

ထောင်ပေါင်းများစွာသော စစ်ဘေးရှောင် ဆီးရီးယားပြည်သူများသည် အင်္ဂါနေ့က ဒမတ်စကတ်မြို့ အနောက်တောင်ပိုင်း ဒါရာရာ အရပ်သို့ စတင်ပြန်ကြကြောင်း နိုင်ငံပိုင် သတင်းဌာနက ပြောသည်။

ဆီးရီးယားအစိုးရသည် ဒါရာရာမြို့တွင် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ယခုကဲ့သို့ နေရပ်သို့ ပြန်ကြခြင်း ဖြစ်သည်။ ဒါရာရာမြို့ကို ၂၀၁၆ ခုနှစ်တွင် ဆီးရီးယားတပ်ဖွဲ့က ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ထိုအချိန်မှစ၍ မြို့အတွင်းသို့ အချိန်အကန့်အသတ်နှင့် ပြည်သူများကို ဝင်ရောက်ခွင့်ပြုကာ ပြည်သူများ၏ ပိုင်ဆိုင်မှုများကို စစ်ဆေးခြင်း၊ ပြန်လည်ဝင်ရောက်နေထိုင်ခြင်းတို့ကို ပြုလုပ်ခွင့်ပေးခဲ့သည်။

လွန်ခဲ့သောလအနည်းငယ်ကလည်း စေတနာ့ဝန်ထမ်းများသည် ဒါရာရာမြို့ရှိ ကျောင်းများ ပြန်လည်ထူထောင်ရေးအတွက် ကူညီပေးခဲ့ကြသည်။

ဆီးရီးယားသူပုန်များနှင့် ၎င်းတို့၏ မိသားစုဝင်များသည် ၂၀၁၆ ခုနှစ် ဆီးရီးယားအစိုးရနှင့် ချုပ်ဆိုသော စာချုပ်အရ ဒါရာရာမြို့မှ ထွက်သွားခဲ့ကြပြီး သူပုန်များ ထိန်းချုပ်ထားရာ ဆီးရီးယားနိုင်ငံမြောက်ပိုင်းသို့ ရွှေ့ပြောင်းသွားခဲ့ကြသည်။

ဆင်ဟွာ



# ဖိလစ်ပိုင်တွင် လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲရာ တစ်ဦးထက်မနည်း သေဆုံး

**မနီလာ ဩဂုတ် ၂၉**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆော်တန်ကူဒါရတ်ပြည်နယ်တွင် မကြာသေးမီက လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ တစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး အခြား ၃၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လက်လုပ်ဗုံးသည် အစ်ဆူလန်အမည်ရှိ မြို့တစ်မြို့၏ အဝေးပြေးလမ်းပေါ်ရှိ စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ဒေသစံတော်ချိန် ည ၈ နာရီခွဲနှင့် ၉ နာရီကြားတွင် ပေါက်ကွဲခဲ့ခြင်း ဖြစ်နိုင်ကြောင်း ဆော်တန်ကူဒါရတ်ပြည်နယ် ရဲချုပ် နိုအယ်ကီနာဇိုက ပြောခဲ့သည်။




ပြည်နယ်ရဲချုပ်က ဒဏ်ရာရရှိသူ ၃၃ ဦးအနက် အနည်းဆုံး နှစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ပြောခဲ့သည်။

ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးကုသရေးစင်တာများသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ဒေသခံများ ပွဲတော်တစ်ခု ကျင်းပနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ပေါက်ကွဲမှုနှင့်ပတ်သက်သော စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ရဲချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

## ယီမင်၌ စစ်ရာဇဝတ်မှု ကျူးလွန်မှုများရှိနိုင်ဟု ကုလသမဂ္ဂဆို

**ဂျီနီဗာ ဩဂုတ် ၂၉**

ယီမင်နိုင်ငံ ပဋိပက္ခဖြစ်ပွားရာနေရာများတွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် အတိုက်အခံတပ်ဖွဲ့များပါ စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ဖွယ်ရှိသည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေးကျွမ်းကျင်သူများက ပြောသည်။ အင်္ဂါနေ့က ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ စီမံမှုဖြင့် တင်ပြထားသော အစီရင်ခံစာတွင် ယီမင်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေများကို ဖော်ပြထားသည်။

ယီမင်သမ္မတ မန်ဆောဟာဒီကို ထောက်ပံ့ပေးထားသော ဆော်ဒီအာရေဗျတပ်ဖွဲ့များနှင့် ယီမင် ဟူသီသူပုန်တို့ တိုက်ပွဲဖြစ်လာသည်မှာ သုံးနှစ်ခွဲကျော် ရှိလာပြီဖြစ်သည်။ ဆော်ဒီဦးဆောင်သော မဟာမိတ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သား ၁၆၀၀၀ ကျော် သေဆုံးခဲ့ရသည်ဟု လူ့အခွင့်အရေးကျွမ်းကျင်သူများက ပြောသည်။ အရပ်သားများကို အကာအကွယ်ပေးရမည်ဆိုသော တားမြစ်ချက်ကို ဖောက်ဖျက်ခြင်းပင် ဖြစ်သည်။ ထို့ပြင် အစီရင်ခံစာရေးသူများက ဟူသီသူပုန်များကိုလည်း ကလေးတပ်ဖွဲ့ဝင်အသစ်များ စုဆောင်းမှု၊ ညှဉ်းပန်းနှိပ်စက်မှု ပြုလုပ်မှုများရှိသည်ဟု စွပ်စွဲထားသည်။

အင်န်အိတ်ချ်ကေ

**နိုင်ငံတကာ သတင်းတိုထွာ**

## လော့အိန်ဂျလိစ်၌ ပြင်းအား ၄ ဒသမ ၄ ရှိ ငလျင်တစ်ခုလှုပ်

**လော့အိန်ဂျလိစ် ဩဂုတ် ၂၉**

ရစ်ချ်တာစကေး ၄ ဒသမ ၄ ရှိ ငလျင်တစ်ခု အင်္ဂါနေ့ညက လော့အိန်ဂျလိစ်၌ လှုပ်သွားကြောင်း သိရသည်။

အဆိုပါငလျင်မှာ ည ၇ နာရီ ၃၃ မိနစ်တွင် လှုပ်သွားခြင်းဖြစ်ကြောင်း လော့အိန်ဂျလိစ်မြို့ အရှေ့ပိုင်း ၅၄ ကီလိုမီတာခန့်အကွာ လာဗန်းအရပ်ကို ဗဟိုပြု၍ အနက် ၆ ဒသမ ၁ ကီလိုမီတာ၌ ငလျင်လှုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဘူမိဗေဒလေ့လာရေးက ပြောသည်။

ယင်းငလျင်လှုပ်ပြီးနောက် ၃ ဒသမ ၄ အင်အားရှိ ငလျင် ၇ နာရီ ၃၄ မိနစ်ခန့်တွင် ထပ်မံလှုပ်ခဲ့ကြောင်း အမေရိကန်ပြည်ထောင်စု ဘူမိဗေဒလေ့လာရေးမှ ပြောသည်။

လူပေါင်းများစွာတို့သည် ၎င်းတို့၏ အတွေ့အကြုံများကို ဖေ့စ်ဘုတ်ပေါ်တွင် မျှဝေခဲ့ကြပြီး ပြင်းထန်သည့် တုန်ခါမှုကို ခံစားခဲ့ရသည်ဟု ပြောသည်။

ငလျင်ကြောင့် အပျက်အစီးစာရင်းနှင့် ထိခိုက်ဒဏ်ရာရမှုများကို မသိရသေးကြောင်း လာဗန်းရဲစခန်းက ပြောသည်။

ဆင်ဟွာ

## ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် တူရကီနှင့် အမေရိကန်တို့ ပူးပေါင်း၍ ကင်းလှည့်မည်

**ဝါရှင်တန် ဩဂုတ် ၂၉**

အမေရိကန်ပြည်ထောင်စုနှင့် တူရကီနိုင်ငံတို့ ပူးပေါင်းပြီး ဆီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် လုံခြုံရေးမြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းကင်းလှည့်မှု ဆောင်ရွက်မည်ဟု ပူးပေါင်းစစ်ဆင်ရေး အကြီးအကဲ ဂျိုးဇက်ဒန်ဖို့က အင်္ဂါနေ့က ပြောသည်။

သတင်းစာရှင်းလင်းပွဲတွင် ဒန်ဖို့က လွန်ခဲ့သော နှစ်လခန့်ကစတင်ကာ ဆီးရီးယားနိုင်ငံမြောက်ပိုင်း မန်းဘစ်ဂျ် လုံခြုံရေးအတွက် အမေရိကန်နှင့် တူရကီတို့ ပူးပေါင်းမှုစတင်ခဲ့ကြောင်း ပြောခဲ့သည်။

ကင်းလှည့်မှုကို နှစ်ဆင့်ဆောင်ရွက်သွားမည်ဟုလည်း သိရသည်။ တစ်ခုမှာ တူရကီတပ်ဖွဲ့၊ အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့တို့နှင့် ဆက်သွယ်ကာ လွတ်လပ်စွာ ဆောင်ရွက်မှုဖြစ်ပြီး ဒုတိယအဆင့်မှာ ပူးပေါင်းကင်းလှည့်မှုဖြစ်ကြောင်း ၎င်းက ပြောသည်။

ယခုအခါ တူရကီတပ်ဖွဲ့ဝင်များနှင့် ဆက်သွယ်မှုရယူကာ လွတ်လပ်စွာ ကင်းလှည့်မှုကို လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ တူရကီနှင့်အတူ ပူးပေါင်းကင်းလှည့်မှုကို ဆောင်ရွက်ရန်လည်း အစီအစဉ်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဆင်ဟွာ

# ကမ္ဘာ့အသိုင်းအဝိုင်းက လက်မခံတဲ့ အကြမ်းဖက်မှုတွေ ကမ္ဘာမြေမှ ကွယ်ပျောက်ပါစေ

**ထွန်းသစ်စ**

**အာဖဂန်အရှေ့ပိုင်း မြို့တစ်မြို့ဖြစ်တဲ့ ဂျာလာလာဘတ်မှာ မကြာသေးမီက အကြမ်းဖက် အသေခံဗုံးခွဲမှု ဖြစ်ပွားခဲ့ပါတယ်။ အဲဒီဗုံးခွဲမှုမှာ လူနှစ်ဦးထက်မနည်း သေဆုံးခဲ့ပါတယ်။ အခုဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်ဗုံးခွဲမှုရဲ့ လက်သည်တရားခံက ဘယ်သူလို့ ထင်ပါသလဲ။ အရှေ့အလယ်ပိုင်းမှာ အိုင်အက်စ်လို့ နာမည်ကြီးနေတဲ့ အကြမ်းဖက်အစွန်းရောက်သမားတွေရဲ့ လက်ချက်ပဲ ဖြစ်ပါတယ်။**



ပါကစ္စတန်နိုင်ငံ ကွက်တာမြို့ရှိ ဆေးရုံတစ်ရုံ၌ အကြမ်းဖက်ဗုံးဖောက်ခွဲမှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးကုသပေးနေစဉ်။

အကြမ်းဖက် အစွန်းရောက်သမားတွေ အခုလို အကြမ်းဖက်လုပ်ရပ်တွေကို လုပ်နေတာဟာ အဲဒီတစ်နိုင်ငံတည်းမှာသာမက ကမ္ဘာတစ်ဝန်းမှာ လုပ်နေတယ်လို့ဆိုရင်လည်း မှားမယ် မထင်ပါဘူး။

ဟိုနေရာမှာ အသေခံဗုံးခွဲမှု ဖြစ်လိုက်၊ ဒီနေရာမှာ အသေခံဗုံးခွဲမှု ဖြစ်လိုက်၊ ဟိုနေရာမှာ အကြမ်းဖက်လုပ်ရပ်တွေ ကြားလိုက်၊ ဒီနေရာမှာ အကြမ်းဖက်လုပ်ရပ်တွေ ကြားလိုက်နဲ့ ထစ်ခနဲဆို သူတို့ရဲ့ လက်ချက်ပါပဲ။

**အကြမ်းဖက်စစ်ပွဲ အဆုံးသတ်နိုင်ခဲ့**

အီရတ်နိုင်ငံ ဝန်ကြီးချုပ် အဘာဒီက အိုင်အက်စ်လို့ လူသိများတဲ့ အစ္စလာမ္မစ်အဖွဲ့ကို အီရတ်မြေပေါ်မှ တိုက်ထုတ်နိုင်ခဲ့ပြီဖြစ်သလို အိုင်အက်စ်တို့အပေါ် သုံးနှစ်ကျော်ကြာ ဆင်နွှဲခဲ့တဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေးစစ်ပွဲကိုလည်း အဆုံးသတ်နိုင်ခဲ့ပြီလို့ မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

သို့သော်လည်း အီရတ်နိုင်ငံ ဝန်ကြီးချုပ်က အိုင်အက်စ်တို့ကို နှိမ်နင်းအောင်မြင်ခဲ့ပြီလို့ မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့တဲ့အပေါ် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက အစွန်းရောက်များမှာ ဆီးရီးယားနိုင်ငံနယ်စပ်ကို ဖြတ်ကျော်ပြီး အီရတ်နိုင်ငံကို ခြိမ်းခြောက်နေဆဲဖြစ်တယ်လို့ သတိပေး ပြောကြားခဲ့ပါတယ်။

အိုင်အက်စ်တွေ ရှုံးနိမ့်သွားတယ်ဆိုတာ မှန်ပေမယ့်လည်း သူတို့ဟာ အပြီးသတ်ကျဆုံးသွားတာမျိုး မဟုတ်သေးပဲ ဆက်လက်ခြိမ်းခြောက်နေဆဲရှိပါသေးတယ်။ အိုင်အက်စ်တို့ဟာ အီရတ်နဲ့ ဆီးရီးယားနိုင်ငံတွေမှာ အလျင်အမြန် ကြီးထွားနေခဲ့ပြီး လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်က အီရတ်နဲ့ ဆီးရီးယားနိုင်ငံ အစိတ်အပိုင်းအတော်များများကို ထိန်းချုပ်ပြီး အစ္စလာမ္မစ်နိုင်ငံတော်အဖြစ် ကြေညာခဲ့ပါသေးတယ်။ အိုင်အက်စ်အကြမ်းဖက်အုပ်စုဟာ မြေထဲပင်လယ်ကနေ ဘဂ္ဂဒက်မြို့တောင်ပိုင်းအထိ နယ်မြေဧရိယာ ၃၄၀၀၀ စတုရန်းမိုင်ကျော် သိမ်းပိုက်ခဲ့ပါတယ်။

**လူသစ်စုဆောင်း**

မကြာသေးမီကလည်း အိုင်အက်စ်အကြမ်းဖက်တပ်ဖွဲ့ဟာ လူသစ်စုဆောင်းမှုတွေ ထပ်မံပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဟာ အီရတ်နိုင်ငံကို ဆက်လက်ခြိမ်းခြောက်နေပြီး အီရတ်သန်းပေါင်းများစွာရဲ့ နေ့စဉ်ဘဝတွေကိုလည်း ခြိမ်းခြောက်နေပါတယ်။ ဆရာဝန်တွေ၊ ကျောင်းဆရာတွေ၊ တရားသူကြီးတွေ၊ စားဖိုမှူးတွေနဲ့ ရှေ့နေတွေအပါအဝင် အီရတ်ထောင်ပေါင်းများစွာဟာလည်း အိုင်အက်စ်အကြမ်းဖက်အုပ်စုမှာ သစ္စာခံဖို့ လာရောက်တဲ့သူတွေ ရှိပါတယ်။

**ကူးစက်ပျံ့နှံ့**

အစ္စလာမ္မစ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ဟာ ဂျီဟတ်စစ်ပွဲဆင်နွှဲနိုင်ရေး တစ်ကမ္ဘာလုံးအကြမ်းဖက်ဝါဒ ပြန့်ပွားရေးကို နည်းအမျိုးမျိုးနဲ့ ပြုလုပ်လျက်ရှိပါတယ်။ အစ္စလာမ္မစ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ရဲ့ အကြမ်းဖက်ဝါဒဟာ ဘယ်လောက်တောင် ကြောက်စရာကောင်းလဲဆိုရင် ၎င်းတို့အခြေပြုရာ အီရတ်၊ အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ဆီးရီးယားကနေ အရှေ့တောင်အာရှ၊ ထိုမှတစ်ခါ ပြင်သစ်၊ အမေရိကန်၊ ဩစတြေးလျစတဲ့ နိုင်ငံတွေထိတောင်မက တစ်ကမ္ဘာလုံးထိတိုင်အောင် ကူးစက်ပျံ့နှံ့လာခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

**တိုင်းပြည်မအေးချမ်းနိုင်**

အရှေ့တောင်အာရှ နိုင်ငံတွေမှာဆိုရင် ဖိလစ်ပိုင် မာရဝီမြို့ဟာ အကြမ်းဖက်တွေရဲ့ လွှမ်းမိုးမှုကို တစ်ချိန်က ခံခဲ့ရပါတယ်။ ထို့အတူ လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီ တည်ထောင်ခဲ့တဲ့ အိန္ဒိယနိုင်ငံကို ပြန်ကြည့်မယ်ဆိုရင်လည်း အကြမ်းဖက်မှုတွေ၊ ပဋိပက္ခတွေကြောင့် စိတ်မအေးရတဲ့ သမိုင်းနေ့စွဲတွေကို ဖြတ်သန်းခဲ့ရပါတယ်။

အကြမ်းဖက်မှုတွေရှိရင် အဲဒီဒေသ၊ အဲဒီနိုင်ငံဟာ ဘယ်တော့မှ အေးချမ်းမှာ မဟုတ်ပါဘူး။ မအေးချမ်းတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုလည်း အားစိုက်မဆောင်ရွက်နိုင်သလို စီးပွားရေးမှာလည်း တိုးတက်လာမှာ မဟုတ်ပါဘူး။ နောက်ဆုံးမှာ ငြိမ်းချမ်းရေးကိုပါ ထိခိုက်လာနိုင်ပါတယ်။ ဒါဟာ ကြောက်စရာကောင်းလှပါတယ်။ သူတို့ကို အမြစ်မြေလှန် ရှင်းလင်းနိုင်မှ တော်ကာကျမှာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ပါးနပ်စွာ လုပ်ကိုင်တတ်ဖို့ လိုအပ်ပါတယ်။

**လူမှုမီဒီယာအသုံးချ ဝါဒဖြန့်နေ**

အခုလို နည်းပညာတိုးတက်လာတဲ့ ခေတ်ကြီးမှာ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ဟာ လူမှုဆက်သွယ်ရေး မီဒီယာတွေကတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်တာတွေ လုပ်နေတာကို မျက်ဝါးထင်ထင် တွေ့ရမှာ ဖြစ်ပါတယ်။ မကြာသေးမီက ထုတ်လွှင့်လိုက်တဲ့ ရုပ်သံဖိုင်တစ်ခုမှာ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့က ဘာတွေ တိုက်တွန်းခဲ့သလဲဆိုရင် အရှေ့တောင်အာရှမှာရှိတဲ့ အကြမ်းဖက်သမားတွေအားလုံး ဂျီဟတ်စစ်ပွဲဆင်နွှဲဖို့ တိုက်တွန်းခဲ့ပါတယ်။

တစ်ကမ္ဘာလုံးမှာရှိတဲ့ နေရာအတော်များများမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုဆိုရင် အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ရဲ့ လက်ချက်ကင်းတယ်လို့ မရှိပါဘူး။

ဝမ်းနည်းကြေကွဲမှု ရက်စွဲတွေ၊ သွေးဖုံးလွှမ်းသောနေ့တွေဆိုတာ အကြမ်းဖက်ဝါဒကို စွဲကိုင်ထားတဲ့ အကြမ်းဖက်သမားတွေရဲ့ မညှာမတာလုပ်ရပ်တွေကြောင့်ပဲ ဖြစ်ပေါ်လာတာပါ။

**အကြမ်းဖက်မှုတွေကို နှိမ်နင်း**

ဒါကြောင့် အမေရိကန်ဟာ အကြမ်းဖက်ဝါဒတွေ မွေးဖွားပေါ်ပေါက်ရာ ဟိုးအရင် အိုစမာဘင်လာဒင် လက်ထက်သာမက ယခု ရက်စက်မှုနေရာမှာ သရဖူဆောင်းတဲ့ အိုင်အက်စ်အဖွဲ့တို့ကို ဆက်လက်နှိမ်နင်းမှုတွေ လုပ်ဆောင်နေရဆဲ ရှိပါသေးတယ်။

သို့သော်လည်း ဒီနေ့အချိန်အခါမှာတော့ အီရတ်ရဲ့ ဥပဒေနဲ့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေနဲ့ ပေါင်းစပ်ပြီး အီရတ်ဟာ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဝင်တွေကို တရားစွဲဆိုဖို့ ကြိုးစားခဲ့ပါတယ်။ ပြစ်ဒဏ်ချမှတ်ခံရသူတွေအနေနဲ့ တစ်သက်တစ်ကျွန်း ထောင်ဒဏ် သို့မဟုတ် သေဒဏ် စီရင်ချက် ချမှတ်ခံခဲ့ရပါတယ်။ သနားထောက်ထားညှာတာမှု အလျှင်းမရှိတဲ့ အိုင်အက်စ်တွေရဲ့ ဥပဒေချိုးဖောက်မှုတွေဟာ အီရတ်ပြည်သူတွေအတွက် တရားမျှတမှုတွေ ဆောင်ကြဉ်းလာဖို့ အချိန်အခါကောင်း ကျရောက်လို့ လာခဲ့ပါပြီ။ မှန်ပါတယ်။ အိုင်အက်စ် အကြမ်းဖက်သမားတွေဟာ မခန့်မှန်းနိုင်တဲ့ ဒုက္ခပေါင်းစုံ၊ လူသတ်မှုတွေ၊ အီရတ်နဲ့ ဆီးရီးယားတို့မှာ သုံးနှစ်နီးပါး အကြမ်းဖက်မှုပေါင်း မြောက်မြားစွာကို ပြုလုပ်ခဲ့ကြပါတယ်။

**အကြမ်းဖက်မှုကို လက်မခံ**

အကြမ်းဖက်မှုတွေ မြစ်ဖျားခံရာ အိုင်အက်စ်တွေကို အီရတ်နိုင်ငံတစ်နိုင်ငံတည်း သာမကပါဘူး ဘယ်နိုင်ငံကမှ လက်မခံသလို သူတို့ကို အမြစ်မြေလှန်ရှင်းလင်းဖို့ကို အင်နဲ့အားနဲ့ အလုံးနဲ့အရင်းနဲ့ ကြိုးစားလျက်ရှိပါတယ်။

ယခု ၂၁ ရာစုဟာ အလွန်ကြောက်စရာကောင်းမှုတွေနဲ့ ပြည့်နှက်နေသလိုပါပဲ။ အိုင်အက်စ်အကြမ်းဖက်သမားတွေဟာ တရားဥပဒေကိုလည်း မလေးစားသလို အကြမ်းဖက်မှုတွေ လုပ်ဆောင်တဲ့နေရာမှာ ရက်စက်မှုသရဖူဆောင်းတဲ့သူတွေ ဖြစ်ကြပါတယ်။ သူတို့ဟာ အမိုက်တကာ့ အမိုက်ဆုံး၊ အကြမ်းတကာ့ အကြမ်းဆုံး၊ အရမ်းတကာ့ အရမ်းဆုံးတွေကို လုပ်နေတာဟာဖြင့် လူ့အသိုက်အဝန်းကို မထီမဲ့မြင် လုပ်နေသလို ဖြစ်နေပါတယ်။

ဒေ့ရ်ှလို့ခေါ်တဲ့ အစွန်းရောက်အကြမ်းဖက် အိုင်အက်စ်တွေနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ စုဆောင်းပြီး ကုလသမဂ္ဂကလည်း သူတို့ကို တရားစွဲဖို့ ကူညီမှုတွေ ဆောင်ရွက်နေတယ်လို့လည်း သိရပါတယ်။ ဆိုခဲ့သလို အီရတ်မြေပေါ်မှာ အိုင်အက်စ်တွေကို မောင်းထုတ်နိုင်ခဲ့တာကောင်းပါတယ်။ သို့သော်လည်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ ပြောသလို အမြစ်ပြတ်အောင်တော့ မဆောင်ရွက်နိုင်သေးပါဘူး။ အီရတ်အစိုးရအနေနဲ့ အကြမ်းဖက်ဝါဒကို လက်ကိုင်ပြုပြီး တရားဥပဒေကို မျက်စိထဲ မထည့်ထားတဲ့ အိုင်အက်စ်အကြမ်းဖက်သမားတွေကို အမြစ်ပြတ်နှိမ်နင်းဖို့ လိုအပ်သလို ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံတွေကလည်း အကြမ်းဖက်မှုတွေ မြစ်ဖျားခံရာ အိုင်အက်စ်အကြမ်းဖက်သမားတွေကို အမြစ်မြေလှန်ရှင်းလင်းနိုင်ဖို့ လိုအပ်ပါတယ်။

ကမ္ဘာ့အသိုင်းအဝိုင်းက လက်မခံရင် အကြမ်းဖက်မှုတွေကို ကျူးလွန်စရာနေရာမရှိသလို၊ ရှောင်ကွင်းစရာလည်း နေရာရှိမှာ မဟုတ်ပါဘူး။ အကြမ်းဖက်မှုတွေ လုံးဝပျောက်ကွယ်သွားဖို့ဆိုရင် ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အစိုးရတွေ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်သလို နိုင်ငံတကာ အဖွဲ့အစည်းတွေကလည်း ဝိုင်းဝန်းကူညီရမှာ ဖြစ်ပါတယ်။ အခုအချိန်ထိတော့ အကြမ်းဖက်မှုတွေ လုံးဝပျောက်ကွယ်သွားပြီဆိုတဲ့ သတင်းမျိုးတော့ မကြားမိသေးတာ အမှန်ဖြစ်ပေမယ့် နောင်တစ်ချိန်မှာ ကြားမိဖို့ စောင့်မျှော်လျက်ရှိဆဲပါ။ ။

ကိုးကား- အေအက်ဖ်ပီ

**“ယခု ၂၁ ရာစုဟာ အလွန်ကြောက်စရာကောင်းမှုတွေနဲ့ ပြည့်နှက်နေသလိုပါပဲ။ အိုင်အက်စ်အကြမ်းဖက်သမားတွေဟာ တရားဥပဒေကိုလည်း မလေးစားသလို အကြမ်းဖက်မှုတွေ လုပ်ဆောင်တဲ့နေရာမှာ ရက်စက်မှုသရဖူဆောင်းတဲ့သူတွေ ဖြစ်ကြပါတယ်။ သူတို့ဟာ အမိုက်တကာ့ အမိုက်ဆုံး၊ အကြမ်းတကာ့ အကြမ်းဆုံး၊ အရမ်းတကာ့ အရမ်းဆုံးတွေကို လုပ်နေတာဟာဖြင့် လူ့အသိုက်အဝန်းကို မထီမဲ့မြင် လုပ်နေသလိုဖြစ်နေ”**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်ပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်

**ကျောက်ပန်းတောင်း ဩဂုတ် ၂၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စကားဝါမြေခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခုလို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ (၇) ရရှိခဲ့ကြသော တောင်သူများအနေဖြင့် မိမိတို့ မိသားစုလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ရိုးသားကြိုးစားစွာ လုပ်ကိုင်ကြရန်နှင့် မျိုးကောင်း မျိုးသန့်များ ရွေးချယ်စိုက်ပျိုးကာ အရည်အသွေး မြင့်မားပြီး အထွက်နှုန်း တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန် လိုအပ်သလို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်းပြောကြားသည်။

ဆက်လက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ကျေးရွာအုပ်စုအလိုက်ပေးအပ်ရာ တောင်သူကိုယ်စားလှယ်များက လက်ခံယူကြောင်း သိရသည်။ **နေအောင်(မြန်/ဆက်)**



## လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် တက်ရောက်

**မြစ်ကြီးနား ဩဂုတ် ၂၉**
ကချင်ပြည်နယ်အတွင်း စွန့်လွှတ်မြေယာများအား မူလပိုင်ရှင်များထံ ပြန်လည်အပ်နှံပေးနိုင်မှု ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်းနှင့် တိုင်ကြားစာများအပေါ် ၈၀ ရာခိုင်နှုန်း စိစစ်ဆောင်ရွက်ပြီးဖြစ်ကြောင်းကို ဩဂုတ် ၂၇ ရက်က မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပခဲ့သည့် ပြည်နယ်/ခရိုင် / မြို့နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။



ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်ကော်မတီအနေဖြင့် ဆောင်ရွက်လျက်ရှိသော ပြန်လည်စွန့်လွှတ်မြေယာအမှုကိစ္စများ၊ တိုင်ကြားစာများနှင့် ပတ်သက်၍ သက်ဆိုင်ရာအဆင့်ဆင့်သော ကော်မတီများအနေဖြင့် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်ငါးချက်၊ ဗဟိုကော်မတီ၏ မူဝါဒ၊ လုပ်ငန်းစဉ် ၅၂ ချက်တို့နှင့် အညီ စနစ်တကျ စိစစ်ဆောင်ရွက်ရန်နှင့် အမြန်ပြီးစီးအောင် ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားသည်။

ကချင်ပြည်နယ်အတွင်း စွန့်လွှတ်မြေယာများ၊ တိုင်ကြားစာများနှင့် ပတ်သက်၍ ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး၊ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးသန်းဝင်းက "စွန့်လွှတ်မြေနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့ ရာနှုန်းပြည့် လွှဲပြောင်းပေးပြီး ဖြစ်ပါတယ်။ စွန့်လွှတ်မြေအမှုပေါင်း ၂၃၀ ရှိပါတယ်။ ရာနှုန်းပြည့် ပြီးစီးပါပြီ" ဟုပြောကြားသည်။

ဆက်လက်၍ တိုင်ကြားစာများနှင့် ပတ်သက်၍ ယခင် ပြည်ထောင်စုလွှတ်တော်စုံစမ်းရေးကော်မတီ အစီရင်ခံစာပါ အပိုင်း ၁ မှ ၁၈ ထိ ၁၄၉ မှုရှိကြောင်း၊ သီးခြား ယခင်မြေစစ်ကော်မတီ လက်ထက်တိုင်စာ ၂၇ စောင်၊ ပြည်နယ်/ခရိုင်/မြို့နယ်များမှ တိုင်ကြားစာ ၈၂ စောင်နှင့် ဗဟိုကော်မတီမှ လွှဲပြောင်း ပေးပို့လာသည့် တိုင်ကြားစာ ၁၀၈ စောင် စုစုပေါင်း တိုင်ကြားစာ ၃၆၆ စောင်တွင် စောင်ရေပေါင်း ၃၁၀ ကိုဆောင်ရွက်ပြီး ဖြစ်သဖြင့် ၈၀ ရာခိုင်နှုန်းဆောင်ရွက်ပြီး ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်နယ်ကော်မတီအဖွဲ့ဝင် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ကော်မတီ အတွင်းရေးမှူး၊ ခရိုင်နှင့် မြို့နယ်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ပြည်နယ်အတွင်း လယ်ယာမြေများအား သက်ဆိုင်ရာ မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးအပ်ပြီးစီးမှု အခြေအနေများ၊ တိုင်ကြားစာများအပေါ် ခရိုင်၊ မြို့နယ်အလိုက် ကော်မတီများ၏ စိစစ်ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ပတ်သက်၍ အမြန်ဆုံး စိစစ်အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ပြည်နယ် (မြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ

**သရက်ချောင်း ဩဂုတ် ၂၉**
တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်စန်းနှင့် အဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ ပြုလုပ်ခဲ့သည်။**(အောက်ပုံ)**

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ရှိအစိုးရသည် မူဝါဒ(၄)ရပ်နှင့်အညီ ဆောင်ရွက်နေကြောင်း၊ ပြည်သူတွေတင်ပြလာသည့် လုပ်ငန်းများအပေါ် ပြည်သူတွေအတွက် အကျိုးရှိလျှင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ပေးသူရှိလို့ယူကြကြောင်း၊ ထို့ကြောင့် ယူသည့်သူကလည်း ရှောင်ရှားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ ဂုဏ်သိက္ခာရှိကြောင်း၊ လူထုနှင့် တိုင်းပြည်၏မျက်နှာကို ထောက်ထားပြီး လုပ်သင့်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများကို မလွဲမသွေ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက သရက်ချောင်းမြို့နယ်အတွင်း ၂၀၁၈ ခုနှစ် (Mini Budget) ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျဉ်းချုပ်တင်ပြခြင်းနှင့် သက်ဆိုင်ရာ ဌာနများကလည်း ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(မြန်/ဆက်)**





## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဘားအံမြို့နယ်အတွင်းရှိ ရေကြီးနစ်မြုပ်ကျေးရွာများသို့ စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့

**ဘားအံ ဩဂုတ် ၂၉**
ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ မွန်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိသော ရေကြီးနစ်မြုပ်နေသည့် ကျေးရွာများသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့သည်။**(အပေါ်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်ဒုတိယရဲမှူးကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး၊ ဘားအံခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် ကော့ဂွန်းကျေးရွာအုပ်စု ကော့ဂွန်းကျေးရွာ သမစိတ္တာဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တပဏ္ဍိတအားဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်သည် ဘုန်းတော်ကြီးကျောင်းအောက်ထပ်တွင် ကော့ဂွန်းကျေးရွာအုပ်စုအတွင်းရှိ ကော့ဂွန်း(ဖဲကဒါ)ကျေးရွာနှင့် ခရဲကျေးရွာ၊ တောင်သူကုန်ကျေးရွာအုပ်စုအတွင်းရှိ ကျုံမနော် ကျေးရွာ စုစုပေါင်းကျေးရွာ သုံးရွာမှ ရေကြီးနစ်မြုပ်ခံနေရသည့် အိမ်ထောင်စု ၅၅၀ တို့မှ မိသားစုဝင်များအား တွေ့ဆုံပြီး အားပေးစကားပြောကြားကာ တစ်အိမ်ထောင်လျှင် ဆန် သုံးပြည်၊ ဆီတစ်လီတာ တစ်ဘူး၊ ငါးသေတ္တာသုံးဘူး၊ အသင့်စားခေါက်ဆွဲခြောက်နှင့် ပဲစသည့် စားရိက္ခာများကို ထောက်ပံ့ဝေငှခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် ရေကြီးရေလျှံမှုသည် ဇူလိုင် ၂၂ ရက် မှ စတင်ကာ တစ်လကျော်ကြာခဲ့ပြီး ဘားအံမြို့ပေါ်တွင် ရေဘေးကယ်ဆယ်ရေးစခန်း ၁၁ ခု၊ အိမ်ထောင်စု ၁၅၀၀ ကျော်၊ လူဦးရေ ၈၀၀၀ ကျော်ရှိပြီး ရေကြီးနစ်မြုပ်နေသည့် မြို့နယ်များမှ ကျေးရွာများတွင်လည်း ရေကြီးနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင် (မြန်/ဆက်)**

# မိုဘိုင်းအသုံးပြု၍ မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ မှတ်ပုံတင်ခြင်း စီမံချက်စတင်မည်

**နေပြည်တော် ဩဂုတ် ၂၉**

ယူနီဆက်မြန်မာနှင့် တယ်လီနောလုပ်ငန်းစုတို့ ပူးပေါင်းကာ မိုဘိုင်းအသုံးပြု မွေး/သေစာရင်း မှတ်ပုံတင်ခြင်း ရှေ့ပြေးစီမံချက်ကို မွန်ပြည်နယ်တွင် စတင်အကောင်အထည်ဖော်လိုက်ပြီ ဖြစ်သည်။

ယင်းစီမံချက် စတင်လိုက်ခြင်းကြောင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံးမှ မြို့နယ်ကျန်းမာရေး အရာရှိများအနေဖြင့် မွေးဖွားခြင်းဆိုင်ရာ မှတ်ပုံတင်ခြင်းနှင့် မွေးစာရင်းထုတ်ပေးခြင်းတို့ကို ဒစ်ဂျစ်တယ်မိုဘိုင်းစနစ် အသုံးပြုကာ မှတ်တမ်းတင်နိုင်ပြီး မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။

နေပြည်တော်တွင် ဩဂုတ် ၂၇ ရက်က ကျင်းပသည့် စီမံချက်စတင်ခြင်း အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က "မြန်မာနိုင်ငံတော် အစိုးရအနေနဲ့ ၁၂ ချက်ပါ စီးပွားရေးမူဝါဒမှာ e-Government ဆိုတဲ့ အချက်ကိုလည်း ထည့်သွင်းဖော်ပြထားပါတယ်။ ဒစ်ဂျစ်တယ် စီးပွားရေးဆိုင်ရာ ပထမအကြိမ် အစည်းအဝေးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားခဲ့တဲ့အတိုင်း ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်ရေး၊ ကျွမ်းကျင်မှုတွေနဲ့ နည်းပညာဆိုတဲ့ နယ်ပယ်သုံးခုမှာ အားသွန်ခွန်စိုက် ဆောင်ရွက်ဖို့လိုပါတယ်။ မိုဘိုင်း မွေး/သေစာရင်း မှတ်ပုံတင်ခြင်းလုပ်ငန်းကို မွန်ပြည်နယ်မှာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ယူနီဆက်နဲ့ တယ်လီနောတို့က ရန်ပုံငွေနဲ့ နည်းပညာဆိုင်ရာ အထောက်အပံ့တွေ ပေးအပ်ခဲ့တာဖြစ်လို့ ပူးပေါင်းဆောင်ရွက်မှုဟာ အထူးအရေးပါတယ်ဆိုတာကို တွေ့ရမှာပဲ ဖြစ်ပါတယ်" ဟု အမှာစကား ပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က "ဒီနေ့ စတင်လိုက်တဲ့ မိုဘိုင်း မွေး/သေစာရင်း မှတ်ပုံတင်ခြင်း စီမံချက်ဟာ မြန်မာနိုင်ငံအတွက် ထူးခြားလှတဲ့ ဆန်းသစ်တီထွင်မှု တစ်ခုဖြစ်သလို ၂၀၁၇ ခုနှစ် အောက်တိုဘာလမှာ ထုတ်ပြန်ခဲ့တဲ့ မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်ခြင်း လုပ်ငန်း လမ်းညွှန်စာအုပ်ထဲမှာ ညွှန်းဆိုထားတဲ့အတိုင်း နိုင်ငံတကာ အသိအမှတ်ပြု အရှင်မွေးလက်မှတ် အဆင့်မီရေး ဆောင်ရွက်မှုတွေ အရှိန်ရဖို့အတွက် အထောက်အကူပြုမှာပဲ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေမှာ မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ e- Platform ပေါ်ပေါက်လာစေရေး ဗဟိုစာရင်းအင်းအဖွဲ့ရဲ့ အားထုတ်ကြိုးပမ်းချက်တွေကို ဒီစီမံချက်က အားဖြည့်ပေးမှာပဲ ဖြစ်ပါတယ်။ ဒီစီမံချက် တစ်စိတ်တစ်ပိုင်းအဖြစ် မွန်ပြည်နယ်အတွင်းက မြို့နယ်တွေမှာ စာရွက်စာတမ်းတွေကို ဒစ်ဂျစ်တယ်စာရင်းကောက်ယူခြင်းဖြင့် အစားထိုးသွားမှာဖြစ်ပြီး မွေး/သေစာရင်း မှတ်ပုံတင်ခြင်းလုပ်ငန်းကို ပိုမိုချောမွေ့မြန်ဆန်စေမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ မွေး/သေစာရင်း မှတ်ပုံတင်ခြင်းလုပ်ငန်းကို အောင်မြင်စွာနဲ့ ဒစ်ဂျစ်တယ် အသွင်ပြောင်းနိုင်ဖို့အတွက် မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်တွေ ပြုလုပ်နိုင်ဖို့နဲ့ တိုးချဲ့ဆောင်ရွက်နိုင်ဖို့ ကိစ္စတွေမှာ ဒီစီမံချက်ကနေ ရရှိလာတဲ့ရလဒ်တွေက မရှိမဖြစ် အရေးပါမှာပဲ ဖြစ်ပါတယ်" ဟု ပြောကြားသည်။




## ရှေ့ပြေးစီမံချက်

ယခု ရှေ့ပြေးစီမံချက်သည် မွေး/သေစာရင်း မှတ်ပုံတင်ခြင်းလုပ်ငန်း၏ လွှမ်းခြုံနိုင်စွမ်းကို တိုးမြှင့်နိုင်ရန်နှင့် သတင်းအချက်အလက် လျှို့ဝှက်မှုနှင့် လုံခြုံမှုကို ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ စာရွက်စာတမ်း အသုံးပြုရခြင်းကို သိသာစွာ လျှော့ချနိုင်ပြီး မိုဘိုင်းနည်းပညာ အသုံးချမှုကို တိုးမြှင့်နိုင်ခြင်းဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ စွမ်းရည်အားကို တိုးတက်ဖြစ်ထွန်းစေမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် တယ်လီနောမြန်မာ၏ ဥက္ကဋ္ဌနှင့် တယ်လီနောလုပ်ငန်းစု၏ အမှုဆောင် ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Petter Furberg က "နိုင်ငံအနှံ့အပြားကို လွှမ်းခြုံထားတဲ့ တယ်လီနောရဲ့ကွန်ရက်ကြောင့် ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ မိုဘိုင်းကိုအသုံးပြုပြီး လိုအပ်တဲ့အချက်အလက်တွေကို အချိန်နဲ့ တစ်ပြေးညီ မှတ်ပုံတင်ဖြည့်သွင်းနိုင်ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် အမြဲလက်တွဲ ဆောင်ရွက်လာခဲ့တာနဲ့အညီ မြန်မာပြည်သူတွေအတွက် အကျိုးဖြစ်ထွန်းနိုင်မယ့် e- Government ဝန်ဆောင်မှုတွေ ဖွံ့ဖြိုးတိုးတက်လာရေးမှာ တစ်တပ်တစ်အား ပါဝင်နိုင်သလို နိုင်ငံရဲ့ဒစ်ဂျစ်တယ် လမ်းပြမြေပုံမှာလည်း တစ်ထောင့်တစ်နေရာက ပါဝင်ကူညီခွင့်ရတဲ့အတွက် တယ်လီနောအနေနဲ့ များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခု စတင်မယ့် ရှေ့ပြေးစီမံကိန်းဟာ တကယ့်ကို အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ မွေးစာရင်းဆိုတာဟာ မွေးကင်းစကလေးငယ် တစ်ယောက်ချင်းစီအတွက် လူ့အသိုက်အဝန်းထဲကို တရားဝင်မိတ်ဆက်ဝင်ရောက်ခြင်းဖြစ်သလို လူမှုရေးရာ ဝန်ဆောင်မှုတွေနဲ့ တရားဥပဒေဆိုင်ရာ အခွင့်အရေးတွေရဲ့ အကာအကွယ်ကို ရရှိနိုင်ဖို့အတွက်လည်း အရေးပါလှတဲ့ အချက်ဖြစ်ပါတယ်။ အခုဆို မိုဘိုင်းနည်းပညာကို အသုံးပြုပြီး မွေးစာရင်းမှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အားလုံးအတွက် ပိုပြီးအဆင်ပြေထိရောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါပြီ။ တယ်လီနောလုပ်ငန်းစုအနေနဲ့ မညီမျှမှုတွေကို လျှော့ချဖို့ အမြဲအလေးထားခဲ့သလို ဆန်းသစ်တဲ့ ဒစ်ဂျစ်တယ် ဝန်ဆောင်မှုတွေကို အသုံးပြုပြီး e-Government ရဲ့အကျိုးကျေးဇူးတွေကို ပြည်သူလူထု လက်တွေ့သိရှိခံစားနိုင်အောင် ပြုလုပ်ပေးဖို့ ရည်မှန်းထားပါတယ်" ဟု ပြောကြားသည်။

## အခမဲ့ပေးသွားမည်

ယခု ပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် တယ်လီနောလုပ်ငန်းစုက ရန်ပုံငွေထောက်ပံ့မှုအပြင် စီမံချက်၏ web-based platform အတွက် အင်တာနက်ဒေတာများ အခမဲ့ပေးသွားမည်ဖြစ်ပြီး သားဖွားဆရာမများကိုလည်း သတင်းအချက်အလက်များ ရေးသွင်းခြင်းနှင့် ဒစ်ဂျစ်တယ်စနစ်ကို အသုံးပြုခြင်းများအား သင်ကြားပြသပေးသွားမည်ဖြစ်သည်။

ယူနီဆက်မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. June Kuguni က "ကလေးသူငယ်ပေါင်း ၁၃၀၀၀၀ ကျော်အတွက် ကျောင်းတက်ရောက်နိုင်အောင်နဲ့ အခြားအခြေခံဝန်ဆောင်မှုတွေရရှိလာဖို့ တံခါးဖွင့်ပေးလိုက်တဲ့ မကြာမီက ကျင်းပသွားတဲ့ မွေးစာရင်းမှတ်ပုံတင်ခြင်း လှုပ်ရှားမှုရဲ့ ရလဒ်ကောင်းတွေနဲ့အတူ အခုလို မိတ်ဖက်လုပ်ငန်းတစ်ခုကို ကျွန်မတို့အနေနဲ့ စတင်လိုက်ပါတယ်။ ယူနီဆက်အနေနဲ့ မြန်မာနိုင်ငံတော်အစိုးရအား ပံ့ပိုးလုပ်ဆောင်လျက်ရှိတဲ့ Digital Vital Statistics စနစ်ဖြင့် နိုင်ငံတကာ အသိအမှတ်ပြု အရှင်မွေးလက်မှတ် (Universal Birth Registration) အဆင့်မီစေရေးလုပ်ငန်းအတွက် ဂုဏ်ယူပါတယ်"ဟု ပြောကြားသည်။

**သတင်း-သွန်းဝဿန်**
**ဓာတ်ပုံ-မေဦးမိုး**

# တရားမဝင်အရက်ချက်ဖိုများကြောင့် တရားဝင်လိုင်စင် ရရှိထားသူများ နစ်နာ

**ရွှေကူ ဩဂုတ် ၂၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့တွင်း အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၄) ရပ်ကွက်များနှင့် ကျေးရွာအချို့တို့တွင် တရားမဝင်အရက်ချက်လုပ် ဖြန့်ဖြူးရောင်းချနေခြင်းများကို လိုင်စင်ရထားသကဲ့သို့ ပြုလုပ်နေကြသဖြင့် အမှန်တကယ် တရားဝင်လိုင်စင်ရရှိထားသူများမှာ နစ်နာဆုံးရှုံးလျက်ရှိသည်။

စံချိန်စံညွှန်း စစ်ဆေးမှုမရှိ ပြုလုပ်ထားသော တရားမဝင်အရက်များကို သောက်သုံးပြီး အများပြည်သူ ကျန်းမာရေး ထိခိုက်လာနိုင်သည်။ တရားမဝင်အရက်ချက်လုပ် ဖြန့်ဖြူးရောင်းချသူဦးရေမှာ ရွှေကူမြို့ပေါ်တွင် ချက်ဖိုပေါင်း ၅၀ ခန့်ရှိပြီး ထိုအရက်ဖိုများမှ အနံ့ဆိုးများ ဖြစ်ပေါ်လျက်ရှိသည်။ နေ့စဉ်နှင့်အမျှ ထိုအနံ့ဆိုးများသည် ပတ်ဝန်းကျင်နေထိုင်သူများ၏ ကျန်းမာရေး ထိခိုက်လာစေနိုင်သည်။ ထို့ကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက စိစစ်ဆောင်ရွက်ပေးသင့်ပါကြောင်း ရပ်ကွက်နေပြည်သူများက ပြောဆိုလျက်ရှိသည်။

တရားမဝင်အရက်ဖိုများကြောင့် တရားဝင်လိုင်စင်ရရှိထားသော အခွန်ထမ်းသူများ၊ နိုင်ငံတော်သို့ တရားဝင် အခွန်ထမ်းဆောင်ရသော အမြတ်တော်ခွန် အခွန်ထမ်းများသည် ရောင်းအားနည်းပါးသောကြောင့် နိုင်ငံတော်၏အခွန်ဘဏ္ဍာလည်း လျော့နည်းလာနိုင်သည်။

အဆိုပါ တရားမဝင်အရက်ချက်ဖိုများကို သက်ဆိုင်ရာက လိုအပ်သလို စစ်ဆေးဆောင်ရွက်သင့်ကြောင်း ဒေသခံများပြောကြားချက်အရ သိရသည်။

**လဘန်အောင်(ကချင်မြေ)**

# မျိုးစေ့ထုတ်စိုက်ခင်းများအား ကွင်းဆင်းစစ်ဆေး

**ကံမ ဩဂုတ် ၂၉**

ကံမမြို့နယ် ကြို့ပင်တိုက်နယ်ရှိ မိုးစပါးစံပြကွက် ဧက ၅၀ နှင့် စပါးမျိုးသန့်မျိုးစေ့ထုတ် ၂၅ ဧက စိုက်ခင်းများကို သရက်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မာအေးက ကွင်းဆင်းကြည့်ရှုရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မင်းနိုင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြသည်။

ထို့နောက် သက်ဆိုင်ရာ စံပြကွက်စိုက်ပျိုးသည့် တောင်သူများနှင့် ကွင်းအလိုက်တွေ့ဆုံ၍ မျိုးစေ့ အရည်အသွေးဆိုင်ရာ ကိစ္စရပ်များ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနှင့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျ စနစ်တကျသုံးစွဲရေး နည်းပညာလုပ်ငန်းများကို ပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၉-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၂၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၉၉၀ ကျပ် | ၁၀၂၀/၁၀၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၀၀ ကျပ် | ၁၀၃၀/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၂၅/၉၆၀ ကျပ် | ၁၀၁၅/၁၀၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၇၅/၁၀၁၀ကျပ် | ၁၀၆၀/၁၀၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၅ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၀ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၀ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၄၈ · ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၁ · ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၁၂ · ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ · ၆၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၆၁၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ · ၅၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၉ · ၂၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ · ၄၃၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# မဖျက်ဆီးသင့်သော ဒီရေတော

သိပ္ပံစာရေးဆရာကိုကိုအောင်



### ဒီရေရောက်တောများ

ကမ္ဘာအရပ်ရပ်ရှိပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဒီရေရောက်တောများကို နေရာအနှံ့ တွေ့ရှိနိုင်သည်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျသော ဒေသများရှိ ပင်လယ်ကမ်းရိုးတန်းဒေသများ၌ ရှည်လျားကျယ်ပြန့်လှသော ဒီရေရောက်တောများကို တွေ့မြင်နိုင်သည်။

### ဒီရေရောက်တောများ လျော့နည်းလာခြင်း

ကမ်းရိုးတန်းဒေသများ ဖွံ့ဖြိုးလာသည့်အခါ ရေနက်ဆိပ်ကမ်းများ တည်ဆောက်ခြင်း၊ ဒီရေလှိုင်းကိုသုံး၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများ တည်ဆောက်ခြင်း၊ အဆင့်မြင့်ရေထွက်ပစ္စည်း ထုတ်လုပ်ခြင်း၊ ပင်လယ်ကမ်းခြေအားကစားရွာများ တည်ဆောက်ခြင်း၊ သင်္ဘောဆိပ်များ တည်ဆောက်ခြင်းစသည့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်လာကြသည့်အတွက် ဒီရေရောက်တောများကို ခုတ်ထွင်ရှင်းလင်းလေ့ရှိကြသည်။ ထို့ကြောင့်ပင်လျှင် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကောင်းသော ပင်လယ်ကမ်းခြေများ၌ ဒီရေရောက်တောများကိုတွေ့မြင်ရမှု လျော့နည်းသွားခြင်းဖြစ်ပေသည်။

### ဒီရေတောသစ်ပင်များ၏ သဘာဝ

ဒီရေရောက်တောများ၌ ပေါက်ရောက်နေကြသည့် အပင်များ၏ ထူးခြားသော အမြစ်ဖွဲ့စည်းပုံသည် ရည်ရွယ်ချက်ရှိရှိဖြင့် မြေလုန်ဖျက်ဆီးခြင်းမျိုးမှတစ်ပါး အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ကြောင့် ဒီရေရောက်တောများ လွယ်လင့်တကူ ပျက်စီးပြုန်းတီးသွားခြင်းမရှိအောင် ကာကွယ်ပေးထားလျက်ရှိသည်။

ပင်လယ်ကမ်းစပ်ရှိ နုန်းမြေများထဲ၌ မြဲမြံစွာ ထိုးစိုက်တည်ရှိနေရုံမျှမက ဒီရေတက်လာသည့်အခါ၌လည်း လေကိုစုပ်ယူနိုင်ရန်အတွက် ရွှံ့နွံမျက်နှာပြင်ပေါ်သို့ သိသာစွာ ထိုးထိုးထောင်ထောင် ထွက်ပေါ်နေသော အမြစ်များကြောင့် ဒီရေရောက်တောများသည် ကမ္ဘာပေါ်၌ ပေါက်ရောက်ရှင်သန်လျက်ရှိသော သစ်ပင်မျိုးစိတ်များအနက် အလွန်ထူးခြားသည့် အပင်များဖြစ်သည်ဟု ဆိုရပေမည်။

ဒီရေရောက်တောများပေါက်ရောက်ရာ နေရာဒေသ အနေအထားအရ သာမန်အချိန်များတွင် ပင်လယ်ထဲသို့စီးဝင်သော မြစ်ချောင်းများ၏ မြစ်ရေ ချောင်းရေများ ဖြတ်သန်းစီးဆင်းမှုကို ခံနေရသလို ဒီရေတက်ချိန်၌လည်း ပင်လယ်ရေ၏ ဖုံးလွှမ်းမှုကို မကြာခဏဆိုသလို ခံကြရသည်။ ရွှံ့နွံများအတွင်း၌ ရှင်သန်ပေါက်ရောက်နေကြသော ဒီရေရောက်တောများသည် ရေချိုနှင့် ရေငန် နှစ်မျိုးစလုံး၏ ဖုံးလွှမ်းမှုဒဏ်ကိုခံနိုင်သော အရည်အသွေးနှင့် ပြည့်စုံရုံမျှမက ရေ၏ ချဉ်ဖန်နှုန်းပြောင်းလဲမှုဒဏ်ကိုပါ ခံနိုင်သော အစွမ်းသတ္တိနှင့်လည်း ပြည့်စုံကြသည်။

### သဘာဝ၏လက်ဆောင်မွန်များ

ဒီရေရောက်တောများကို သာမန်အမြင်ဖြင့် ကြည့်လျှင် ပင်လယ်ကမ်းစပ်များ၌ အလေ့ကျ ပေါက်ရောက်နေကြသော တန်ဖိုးမဲ့ သစ်ပင်များ ဟုသာ ထင်ရသော်လည်း တကယ့်လက်တွေ့၌မူ လူနှင့် သတ္တဝါတို့၏ အကျိုးစီးပွားကို ဘက်စုံ ထောင့်စုံမှ ထိထိရောက်ရောက် ကာကွယ်ပေးနေ ကြသော သဘာဝ၏လက်ဆောင်မွန်များသာ ဖြစ်သည်ကို တွေ့ရှိကြရမည်ဖြစ်သည်။

### သဘာဝဘေးမှ ကာကွယ်ပေး

ဒီရေရောက်တောများသည် ဒီရေလှိုင်းများ၏ ရိုက်ခတ်မှုဒဏ်ကို ကောင်းစွာ ခံနိုင်ရည်ရှိသည့် အတွက် ကမ်းပြိုခြင်းမှ ကာကွယ်ပေးထားလျက် ရှိသည်။ ထူးခြားသည့် အမြစ်ဖွဲ့စည်းပုံများနှင့် အုပ်စုဖွဲ့ပေါက်ရောက်နေမှုတို့ကြောင့်လည်း မြေ တိုက်စားမှုကို တားဆီးကာကွယ်ပေးထားလျက် ရှိသည်။ ရေတက်ချိန်နှင့် ရေပြန်ကျချိန်များ၌ ပင်လယ်ကမ်းနဖူးကို ဒီရေ၏ ဖျက်ဆီးမှုမှလည်း ကောင်းစွာ ကာကွယ်ပေးထားသလို မုန်တိုင်း နှင့် လေပြင်းများ တိုက်ခတ်သည့်ဒဏ်မှလည်း အကာအကွယ်ပြုထားပေးလျက် ရှိသည်။

ယုတ်စွအဆုံး အဖျက်စွမ်းအား လွန်စွာ ကြီးမားလှသော ဆူနာမီလှိုင်းတံပိုးကြီးများ ကမ်းခြေသို့ဝင်ရောက်ချိန်၌ပင် လှိုင်း၏အရှိန်ကို များစွာလျော့ကျစေခြင်းဖြင့် လူနှင့်သတ္တဝါတို့၏ အသက်အိုးအိမ်ကို တတ်နိုင်သမျှ စောင့်ရှောက် ကာကွယ်ပေးထားလျက် ရှိသည်။ ရေနေသတ္တဝါ များအတွက် သာမက ရေလုပ်သားများအတွက်ပါ အန္တရာယ်ဖြစ်စေနိုင်သော ခဲနှင့် အာဆင်းနစ် စသည့်အဆိပ်အတောက်များကိုလည်း ဒီရေတော သစ်ပင်များက စုပ်ယူပေးထားနိုင်စွမ်း ရှိကြ သည်။

### ဒီရေရောက်တောမှ သယံဇာတများ

ဒီရေရောက်တောများသည် ရေချိုငါးနှင့် ပုစွန်များ၊ ရေငန်ငါးနှင့်ပုစွန်များ၊ ရေချိုနှင့်ရေငန် နှစ်မျိုးစလုံး၌ ရှင်သန်သော ငါး၊ပုစွန်စသည်တို့၏ မှီခိုကျက်စားရာ၊ ဥချရာ၊ သားပေါက်ရာ၊ မျိုးပွား ရာ အသိုက်အမြုံကြီးတစ်ခုလည်း ဖြစ်သည်။ ဒီရေရောက်တောများ၌ ငါး၊ ပုစွန်များသာမက ဝက်ဝံ၊ ရှဉ့်၊ ဖျံ စသည့် သတ္တဝါများပါ မှီခိုရှင်သန် နေထိုင်ကျက်စားလျက်ရှိနေသည့်အတွက် ငါး နှင့် ပုစွန်များ၊ သားရဲတိရစ္ဆာန်တို့၏ သားရေ၊ အရိုးနှင့်အစွယ်များစသည့် ရေထွက်သယံဇာတ များနှင့် သစ်တောသယံဇာတများကိုလည်း ဒီရေ ရောက်တောများ၌ ထုတ်ယူရရှိနိုင်သည်။

### ဒီရေတောများကို ပျက်စီးစေသော အကြောင်းရင်းများ

ကမ္ဘာအရပ်ရပ်တွင် ဒီရေရောက်တောများ သည် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီး ပြုန်းတီးလျက်ရှိနေကြသည်။ စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်း၊ လူနေမြို့ရွာများ ချဲ့ထွင်ခြင်း၊ ကမ်း ခြေစီမံကိန်းများ ပြုလုပ်ခြင်း စသည်တို့သည် ဒီရေတောများကို ပျက်စီးပြုန်းတီးစေသော အကြောင်းရင်းများဖြစ်ကြသည်။

ထို့ပြင် ဆားကွင်းများဖော်ထုတ်၍ ပင်လယ် ကမ်းခြေဆားချက်လုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် လည်း ဒီရေရောက်တောများကို ဖျက်ဆီးခြင်း ခံကြရသလို သစ်ထုတ်လုပ်မှုကို အလွန်အကျွံ ဆောင်ရွက်ခြင်းများကြောင့်လည်း ဒီရေရောက် တောများ ပြုန်းတီးနေကြရသည်။

### သွယ်ဝိုက်ပျက်စီးစေသော အကြောင်းရင်းများ

အလားတူပင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာခြင်းကြောင့် စွန့်ပစ်ပစ္စည်းများနှင့် ဓာတုအညစ်အကြေးများ စုပုံလာခြင်းသည် လည်း ဒီရေရောက်တောများကို ပျက်စီးစေသော အကြောင်းရင်းများဖြစ်ကြသည်။ ခေတ်သစ် စိုက်ပျိုးရေးလုပ်ငန်းများ၌ အလွန်အကျွံ သုံးစွဲ နေကြသော ဓာတ်မြေသြဇာ အကြွင်းအကျန် များက စိုက်ခင်းများမှတစ်ဆင့် ရေစီးကြောင်းနှင့် လိုက်ပါလျက် ဒီရေရောက်တောများတွင် လာ ရောက်စုဝေးနေကြခြင်းသည်လည်း ဒီရေရောက် တောများကို ဖျက်ဆီးနေသော အကြောင်း ရင်းများ ဖြစ်ကြသည်။

ပင်လယ်ကမ်းပြိုခြင်းနှင့် ရေတိုက်စားခြင်း များသည် ဒီရေရောက်တောများကို သွယ်ဝိုက် သောနည်းဖြင့် ပျက်စီးစေနိုင်သော အကြောင်း ရင်းများ ဖြစ်ကြသည်။ ပင်လယ်ရေအောက်ရှိ သန္တာကျောက်တန်းများသည် အောက်လွှာ ရေစီးကြောင်းနှင့်အတူ မျောပါလာသော နုန်းနှင့် အနည်အနှစ်များကို စစ်ထုတ်ပေးနေကြသည့် အားလျော်စွာ အကယ်၍ သန္တာကျောက်တန်း များ ပျက်စီးသွားမည်ဆိုပါကလည်း နုန်းနှင့် အနည်အနှစ်များကို စစ်ထုတ်ပေးခြင်းမပြုနိုင် တော့သည့်အတွက် အဆိုပါ နုန်းအနည်အနှစ် များအားလုံးသည် ဒီရေရောက်တောများ၌ လာရောက်စုပုံနေခြင်းဖြင့် ဒီရေရောက်တော များ၏ ရှင်သန်ပေါက်ရောက်ဖွံ့ဖြိုးမှုကို သိသာ စွာ ထိခိုက်စေလိမ့်မည် ဖြစ်သည်။

ပင်လယ်ပြင်၌ ခုတ်မောင်းသွားလာလျက်ရှိ ကြသော ရေနံနှင့် ဓာတုပစ္စည်းများ တင်ဆောင် ထားသည့်သင်္ဘောများ နစ်မြုပ်ပျက်စီးသည့် အခါနှင့် ရေနံဓာတုပစ္စည်းများ ယိုဖိတ်သည့် အခါမျိုးများ၌လည်း ပင်လယ်ရေပြင်ပေါ်၌ စုပုံ မျောပါနေသော ရေနံနှင့် ဓာတုပစ္စည်းများသည် ပင်လယ်ကမ်းစပ်ရှိ ဒီရေရောက်တောများ၌ လာရောက်စုစည်းကြလေ့ရှိကြသည်။ ဤဖြစ်ရပ် မျိုးသည်လည်း ဒီရေရောက်တောများကို ပျက်စီးပြုန်းတီးစေနိုင်သော သွယ်ဝိုက်သည့် အကြောင်းတရားများ ဖြစ်ကြသည်။

ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ဝင်ရိုးစွန်း ရေခဲလွှာများ ထုထည်ပမာဏများပြားစွာ အရည်ပျော်ကျကာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းသည်လည်း ဒီရေရောက်တော များကို အစုလိုက်အပြုံလိုက် ပျက်သုဉ်းသွားစေ မည့်အကြောင်းရင်းများ ဖြစ်ကြသည်။

### ကမ္ဘာကြီးပူနွေးလာမှုနှင့် ဒီရေတောများ

ကမ္ဘာ့အပူပိုင်းဒေသ၌ ပေါက်ရောက်နေ ကြသော ဒီရေရောက်တောများသည် အခြား ဒေသများရှိ သစ်တောများထက် ကာဗွန်ဒိုင် အောက်ဆိုက်ကို ပိုမိုစုပ်ယူ သိုလှောင်ပေးထား နိုင်ကြသည်။ ကမ္ဘာ့အပူပိုင်းဒေသရှိ သစ်တော ဧရိယာ၏ ၀ ဒသမ ၇ ရာခိုင်နှုန်းသည် ဒီရေရောက် တောများဖြစ်ကြပြီး အပူပိုင်း မုတ်သုံသစ်တော များထက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ဖြစ် သော ကာဗွန်ဒိုင်အောက်ဆိုက်ကို နှစ်ဆမှ လေးဆခန့်အထိ ပိုမိုစုပ်ယူ သိုလှောင်ပေးထား ကြခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျော့ကျ အောင် စွမ်းဆောင်ပေးလျက်ရှိနေကြသည်။

သို့ရာတွင် ဒက်ခ်ျဏယဉ်စွန်းတန်းနှင့် ဥတ္တရ ယဉ်စွန်းတန်းကြား ပင်လယ်ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒီရေရောက်တောများ၏ စုစု ပေါင်းဧရိယာသည် ကမ္ဘာ့လူဦးရေတိုးပွားလာမှု ကြောင့် လွန်ခဲ့သော ရာစုနှစ်ဝက်အတွင်းက သုံးဆယ်ရာခိုင်နှုန်းမှ ငါးဆယ်ရာခိုင်နှုန်းအထိ ယုတ်လျော့ကျဆင်းသွားခဲ့သည်။

### ဒီရေရောက်တောများ ပျက်စီးသွားခဲ့လျှင်

အကယ်၍ ကမ္ဘာပေါ်ရှိ အပူပိုင်းဒေသ ဒီရေ ရောက်တောများအားလုံး ပျက်စီးသွားခဲ့မည် ဆိုလျှင် တစ်ကမ္ဘာလုံးရှိသစ်တောများ ပြုန်းတီး မှုကြောင့် ထွက်ပေါ်လာမည့် ကာဗွန်ဓာတ်ငွေ့ စုစုပေါင်း၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသော ပမာဏကို လေထုထဲသို့ ပြန်လည်ထုတ်လွှတ် လိမ့်မည်ဖြစ်သည်။ ထိုအခါ ကမ္ဘာကြီးကလည်း ပိုမိုဆိုးရွားပြင်းထန်စွာ ပူပြင်းလာလိမ့်မည်ဖြစ် သည်။

သို့ဖြစ်၍ လူနှင့်သတ္တဝါတို့၏ အကျိုးစီးပွားကို ထိရောက်စွာ ကာကွယ်ပေးနေသော၊ ကမ္ဘာကြီး ပူနွေးလာမှုကို ဟန့်တားပေးထားနိုင်စွမ်းရှိသော၊ ရေထွက်သယံဇာတနှင့်သစ်တောထွက်သယံဇာတ များကို ထုတ်လုပ်ပေးနေသော၊ အန္တရာယ်ရှိ အဆိပ်အတောက်များကို စုပ်ယူ စစ်ထုတ်ပေး နိုင်စွမ်းရှိသော ဒီရေရောက်တောများ ပြုန်းတီး သွားခြင်းမရှိဘဲ ထာဝရ ရှင်သန်ဖွံ့ဖြိုးနေအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်သာ ဖြစ် ပေသည်။ ။

**“ဒီရေရောက်တောများကို သာမန်အမြင်ဖြင့်ကြည့်လျှင် ပင်လယ်ကမ်းစပ်များ၌ အလေ့ကျပေါက်ရောက်နေကြသော တန်ဖိုးမဲ့သစ်ပင်များဟုသာ ထင်ရသော်လည်း တကယ့်လက်တွေ့၌မူ လူနှင့် သတ္တဝါတို့၏ အကျိုးစီးပွားကို ဘက်စုံထောင့်စုံမှ ထိထိရောက်ရောက် ကာကွယ်ပေးနေကြသော သဘာဝ၏ လက်ဆောင်မွန်များသာဖြစ်သည်ကို တွေ့ရှိကြရမည်ဖြစ်သည်။ ဒီရေရောက်တောများသည် ဒီရေလှိုင်းများ၏ ရိုက်ခတ်မှုဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိသည့် အတွက် ကမ်းပြိုခြင်းမှ ကာကွယ်ပေးထားလျက်ရှိသည်။ ထူးခြားသည့် အမြစ်ဖွဲ့စည်းပုံများနှင့် အုပ်စုဖွဲ့ပေါက်ရောက်နေမှုတို့ကြောင့်လည်း မြေတိုက်စားမှုကို တားဆီးကာကွယ်ပေးထားလျက်ရှိသည်”**

## ကရင်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ ဩဂုတ် ၂၉**

ကရင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးလက်ဒေသများမှ ရေဘေးသင့်ပြည်သူများအတွက် လေးကျွန်းသူဖောင်ဒေးရှင်းမှ ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို ဘားအံမြို့ရှိ အမှတ်(၂၂)တပ်မဌာနချုပ် ကော့သောင်း ရိပ်သာ၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် ရေဘေးသင့်ပြည်သူများအတွက် ငါးပိကြော်၊ ငါးခြောက်ကြော် စသည့် စားသောက်ဖွယ်ရာများ၊ မုန့်များ၊ ဆန်အိတ်များနှင့် တိုင်းရင်းဆေးဝါးများကို လေးကျွန်းသူဖောင်ဒေးရှင်း ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ ဒေါက်တာမြသီတာနှင့် အဖွဲ့ဝင်များက အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်မြင့်ကျော်ထွန်းထံ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါအလှူပစ္စည်းများကို ကရင်ပြည်နယ်အတွင်းရှိ သွားလာရေးခက်ခဲသော ရေဘေးသင့်ကျေးရွာများမှ ပြည်သူများထံသို့ အမှတ်(၂၂)ခြေမြန်တပ်မဌာနချုပ်မှ တပ်မမှူးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်ထောက်ပံ့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ရေဘေးကြုံတွေ့နေရသည့်အခြေအနေနှင့်ပတ်သက်၍ ဩဂုတ် ၂၈ ရက်အထိ စာရင်းများအရ ဘားအံမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်း ၁၁ ခုတွင် အိမ်ထောင်စု ၁၅၉၄ စုမှ လူဦးရေ ၆၄၆၆ ဦး၊ လှိုင်းဘွဲ့မြို့နယ်မှ စခန်းသုံးခုတွင် အိမ်ထောင်စု ၃၂၅ စုမှ လူဦးရေ ၁၄၉၈ ဦး နေထိုင်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်အရ ဘားအံမြို့၌ သံလွင်မြစ်ရေသည် ဩဂုတ် ၂၈ ရက် နံနက် ၆ နာရီခွဲတွင် မြို့၏စိုးရိမ်ရေ အမှတ် ၇၅၀ စင်တီမီတာအထက်တွင် ၁၂၇ စင်တီမီတာ ကျော်လွန်ရောက်ရှိနေကြောင်း သိရသည်။

မင်းရာဇာ (မြစ်ကြီးနား)

# ကလေးအလုပ်သမားတွေ ပပျောက်ဖို့ အစိုးရတင်မက လူမှုအဖွဲ့အစည်းတွေ၊ အလုပ်ရှင်တွေဝိုင်းပြီး ကလေးအလုပ်သမားတွေအတွက် ပိုမိုကောင်းမွန်တဲ့ဘဝတွေ ဖန်တီးပေးဖို့ လိုအပ်ပါတယ်

အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်

## အလုပ်အကိုင်အခွင့်အလမ်းနှင့် ကုန်ထုတ်စွမ်းအားဖွံ့ဖြိုးရေးဆိုင်ရာ စီးပွားရေးစကားဝိုင်း

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးသည်။ နိုင်ငံအတွင်း ကဏ္ဍစုံတွင် လုပ်ကိုင်နေကြသည့် လုပ်သားအရင်းအမြစ်များ အားကောင်းပြီး အရည်အသွေးပြည့်ဝသည့် လုပ်သားများ ပေါ်ထွက်မှသာ စီးပွားရေးဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်မည်ဖြစ်ရာ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကုန်ထုတ်စွမ်းအားဖွံ့ဖြိုးရေးဆိုင်ရာ စီးပွားရေးစကားဝိုင်းကို ဩဂုတ် ၂၁ ရက်က နေပြည်တော်ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ဆက်လက်ကျင်းပခဲ့သည်။**

စကားဝိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဦးထွန်းထွန်း၊ မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင်အေဂျင်စီများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပီတာညွန့်မောင်တို့က ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**အစီအစဉ်မှူး** ။ ။ အခုအခါမှာတော့ အလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ပတ်သက်ရင် ကလေးအလုပ်သမားတွေရဲ့အခန်းကဏ္ဍဟာလည်း ထည့်သွင်းဆွေးနွေးသင့်တယ်လို့ ထင်ပါတယ်။ ဒီကဏ္ဍနဲ့ ပတ်သက်ပြီး ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာကို အမြဲတမ်းအတွင်းဝန်က စတင်ပြီး ဆွေးနွေးပေးပါဦး။

**အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်** ။ ။ ကလေးအလုပ်သမားကဏ္ဍနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ နိုင်ငံမှာ စိန်ခေါ်မှုလို့လည်း ပြောလို့ရပါတယ်။ အခွင့်အရေးတစ်ခုလို့လည်း ပြောရင်ရတဲ့ အခြေအနေကို ရောက်ရှိနေပါတယ်။ နိုင်ငံတကာမှာလည်း ကလေးအလုပ်သမားတွေ ရှိပါတယ်။ ကမ္ဘာကြီးက ရာသီဥတုတွေ ဖောက်ပြန်နေတာများတဲ့အခါ စိုက်ပျိုးရေးတွေမှာ အခက်အခဲတွေ အများကြီး ဖြစ်လာပါတယ်။ တစ်ဖက်မှာလည်း ပဋိပက္ခတွေများလာတဲ့အခါ လူတွေဟာ ပိုပြီးကောင်းတဲ့နေရာတွေကို ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ကြပါတယ်။ လူမှုအကျပ်အတည်းတွေကို ကျော်လွှားနိုင်ကြဖို့အတွက် ပိုမိုကောင်းမွန်တဲ့နေရာတွေကို ရေကြည်ရာမြက်နုရာသွားကြတဲ့အခါ ကလေးတွေဟာလည်း မိဘတွေနဲ့အတူတကွ ပါဝင်လာပါတယ်။

ဒီလိုကလေးတွေဟာ ပညာသင်ကြားဖို့ ခက်ခဲလာကြပါတယ်။ အကျပ်အတည်းတွေကို မိဘတွေနဲ့အတူ ကူညီဖြေရှင်းကြပါတယ်။ ဒီလိုကိစ္စရပ်တွေဟာ ဒေသတွင်းနိုင်ငံတွေမှာလည်း ကြုံတွေ့နေကြပါတယ်။ ကလေးအလုပ်သမားတွေအကြောင်းဆိုရင် အဲဒီအဖွင့်အဓိပ္ပာယ်ကို ပြည့်စုံအောင် သိထားဖို့လည်း လိုအပ်ပါတယ်။ အလုပ်လုပ်တဲ့ကလေးရှိပါတယ်။ ကလေးအလုပ်သမားရှိပါတယ်။ အလုပ်လုပ်တဲ့ကလေးဆိုတာ အလုပ်လုပ်ခွင့်ပေးထားတဲ့ကလေး ဖြစ်ပါတယ်။

### ကလေးအလုပ်သမားနဲ့ပတ်သက်ပြီး ဥပဒေမှာ ကန့်သတ်ထား

မြန်မာနိုင်ငံမှာ အသက် ၁၄ နှစ်ကနေ ၁၈ နှစ်ကာလမှာ အဲဒီအရွယ်ကို အလုပ်လုပ်ခွင့်ကို ကန့်သတ်ချက်တွေနဲ့ ခွင့်ပြုထားတာပါ။ ဥပမာပြောရရင် တစ်ရက်ကို လေးနာရီပဲ အလုပ်လုပ်ရမယ်။ ပေါ့ပေါ့ပါးပါးလုပ်ငန်းခွင်တွေမှာ လုပ်ကိုင်ကြရမယ်။ ဆရာဝန်ရဲ့ထောက်ခံချက်နဲ့ အလုပ်လုပ်နိုင်ကြမယ်။ ကြမ်းတမ်းတာတွေကို မလုပ်ကိုင်ကြရဘူးလို့ ဥပဒေမှာလည်း ကန့်သတ်ထားပါတယ်။ ဒါတွေဟာ အလုပ်လုပ်ခွင့်ရနေတဲ့ ကလေးတွေ ဖြစ်ပါတယ်။ ကလေးအလုပ်သမားဆိုတာတော့ အသက် ၁၄ နှစ်အောက် ဖြစ်မယ်။ အလုပ်လုပ်ခွင့်ရနေပေမယ့် အန္တရာယ်ရှိတယ်လို့ သတ်မှတ်ထားတဲ့ လုပ်ငန်းခွင်မှာ မလုပ်ကိုင်တဲ့ကလေး ဖြစ်ရမယ်။ ဒါကိုကွဲပြားစွာသိဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ဆီမှာ အခြေအနေအကြောင်းကြောင်းအရ ကလေးအလုပ်သမားတွေ ရှိနေပါသေးတယ်။ ဒီလို ကလေးအလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်နိုင်စေဖို့အတွက် အဆိုးရွားဆုံးပုံစံနဲ့ ကလေးတွေကို ခိုင်းစေခြင်းကနေ လွတ်မြောက်ဖို့ Convention 182 ဆိုတာ ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့နိုင်ငံလည်း ပူးပေါင်းပါဝင်ပြီး ကလေးလုပ်သားတွေကို ကာကွယ်စောင့်ရှောက်ဖို့ ဆောင်ရွက်တာ ရှိပါတယ်။ ထို့အတူ လက်ရှိအစိုးရလက်ထက်မှာ ကလေးအလုပ်သမားတွေနဲ့ပတ်သက်ပြီး ကာကွယ်စောင့်ရှောက်ဖို့အတွက် ဒုတိယသမ္မတ(၁) ဦးဆောင်ပြီး အမျိုးသားကော်မတီကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီလို ဆောင်ရွက်တဲ့အခါ အဓိကကတော့ ကလေးအလုပ်သမားတွေအတွက် အန္တရာယ်ရှိတဲ့ လုပ်ငန်းတွေက ဘာတွေလဲဆိုတာကို အရင်ဆုံး သတ်မှတ်ဖို့ လိုအပ်ပါတယ်။ ဥပမာ စိုက်ပျိုးရေးကဏ္ဍမှာဆိုရင် ဘယ်အလုပ်တွေက အန္တရာယ်ရှိသလဲ၊ ဆောက်လုပ်ရေးကဏ္ဍမှာဆိုရင် ဘယ်လိုအလုပ်တွေက အန္တရာယ်ရှိသလဲဆိုတာမျိုးတွေကို ဆောင်ရွက်နေတာ ရှိပါတယ်။ အချုပ်ပြောရမယ်ဆိုရင် ကလေးအလုပ်သမားတွေ ပပျောက်ဖို့အတွက်ဆိုတာ အစိုးရတင်မဟုတ်ပါဘူး။ လူမှုအဖွဲ့အစည်းတွေ၊ အလုပ်ရှင်တွေအားလုံး ဝိုင်းပြီး ပေါ်ပေါက်ဖြစ်ထွန်းလာတဲ့ ကလေးအလုပ်သမားတွေကို ပိုမိုကောင်းမွန်တဲ့ဘဝတွေ ဖန်တီးပေးဖို့ လိုအပ်ပါတယ်။

**အစီအစဉ်မှူး** ။ ။ စက်ရုံအလုပ်ရုံတွေမှာ ကုန်ထုတ်စွမ်းအားတွေ တိုးတက်ပြီး အေးချမ်းသာယာဖို့အတွက် အခု လက်ရှိအစိုးရလက်ထက်မှာ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ဘယ်လိုအရာတွေကို ပိုပြီးတိုးတက်စေဖို့အတွက် လုပ်ဆောင်ကြဖို့ လိုအပ်တယ်ဆိုတာကို ဆွေးနွေးပေးစေချင်ပါတယ်။

**ဝန်ကြီး ဦးဇော်အေးမောင်** ။ ။ အဓိကကတော့ နိုင်ငံတစ်နိုင်ငံ Productivity တိုးတက်ဖို့အတွက် အလုပ်သမားတွေက အရေးကြီးပါတယ်။ အလုပ်သမားတွေဟာ Joyfull ဖြစ်နေရပါမယ်။ ပျော်မှလည်း အလုပ်များများလုပ်နိုင်မှာပါ။ ပျော်အောင်လည်း အလုပ်ရှင်တွေက ထားပေးကြဖို့လိုအပ်ပါတယ်။ အလုပ်ရှင်တွေကလည်း သူတို့ထုတ်ကုန်တွေ အောင်မြင်ဖို့အတွက် Logistic Cost တွေ ကျဆင်းဖို့ လိုအပ်ပါတယ်။ ထုတ်လုပ်စရိတ်၊ သယ်ယူစရိတ်၊ စွမ်းအင်စရိတ်စတာတွေလည်း ကျဆင်းဖို့ လိုအပ်ပါတယ်။ လုပ်ငန်းရှင်တစ်ယောက်အတွက် Infrastructures ဈေးနှုန်းတွေ ကျဆင်းဖို့လည်း လိုအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ MIC ကနေ ခွင့်ပြုပေးနေတာတွေ ရှိပါတယ်။

အလုပ်ရှင်တွေကို MIC ခွင့်ပြုချက်နဲ့ လာရောက် ရင်းနှီးမြှုပ်နှံပြီဆိုရင် သူတို့သွင်းလာတဲ့ စက်ရုံရဲ့ Infrastructures တွေ ဥပမာပြောရရင် မီးစက်တို့၊ အပ်ချုပ်စက်တို့စတာတွေကို Duty Free တင်သွင်းခွင့်ရပါတယ်။ ဒါ့အပြင် စက်ရုံမှာ အသုံးပြုမယ့် လိုအပ်တဲ့ကုန်ကားတွေ၊ မြေတူးကားတွေ စတဲ့လိုအပ်တဲ့ Tools တွေနဲ့ အုပ်ချုပ်ဖို့အတွက် လိုအပ်တဲ့ယာဉ်တွေကိုလည်း Duty Free ပေးထားပါတယ်။ ဒါတင်မကသေးပါဘူး။ ရန်ကုန်တိုင်းဒေသကြီးရဲ့ ပြင်ပမှာဆိုရင် အခွန်ကင်းလွတ်ခွင့်ကို ငါးနှစ်အထိ ပေးထားပြီး ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ၊ ရွှေပြည်သာနဲ့ မင်္ဂလာဒုံစက်မှုဇုန်တွေမှာဆိုရင် သုံးနှစ်အထိ Income Tax ကို အခွန်ကင်းလွတ်ခွင့် ပေးထားပါတယ်။ ဒါကတော့ နိုင်ငံတော်ကနေ ကူညီပေးနေတဲ့ အပိုင်းတွေ ဖြစ်ပါတယ်။

### နည်းပညာတွေ၊ သင်တန်းတွေပေးဖို့လို

အဲဒီတော့ အလုပ်သမားတွေကို ကျွန်တော်ပြောချင်တာက Product တက်ဖို့အတွက် အလုပ်သမားတွေရဲ့ စွမ်းဆောင်ရည်ကလည်း သိပ်အရေးကြီးပါတယ်။ အလုပ်သမားတွေက အလုပ်ချိန် ရှစ်နာရီအတွင်းမှာ များများထုတ်နိုင်ရမယ်။ များသောအားဖြင့် တရုတ်နိုင်ငံက အလုပ်သမားတွေက စွမ်းဆောင်ရည်မြင့်တယ်လို့ ပြောကြတယ်။ ကျွန်တော်တို့နိုင်ငံက အလုပ်သမားတွေက ညံ့လို့မဟုတ်ပါဘူး။ လိုအပ်တဲ့ နည်းပညာတွေ၊ သင်တန်းတွေပေးဖို့ လိုအပ်ပါတယ်။ အခုဆိုရင် သင်တန်းတွေကလည်း ရှိသင့်သလောက်တော့ ရှိနေပါပြီ။ အလုပ်ရှင်တွေကလည်း သင်တန်းတွေကို တက်ရောက်နိုင်ဖို့ ကူညီပေးသင့်သလို အလုပ်သမားတွေဘက်ကလည်း စိတ်ပါလက်ပါနဲ့ သင်ယူကြဖို့၊ ကျွမ်းကျင်အောင် လေ့ကျင့်ကြဖို့ လိုပါတယ်။

ဒါ့အပြင် အလုပ်ရှင်နဲ့ အလုပ်သမားဆက်ဆံရေးကလည်း ကောင်းမွန်ဖို့ လိုအပ်ပါတယ်။ အဲဒီလို ဆက်ဆံရေးကောင်းမွန်ဖို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ၊ အလုပ်ရှင် အလုပ်သမားချုပ်ဆိုရတဲ့ EC စာချုပ်တွေကို နိုင်ငံတော်က ချမှတ်ပေးထားတဲ့ အချက်တွေနဲ့ ကိုက်ညီအောင် လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ အလုပ်သမားတွေကို ပေးသင့်ပေးထိုက်တဲ့ အခွင့်အရေးတွေ ပေးမယ်။ ခွင့်တွေ၊ ခံစားခွင့်တွေ ပေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ လူမှုဖူလုံရေးဥပဒေသစ်ကိုလည်း ပြဋ္ဌာန်းပြီးသွားပြီး ဥပဒေအရ အာမခံခြောက်မျိုးမှာ သုံးမျိုးကို ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။ အာမခံထည့်ဝင်တဲ့အခါ အလုပ်ရှင်တွေကလည်း အချိုးကျထည့်ဝင်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကနေ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နဲ့ ထန်းတပင်တို့မှာ အလုပ်သမားဆေးရုံတွေ ဖွင့်လှစ်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေလည်း ပေးထားပါသေးတယ်။

ဒါ့အပြင် လှိုင်သာယာနဲ့ ရွှေပြည်သာမြို့နယ်တွေမှာ ပုဂ္ဂလိကနဲ့ပူးပေါင်းပြီး လုပ်ငန်းခွင်က အလုပ်သမားတွေ ကျန်းမာရေးမကောင်းရင် ဆေးကုသပေးနေသလို လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရတာ၊ သေဆုံးတာတွေအတွက် လူမှုဖူလုံရေး လျော်ကြေးငွေတွေကိုလည်း ပေးအပ်နေပါတယ်။ အလုပ်သမားတွေအတွက် အာမခံတွေရရှိအောင် မြို့နယ်တိုင်းမှာ ဖွင့်လှစ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

### သုံးဦးသုံးဖလှယ် အပေးအယူမျှတစွာ ဆောင်ရွက်

ကုန်ထုတ်စွမ်းအား တိုးတက်စေဖို့အတွက်ကတော့ အဓိကပြောရရင် ပြည်သူလို့ခေါ်တဲ့ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရလို့ခေါ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နေပြည်တော်ကောင်စီစတာတွေ၊ CSO လို့ခေါ်ကြတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ NGO တွေ၊ အလုပ်သမား၊ လယ်သမားသမဂ္ဂတွေ အားလုံးက တောင်းဆိုသင့်တာတွေကိုလည်း တောင်းဆို၊ ဖြေရှင်းသင့်တာတွေကိုလည်း ဖြေရှင်း စသည်ဖြင့် သုံးဦးသုံးဖလှယ် အပေးအယူမျှတစွာနဲ့ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ဒါမှလည်း ကုန်ထုတ်စွမ်းအားတိုးတက်လာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် အားလုံးစုပေါင်းဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံဟာ ရေခံမြေခံကောင်းရှိတယ်။ ကုန်ကြမ်းလည်း ပေါများတယ်။ GSP တွေ ရထားတာလည်း ရှိတယ်။ အာဆီယံအသိုက်အဝန်းထဲလည်း ပါဝင်တယ်။ ဒါကြောင့် လုပ်သားတွေရဲ့ Capacity တိုးလာတာနဲ့အမျှ ကုန်ထုတ်စွမ်းအားတွေ တိုးလာမယ်ဆိုတာ သေချာပါတယ်။ ဒါကြောင့် အလုပ်လုပ်ဖို့ပဲ လိုအပ်ပါတယ်။

**အစီအစဉ်မှူး** ။ ။ ဆက်လက်ပြီးတော့ ကုန်ထုတ်စွမ်းအား တိုးတက်စေဖို့အတွက် အဓိကအဟန့်အတား ဖြစ်နေတာတွေရော ရှိပါသေးသလားဆိုတာ ဆွေးနွေးပေးပါဦး။

**ဦးထွန်းထွန်း** ။ ။ ကျွန်တော်တို့က ကုန်ထုတ်စွမ်းအား ဘာကြောင့်တိုးချင်ကြတာလဲဆိုရင် အဓိက ကတော့ နိုင်ငံပိုင်ဖြစ်ဖြစ်၊ ပုဂ္ဂလိကပိုင်ဖြစ်ဖြစ်၊ တစ်ဦးချင်းဖြစ်ဖြစ်၊ အများပိုင်ဖြစ်ဖြစ် လုပ်ငန်းတိုင်းဟာ အကျိုးအမြတ်ရှိမှ

*စာမျက်နှာ ၂၀ သို့*



ဓာတ်ပုံ-မေဦးမိုး

- **အလုပ်ရှင်နဲ့ အလုပ်သမားဆက်ဆံရေးကလည်း ကောင်းမွန်ဖို့ လိုအပ်ပါတယ်။ အဲဒီလို ဆက်ဆံရေး ကောင်းမွန်ဖို့ ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေ၊ အလုပ်ရှင် အလုပ်သမားချုပ်ဆိုရတဲ့ EC စာချုပ်တွေကို နိုင်ငံတော်က ချမှတ်ပေးထားတဲ့ အချက်တွေနဲ့ ကိုက်ညီအောင် လုပ်ဆောင်ရမှာဖြစ်**
- **အလုပ်သမားတွေကို ပေးသင့်ပေးထိုက်တဲ့ အခွင့်အရေးတွေပေးမယ်။ ခွင့်တွေ၊ ခံစားခွင့်တွေ ပေးရမှာ ဖြစ်ပါတယ်။**

# ဆွာချောင်းရေလှောင်တမံရေပိုလွှဲကျိုးပေါက်ကာ ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စုရှိ ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲ ဘဲနှုတ်သီးကျိုးပေါက်ကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သဖြင့် ဆွာမြို့နှင့် အနီးဝန်းကျင် ကျေးရွာအုပ်စု ၁၄ စု၊ အိမ်ထောင်စု ၁၂၀၀၀ ကျော်အတွင်း ရေများဝင်ရောက်လျက်ရှိကာ ပြည်သူများကို ဘေးလွတ်ကင်းရာ နေရာများသို့ ပြောင်းရွှေ့ခဲ့ရပြီး ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင်လည်း ရေကျော်တက်မှုများ ရှိခဲ့သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည့် ဆွာမြို့သို့ရောက်ရှိခဲ့ပြီး မြို့တွင်းရေကြီးရေလျှံမှုအခြေအနေနှင့် ရန်ကုန်-မန္တလေး ကားလမ်း ရေကျော်နေမှုအခြေအနေများကို ကြည့်ရှုပြီး အရေးပေါ်အသုံးပြုရန်အတွက် မီးသတ်ဦးစီးဌာနက ဖိုက်ဘာစက်တပ်လှေများ အမြန်ပေးပို့နိုင်ရေး၊ ခေတ္တရေဘေးရှောင်စခန်း ဖွင့်ထားသည့် စက်ရုံပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး လတ်တလော စားနပ်ရိက္ခာဖိုးငွေ ထောက်ပံ့ခြင်း၊ ရှာဖွေကယ်ဆယ်ရေးနှင့် ဘေးလွတ်ရာ ရွှေ့ပြောင်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ချိတ်ဆက်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ကေတုမတီမြို့သစ် မြို့မဘုန်းတော်ကြီးကျောင်းရှိ ယာယီရေဘေးရှောင်ပြည်သူများ လတ်တလော စားသုံးရန်အတွက် ဆန်ရိက္ခာဖိုးငွေကိုလည်း ထောက်ပံ့ပေးခဲ့သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲကျိုးပေါက်မှုအခြေအနေ၊ ရေလှောင်တမံအတွင်း ရေထိန်းသိမ်းသိုလှောင်ထားမှုနှင့် ပတ်ဝန်းကျင်ကျေးရွာများ၏ ရေနစ်မြုပ်မှုအခြေအနေ၊ ရေကြီးရေလျှံမှုကြောင့် သိုင်းဝ၊ ကွင်းကြီး၊ ကုန်းကြီး၊ ဆွာမင်းလမ်း၊ ရွှေကဇောင်း၊ ငါးကြီးကွေ့၊ ကွမ်းအုံ၊ ဆွာမြောက်ပိုင်း၊ ဒိုးတန်း၊ ဝဲဒေါက်၊ ညောင်ပင်သာ၊ သပြေတန်း၊ အင်ဒိုင်း၊ ကျွဲရိုင်းပြင် စသည့်ကျေးရွာများ ထိခိုက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ရေကြီးရေလျှံမှုကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်ရှိ ဆွာချောင်းတံတားသည် ပိုင်တိုင်အမှတ်(၇)နေရာ၌ မြေကျွံဝင်ပြီး အနည်းငယ်နိမ့်ဆင်းသွားသဖြင့် ယာဉ်များအန္တရာယ်ကင်းရှင်းစေရန်



ကောင်းမွန်သောလမ်းပိုင်းမှ ဖြတ်သန်းနိုင်ရေး ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကာ နိမ့်ဆင်းသွားသော အပိုင်းပေါ်တွင် ဘေလီထပ်ပိုးတံတားခင်းပြီး ညတွင်းချင်း အသွားအပြန် နှစ်လမ်း မူလအတိုင်း သွားလာနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဆွာချောင်းရေပိုလွှဲအား အမြန်ဆုံး ပြန်လည်ပိတ်ဆို့နိုင်ရေး တာဝန်ရှိသူများ အနီးကပ်စောင့်ကြည့်ပြီး စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ ဆွာချောင်းရေလှောင်တမံတွင် ဩဂုတ် ၂၉ ရက် နံနက် ၅ နာရီက ရေပိုလွှဲမှ ရေအမြင့် ၁ ဒသမ ၆ ပေခန့်ကျော်ကျစီးထွက်လျက်ရှိစဉ် ဘဲနှုတ်သီးပုံရေပိုလွှဲ၏ ယာဘက်အခြမ်း ထိပ်ပြင်ပိုင်း ကျိုးပဲ့မှုဖြစ်ကာ ရေကျော်ကျစီးထွက်မှု ဖြစ်ပေါ်ခဲ့ကြောင်း နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ရေကျော်ကျစီးထွက်မှုကြောင့် တမံအောက်ဘက်ရှိ ဆွာချောင်းတစ်လျှောက် ဘေးဝဲ/ယာ ရေဲယာများတွင် ရေကြီးရေလျှံခြင်း၊ ရန်ကုန် - မန္တလေး လမ်းဟောင်းပေါ်တွင် ရေကျော်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၂၈ ရက် ညနေ ၃ နာရီခွဲအထိရရှိသော သတင်းအရ ရန်ကုန်-မန္တလေးအမြန်လမ်း ဆွာချောင်းတံတားအနီး ကွင်းရေမှတ်များ လေးပေခန့် ပြန်လည်ကျဆင်းသွားပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် (၁၉၆) အနီးတွင်လည်း ကားလမ်းပေါ် ရေကျော်နေမှုများ ပြန်လည်ကျဆင်းလျက်ရှိပြီး အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ကွင်းရေမှတ်များလည်း ပြန်လည်ကျဆင်းလျက်ရှိကာ အနိမ့်ပိုင်း ကျေးရွာအချို့တွင် ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဆွာချောင်း ရေလှောင်တမံရှိ ရေပိုလွှဲထိပ်ပြင်အပိုင်း ကျိုးပဲ့ပြီး ရေကျော်စီးထွက်မှုအခြေအနေကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ခံများအနေဖြင့် အနီးကပ်စောင့်ကြည့်ပြီး ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို စီမံဆောင်ရွက်လျက်ရှိကာ အမြန်ဆုံး ပြန်လည်ပိတ်ဆို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့နောက် အခိုင်အမာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အသေးစိတ် စူးစမ်းလေ့လာတိုင်းတာခြင်း လုပ်ငန်းများဆောင်ရွက်ပြီး ဒီဇိုင်းပုံစံရေးဆွဲကာ ဆက်လက်စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း နေပြည်တော် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။ **တင်မောင်လွင် (မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဆည်/မြောင်း**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆွာချောင်းတမံရေပိုလွှဲ ကျိုးပေါက်မှုဖြစ် ကျေးရွာများရေနစ်မြုပ်ကာ လူဦးရေငါးသောင်းခန့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရ

**ရေတာရှည် ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခုရက်ပိုင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆွာချောင်းရေလှောင်တမံအတွင်း ရေဝင်ရောက်မှုများပြားကာ ဩဂုတ် ၂၉ ရက် နံနက် ၅ နာရီဝန်းကျင်ခန့်တွင် ရေပိုလွှဲ ဘဲနှုတ်သီးကျိုးပေါက်မှုဖြစ်ကာ ရေထွက်အားပမာဏ အလွန်ပင်များပြားခဲ့ပြီး ဆွာချောင်းတစ်လျှောက်ရှိ ကျေးရွာများ၊ စစ်တောင်းမြစ်တစ်လျှောက်ရှိ ကျေးရွာပေါင်း ၁၈ ရွာ ရေလွှမ်းမိုးမှုကြောင့် အိမ်ခြေပေါင်း ၁၀၉၁၆၊ အိမ်ထောင်စုပေါင်း ၁၀၉၃၈ နှင့် လူဦးရေပေါင်း ၄၉၃၈၂ ရေဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့ခဲ့ရပြီး အမျိုးသမီးတစ်ဦး ပျောက်ဆုံး၍ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ သိမ်ကျောင်းတစ်ကျောင်းနှင့် ကျွဲနှစ်ကောင်၊ နွားနှစ်ကောင် ရေနောက်မျောပါသွားခဲ့သည်။

ထို့အပြင် ရန်ကုန်-မန္တလေး အမြန်လမ်း သိုင်းဝတံတား(အဆန်)လမ်းပိုင်း တံတားနိမ့်ကျပျက်စီး၍ အစုန်လမ်းအထက်ဘက်တွင် ကမ်းပါးရံ ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျသွားခဲ့ပြီး အမြန်လမ်းပိုင်းနှင့် ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်း၊ ရထားလမ်း၊ ဆွာမြို့ ရေတာရှည်လမ်းပိုင်းတွင် ရေအမြင့် ငါးပေခန့် ဖြတ်ကျော်ခဲ့သည့်အတွက် ခရီးစဉ်များ ရပ်ဆိုင်းသွားခဲ့ကြောင်း သိရသည်။

"ရေပိုလွှဲက ကွန်ကရစ်နံရံတစ်ဖက် ပြိုကျသွားတာ ရေတွေက ဒလဟော ဆင်းနေတယ်။ မကြာခင် အောက်ပိုင်းက ရွာတွေကို ရေတွေရောက်လာတော့မယ်။ အမြန်ဆုံး ဘေးလွတ်ကင်းရာကို ထွက်ခွာဖို့လိုတယ်၊ စိုးရိမ်ရတယ်" ဟု ဆွာချောင်းတမံပေါ်တွင် ရောက်ရှိနေသော မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းနေအောင်က ပြောကြားသည်။

ဆည်ရေများ ဝင်ရောက်မှုကြောင့် ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာနေ ဒေါ်စိုးသန်း (၄၀နှစ်)ခန့်မှာ ရေနောက် မျောပါပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော် အတိုင်ပင်ခံရုံး ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တာဝန်ရှိသူများသည် အမြန်လမ်း ဆွာချောင်းတံတား(သိုင်းဝ)အဆန်လမ်းပိုင်း ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို စစ်ဆေးကြည့်ရှုကြောင်း သိရသည်။ ဆွာမြို့ဝန်းကျင်နှင့် ရေတာရှည်မြို့ဝန်းကျင်ဒေသများမှ ဒေသခံပြည်သူများအား နယ်မြေခံ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရေးပေါ်ကူညီစောင့်ရှောက်ရေး အဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး မွန်းလွဲပိုင်းမှစတင်၍ ရေများ ပြန်လည်ကျဆင်းလျက်ရှိကာ ဆည်ရေလွှမ်းမှုကြောင့် ကျေးရွာအုပ်စု ၁၂ စု၊ မိုးစပါးစိုက်ဧက ၂၂၅၀၀ ခန့် ရေဝင်နစ်မြုပ်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



*စာမျက်နှာ ၁၉ မှ*

ရှင်သန်ကြီးထွားနိုင်မှာ ဖြစ်ပါတယ်။ ဒါမှသာ ရင်းနှီးမြှုပ်နှံသူတွေဟာလည်း ရသင့်ရထိုက်တဲ့ အကျိုးအမြတ်ရမယ်။ ရမှသာ ဆက်ပြီးတော့ ရင်းနှီးမြှုပ်နှံမှာ ဖြစ်ပါတယ်။ ဘယ်သူကမှတော့ ကုသိုလ်ဖြစ်လာလုပ်ကြမှာ မဟုတ်ပါဘူး။ ဒါကြောင့် သူတို့အတွက် သေချာပေါက် အလုပ်ဖြစ်ဖို့ တွက်ချက်ကြရမှာ ဖြစ်ပါတယ်။ တွက်ချက်တဲ့အခါမှာ ကျွန်တော်တို့က ယှဉ်ပြိုင်တယ်ဆိုရင် ဘာတွေပြိုင်ရမလဲဆိုတာ ရှိပါတယ်။

**နိုင်ငံတော်အဆင့်က ကူညီပေးဖို့လို**

ယှဉ်ပြိုင်တယ်ဆိုတာ ဈေးကွက်ထဲမှာ ကုန်စည်ချင်းတူရင် ဈေးလျှော့နိုင်ဖို့နဲ့ ဈေးနှုန်းချင်းတူရင် အရည်အသွေးပိုကောင်းဖို့ ပြိုင်ကြရတာ ဖြစ်ပါတယ်။ အဲဒီလိုပြိုင်ဖို့အတွက် ဈေးကွက်မှာ သတ်မှတ်ထားတဲ့ ဈေးနှုန်းတွေက ရှိထားပြီးသားပါ။ ဝန်ဆောင်မှုဖြစ်စေ၊ ကုန်ပစ္စည်းဖြစ်စေ ဒီလိုပဲဖြစ်ပါတယ်။ အဲဒီတော့ လုပ်ငန်းရှင်တွေဘက်က သူ့ရဲ့ Operation Cost တွေကို လျှော့ချပစ်ရတယ်။ အဲဒီထဲမှာ Infrastructures Costs တွေ အများကြီးပါပါတယ်။ အဲဒါက လုပ်ငန်းရှင်တွေ တစ်ယောက်တည်း လုပ်လို့မရပါဘူး။ အဲဒါက ဒေသထဲကဖြစ်ဖြစ်၊ နိုင်ငံတော်အဆင့်ကဖြစ်ဖြစ် စသည်ဖြင့် ပံ့ပိုးကူညီပေးဖို့ လိုအပ်ပါတယ်။ ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းအဖြေထုတ်ကြဖို့လည်း လိုအပ်ပါတယ်။

ဥပမာအားဖြင့် အချို့ကိစ္စတွေမှာ ဥပဒေတစ်ခု ထုတ်လိုက်တယ်။ ပလက်ဖောင်းပေါ်မှာ မီးစက်တွေရှိနေရင် ဒဏ်ကြေး၊ ဒုတိယအကြိမ်ဆိုရင် ဒဏ်ကြေးက ပိုများလာပါမယ်။ အဲဒီတော့ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ Shopping Center တွေမှာ ဒီလိုမီးစက်တစ်လုံးကို ငွေကျပ် သိန်း ၅၀၀ လောက်ရင်းထားရတာ။ သူ့အတွက် ကုန်ကျစရိတ်က အများကြီးရှိပါတယ်။ နောက်တစ်ခုက သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေပါတယ်။ လုပ်ငန်းရှင်က မီးစက်တွေကို ဘာကြောင့်ထားရသလဲ။ မီးကို မယုံကြည်ရလို့သာ သူတို့က ထားနေရတာပါ။

ဒါကြောင့် မီးစက်တွေကို နေရာလပ်မရှိလို့ လမ်းပေါ်ထားရတယ်။ အဲဒီအတွက် ဒဏ်ကြေး သတ်မှတ်တယ်ဆိုရင် မီးကို မှန်အောင်ပေးဖို့ လိုလာပါပြီ။ နောက်တစ်ခုက မော်တော်ကားတွေ တင်သွင်းခွင့်ပြုလိုက်တယ်။ ကြိုက်သလောက် ဝယ်နိုင်ပြီ၊ မောင်းလို့ရပြီ။ သို့သော် ရပ်စရာကား Parking မရှိဘူး။ ရန်ကုန်မှာက ရပ်စရာနေရာတော်တော်နည်းလာပြီ။ သတ်မှတ်ထားတဲ့နေရာမှာ ရပ်ခွင့်မရလို့ ကျန်တဲ့နေရာမှာ ရပ်တဲ့အခါ ကားနဲ့ လာဆွဲသွားတယ်။

ဥပမာပြောရရင် အမှိုက်ပစ်မချစေချင်ရင် အမှိုက်ပုံးတွေ ထားပေးရမယ်။ အမှိုက်ပုံးရှိရဲ့သားနဲ့မှ အမှိုက်ကို စည်းကမ်းမဲ့ပစ်မှသာ အရေးယူလို့ရမှာပါ။ ဒီမှာဖြစ်နေတာက Infrastructures Cost တွေမှာ လုပ်ငန်းရှင်က အတော်များများ ဘာမှမတတ်နိုင်တဲ့ အခြေအနေဖြစ်နေပါတယ်။ ဒါတွေကို ဝန်ကြီးဌာနတွေက ပေါင်းစပ်ပြီး လုပ်ဆောင်ပေးဖို့ လိုအပ်တယ်။ ဒါကတော့ မြေပြင်မှာ ကျွန်တော်တို့ လက်တွေ့ကြုံနေရတဲ့ထဲက ဥပမာပြောတာပါ။

**အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမှု**

နောက်တစ်ခုက National Skills သင်တန်းတွေ၊ အသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးတဲ့ကိစ္စကို ပြောချင်ပါတယ်။ ဒီလို အသိအမှတ်ပြုလက်မှတ်နဲ့အတူ လစာသတ်မှတ်ချက်တွေကို ဘယ်လောက်လို့ ပေးရမယ်ဆိုပြီး တွဲဖက်ထားပါ။ ဒီလို သတ်မှတ်ထားခြင်းအားဖြင့် အလုပ်ရှင်ဘက်က အလုပ်သမားရဲ့ ကျွမ်းကျင်မှု စစ်စစ်တွဲလျက်ပါလာဖို့ စစ်ဆေးရမှာ ဖြစ်ပါတယ်။ အဲဒါကို အလုပ်စတင်ဝင်ရောက်ဖို့ စစ်ဆေးတဲ့အခါမှာ စစ်ပါမယ်။ အဲဒီမှာ အဆင်ပြေတယ်။

ဒါပေမယ့် အကြောင်းကြောင်းကြောင့် ဒီလုပ်သားဟာ အသိအမှတ်ပြုလက်မှတ်နဲ့ မလျော်ညီဘူး။ သူ့ရဲ့ ကျွမ်းကျင်မှု၊ လုပ်ကိုင်နိုင်မှုက ကျသွားမယ်ဆိုရင် သူဟာ အလုပ်တည်မြဲဖို့ အကြောင်းမရှိဘူးဆိုတာ လုပ်သားတွေ ကောင်းကောင်းသဘောပေါက်ဖို့ လိုအပ်ပါတယ်။ ဥပမာ- ကျွန်တော်တို့ အလုပ်လျှောက်တဲ့အခါ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် တင်ပြကြတယ်။ ဘွဲ့လက်မှတ်တွေ တင်ပြကြတယ်။ ဒါပေမယ့် အင်တာဗျူးတွေ လူတွေ့ဖြေရတယ်။

လုပ်ငန်းခွင်ထဲရောက်တော့လည်း စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးတာတွေရှိတယ်။ ဒီလိုလုပ်တဲ့စနစ်ဟာ ကျွန်တော်တို့နိုင်ငံမှာ အရင်က စိမ်းနေပေမယ့် အခုအချိန်မှာတော့ တော်တော်လေး လုပ်လာကြတယ်။ ဒီလိုလုပ်ပေးခြင်းအားဖြင့် Capacity ကို စောင့်ကြည့်လို့ရတယ်။ လုပ်သားတွေကလည်း ဒီလို Evaluation မကြာခဏ လုပ်ကြရတော့ ကျွဲကူး ရေပါဆိုသလို အရည်အသွေးတွေ တက်လာနိုင်ပါတယ်။

ဒါကြောင့် လုပ်သားတွေကလည်း အသိအမှတ်ပြု ကျွမ်းကျင်လက်မှတ်ရရင် ခိုင်မာပြီလို့ တွေးထားလို့မရပါဘူး။ ကိုယ့်အရည်အသွေးကို အမြဲတမ်းမြှင့်တင်နေဖို့လည်း လိုအပ်ပါတယ်။ ဒါမှသာ မြင့်မားတဲ့ခံစားခွင့်တွေရလာနိုင်မှာ ဖြစ်ပါတယ်။

**ခင်ရတနာ**

*(ဆက်လက်ဖော်ပြပါမည်)*

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေးသန်းမြောက်ခရီးသည် ရောက်ရှိလာ

ရန်ကုန် ဩဂုတ် ၂၉

**ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ၂၀၁၈ ခုနှစ်အတွင်း လေးသန်းမြောက် ခရီးသည်သည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့သည်။**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ China Eastern Airlines မှလေယာဉ်အမှတ် MU 2031 ဖြင့် ကူမင်းမှ ရန်ကုန်သို့ရောက်ရှိလာသော ခရီးသည် မခင်ဖူးသစ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တာမီနယ် ၁ တွင် အခမ်းအနားဖြင့် ကြိုဆိုခဲ့ကြသည်။

"အခုလို လေးသန်းမြောက် ကံထူးရှင်ဖြစ်တဲ့အတွက် အလွန် ဝမ်းသာပါတယ်။ အံ့အားလည်းသင့်သွားတာပေါ့နော်။ တစ်ခါမှ ဒီလိုမျိုးပျော်ရွှင်မှုလည်းမခံစားဖူးဘူးဆိုတော့ အလွန်ပျော်မိပါတယ်။ ရန်ကုန်လေဆိပ်က အခုလိုစီစဉ်ပေးတဲ့ လူကြီးတွေကိုရော သက်ဆိုင်ရာ ဝန်ထမ်းတွေ အကုန်လုံးကိုပါ ကျေးဇူးတင်ပါတယ်"ဟု ကူမင်းမြို့တွင် လေးလကြာ အလုပ်ကိစ္စဖြင့် သွားရောက်ရာမှ ပြန်လည်ရောက်ရှိလာသူ မခင်ဖူးသစ်က ပြောသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို စီမံခန့်ခွဲလျက်ရှိသည့် Yangon Aerodrome Co.,Ltd. မှ ကြိုဆိုဂုဏ်ပြုခြင်းအထိမ်းအမှတ်အဖြစ် မြန်မာငွေကျပ် တစ်သန်းနှင့် မြန်မာငွေကျပ်တစ်သန်းတန်ဖိုးရှိ အခြားခရီးသွားအသုံးအဆောင်ပစ္စည်းများကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်။

လေဆိပ်သို့ဝင်ထွက်သွားလာ အသုံးပြုသူများအနက်မှ ထူးထူးခြားခြား ကြိုဆိုဖြစ်ပုံအကြောင်းနှင့် ပတ်သက်ပြီး "ဒီနှစ်ထဲမှာဆိုရင် ခရီးသည်တစ်သန်းပြည့်မှာ တစ်ကြိမ်၊ နှစ်သန်းပြည့်မှာ တစ်ကြိမ်နဲ့ သုံးသန်းပြည့်မှာ တစ်ကြိမ်။ အခု လေးသန်းပြည့်မှာတစ်ကြိမ်ဆိုတော့ ဒီနှစ်ထဲမှာလေးကြိမ်မြောက်ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာတုန်းကဆိုရင် ခရီးသည် ငါးသန်းမြောက်ကိုလည်း အခုလို ဂုဏ်ပြုခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိဆိုရင် ငါးကြိမ်မြောက် ဖြစ်ပါတယ်"ဟု Yangon Aerodrome Co., Ltd. မှ အထွေထွေမန်နေဂျာ ဦးရဲခိုင်က ပြောသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ခရီးသည်ပေါင်း သန်း ၂၀ အထိ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ်တွင် ခရီးသည်ပေါင်း ၅ ဒသမ ၉၂ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။ လက်ရှိတွင် ပြည်တွင်းလေကြောင်းလိုင်း ရှစ်လိုင်းနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၂၈ လိုင်းကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**






# JICA မှ စိုက်ပျိုးရေးချေးငွေများကို စက်တင်ဘာလမှ အောက်တိုဘာလအတွင်း ထုတ်ချေးမည်

**ရေး ဩဂုတ် ၂၉**

JICA မှ မြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးမှုနောက်ကျနေသေးသော ဒေသများကို SME ချေးငွေများ စက်တင်ဘာလမှ အောက်တိုဘာလအတွင်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြို့ပေါ်ထက် နယ်ဒေသက လုပ်ငန်းအများစုက ဖွံ့ဖြိုးမှုမရှိကြဘူး။ SME လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးအားကောင်းလာဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိစေဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကနေတစ်ဆင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွေကနေ ထုတ်ချေးပေးမှာပါ"ဟု မြန်မာ့စီးပွားရေးဘဏ် ရန်ကုန်ရုံးမှ လက်ထောက် အထွေထွေမန်နေဂျာ ဦးအောင်မျိုးထွန်းက ပြောသည်။

SME လုပ်ငန်းများ မြန်မာနိုင်ငံတွင် ၉၀ ရာခိုင်နှုန်းလောက်ရှိပြီး အများဆုံးက စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့်အတွက် ဈေးကွက်များ အခိုင်အမာရှိရန် လိုအပ်သကဲ့သို့ လူ့အရင်းအမြစ် နည်းပညာပိုင်းမြင့်မားရန်၊ အစိုးရပေါ်လစီမူဘောင်များ ပြောင်းလဲရန် လိုအပ်ကြောင်း Ayerawaddy Farmer Development Bank မှ Executive Director စောဒီနိုကုက ပြောသည်။

စွန့်ဦးတီထွင်သူဆုရ ကော်ဖီလုပ်ငန်းရှင် ဦးငွေထွန်းက "ဘဏ်တွေက ချေးငွေထုတ်ချေးတဲ့နေရာမှာ တချို့နေရာတွေမှာ မူဘောင်တွေ၊ ကန့်သတ်ချက်တွေများတဲ့အခါ အချိန်ကြန့်ကြာမှုတွေကြောင့် အခက်အခဲတွေရှိနေသလို ဒီထက်မက SME လုပ်ငန်းတွေ အိမ်နီးချင်းနိုင်ငံတွေနဲ့ မီအောင် အစိုးရအကူအညီအပြင် လုပ်ငန်းရှင်အချင်းချင်းကလည်း ပါဝင်ပူးပေါင်းမှ အောင်မြင်မယ်" ဟု ၎င်းက ပြောသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနှင့် JICA မှ စီမံကိန်းအပိုင်း ၁ မှာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ငွေကျပ် ၄ ဒသမ ၉ ဘီလီယံ၊ ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် ငွေကျပ် ၃၆ ဒသမ ၈ ဘီလီယံ၊ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် ငွေကျပ် ၁၉ ဒသမ ၃ ဘီလီယံ ဖြစ်ကြောင်း သိရသည်။

စီမံကိန်းအပိုင်း ၂ မှာ ပြည်တွင်းဘဏ်များဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်အပါအဝင် CB ၊ KBZ ၊ မြန်မာ့ရှေ့ဆောင်၊ မြန်မာနိုင်ငံသားများဘဏ် ၊ AYA၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်များကို ကျပ် ရှစ်ဘီလီယံထဲမှ တစ်ဘီလီယံစီ ချေးပေးသွားရန်ရှိပြီး ဘဏ်များအားလုံးက အာမခံပစ္စည်းမပါဘဲ CGI စနစ်ဖြင့် ငွေကျပ် သိန်း ၂၀၀ အထိ ထုတ်ချေးပေးရန် အစီအစဉ်များရှိကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

# ငွေထည်ပစ္စည်းများ ပြည်ပသို့ လွတ်လပ်စွာ တင်ပို့ ရောင်းချခွင့် ရချင်

**စစ်ကိုင်း ဩဂုတ် ၂၉**

မြန်မာ့လက်မှု ငွေထည်ပစ္စည်းများကို ပြည်ပသို့တင်ပို့ ရောင်းချခွင့်အား နိုင်ငံတော် အစိုးရအနေဖြင့် သတ်မှတ်ချက်လေးတစ်ခုထားကာ ကင်းလွတ်ခွင့်ပေးပြီး လွတ်လပ်စွာ တင်ပို့ရောင်းချခွင့် ပေးစေလိုကြောင်း မြန်မာ့လက်မှု ငွေထည်၊ ကြေးထည်အသင်း(ရွာထောင်)မှ သိရသည်။

ငွေထည်ပစ္စည်းများ အနေဖြင့် ပင်ကိုအရပင်လျှင် ကုန်ကြမ်းတန်ဖိုးကြီးခြင်း၊ အချိန်ကာလကြာမြင့်စွာ သင်ယူမှတတ်မြောက်လာသည့် လက်မှုပညာရှင်တို့၏ လုပ်အားခ ကြီးမြင့်ခြင်း၊ ထုတ်ကုန်ပစ္စည်းမှာလည်း ဈေးနှုန်းမြင့်မားခြင်းတို့ကြောင့် အဓိကအားဖြင့် ပြည်ပဈေးကွက်ကို ဦးတည်ထုတ်လုပ်ရကြောင်း၊ ယခုအခါ ပြည်ပသို့ သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများ ကြုံတွေ့ရကြောင်း သိရသည်။

**ကင်းလွတ်ခွင့်ပေး စေချင်**

"မြန်မာပြည်က ငွေထည်ပစ္စည်းမှန်ရင် ပြည်ပကိုသယ်ယူတဲ့နေရာမှာ အဓိကကတော့ လေဆိပ်လမ်းကြောင်းမှာပေါ့။ စီးပွားရေးဈေးကွက်မှာတော့ မရှိဘူး။ လေဆိပ် ကပဲ တစ်နိုင်တစ်ပိုင် တစ်လုံးစ၊ နှစ်လုံးစ ဝယ်တယ်၊ သယ်တယ်။ အဲဒီနေရာလေး ကို ကျွန်တော်တို့ လွတ်လပ်ခွင့်လေးရချင်တယ်။ ဥပဒေရဲ့တားမြစ်ချက်လေးတွေက များတဲ့အခါကျတော့ ငွေထည်လုပ်တဲ့ လုပ်ငန်းရှင်မှန်သမျှ အပြည့်အဝမလုပ်နိုင်ခဲ့ဘူး။ မလုပ်နိုင်တော့ ဈေးကွက်က ကျဉ်းမြောင်းနေတယ်။ နိုင်ငံတော်အနေနဲ့ သတ်မှတ်ချက်လေးတစ်ခုထားပြီး ကင်းလွတ်ခွင့်ပေးစေချင်ပါတယ်။ ပန်းပုလုပ်ငန်းတွေဆို ပန်းပုရုပ်လေးတစ်ခုကို ငါးဒေါ်လာ ကင်းလွတ်ခွင့်ပေးထားတယ်။ ငါးဒေါ်လာအောက်တန်ဖိုးဆို လေဆိပ်မှာ ကြိုက်သလောက် သယ်လို့ရတယ်။ ငွေထည်ပစ္စည်းကိုတော့ ငါးဒေါ်လာ၊ ၁၀ဒေါ်လာလောက် သတ်မှတ်ပေးလို့ မရဘူးပေါ့။ ငွေထည်ရဲ့ကုန်ကြမ်း တန်ဖိုးရဲ့ မူရင်းဈေးကိုက ကမ္ဘာ့ဈေးနဲ့ယှဉ်ပြီး ရောင်းရတော့ သင့်တော်တဲ့နှုန်းလေး တစ်ခုခု ညှိနှိုင်းပြီးတော့ ကင်းလွတ်ခွင့်လေးပေးမယ်ဆိုရင်တော့ ကမ္ဘာကျော်ခဲ့တဲ့ ငွေထည်လက်မှုပညာတွေက တစ်ချိန်ချိန်မှာ ပြန်လည် ဦးမော့လာမယ်လို့ထင်ပါတယ်"ဟု မြန်မာ့လက်မှု ငွေထည် ကြေးထည်အသင်း (ရွာထောင်) ဥက္ကဋ္ဌ ဦးထွန်းထွန်းက ပြောသည်။

**မြန်မာ့လက်ရာမှာ ကျော်ကြား**

ပြည်တွင်း၌ ငွေထည်ပစ္စည်းကို အသုံးပြုမှုမှာ နည်းပါးပြီး ကြေးထည်ပစ္စည်းများကိုသာ အသုံးပြုမှုများပြားသဖြင့် ပြည်တွင်း ငွေထည်ဈေးကွက်အားမှာ ကျဆင်းနေကြောင်း၊ ငွေထည်ပစ္စည်းများကို ကမ္ဘာနှင့်ယှဉ်ပြီး လုပ်နိုင်သည့် သရီးဒီပုံစံမျိုး ရုပ်လုံးရုပ်ကြွများ၊ ဇာတ်တော်ကြီးများ ထုလုပ်ရောင်းချလျက်ရှိပြီး ကမ္ဘာနှင့်ယှဉ်ကြည့်ပါက မြန်မာ့လက်ရာမှာ ကျော်ကြားကြောင်း၊ ယင်းကျော်ကြားသည့် လက်ရာများကို ထိထိရောက်ရောက် ရောင်းဝယ်ဖောက်ကားနိုင်ပါက ငွေပန်းထိမ်လောကမှာ ပြန်လည် ဦးမော့လာနိုင်သည့် အနေအထားရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ပြည်ပ သယ်ယူပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးပွဲတွေမှာ နှုတ်အားဖြင့်တော့ တောင်းဆိုမှုတွေ ရှိပါတယ်။ ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲတွေမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တွေနဲ့ တွေ့တဲ့အခါတိုင်း ဒါလေးတွေ တင်ပြခဲ့ပါတယ်။ သူတို့အနေနဲ့က ကျွန်တော်တို့ကို အဖွဲ့အစည်းအနေနဲ့ တရားဝင် တင်ပြတောင်းဆိုဖို့ ကမ်းလှမ်းထားတာရှိပါတယ်။ ကျွန်တော်တို့လည်း ဒီကိစ္စကို ဆက်လက် ကြိုးစားပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု မြန်မာ့လက်မှု ငွေထည်၊ ကြေးထည်အသင်း(ရွာထောင်)ဥက္ကဋ္ဌက ပြောသည်။



စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်တွင် ငွေထည်၊ ကြေးထည် တစ်နိုင်တစ်ပိုင် လုပ်ကိုင်သူ အများအပြားရှိပြီး လုပ်ငန်းရှင် ၃၀ ခန့်ရှိကြောင်းနှင့် စစ်ကိုင်း - ရွှေဘို -မုံရွာ ကားလမ်းမကြီးဘေးတွင် ဖွင့်လှစ်ရောင်းချနေသည့် ငွေထည်၊ ကြေးထည်ဆိုင် ၁၅ ဆိုင် ဝန်းကျင်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# တနင်္သာရီမြို့နယ်မှ ရေဘေးသင့်ဒေသများသို့ လှူဒါန်း

**တနင်္သာရီ ဩဂုတ် ၂၉**

တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အဖွဲ့ဝင်များက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းကာ ဩဂုတ် ၂၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေဘေးကြုံတွေ့နေရသော ဘန်လောကျေးရွာအုပ်စုနှင့် သကျက်ကျေးရွာအုပ်စုတို့မှ အိမ်ထောင်စု ၃၃၂ စုအတွက် တစ်အိမ်ထောင်လျှင် ငါးပြည်ဝင်ဆန်အိတ် သုံးအိတ်စီနှင့် ငါးသေတ္တာဘူး ၁၅ ဘူးစီတို့ကို ပေးအပ်လှူဒါန်းခဲ့ကာ သကျက်ကျေးရွာအုပ်စု ကျွဲထိန်းကုန်းရွာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၃ ဦးအတွက် အသက်ကယ်အင်္ကျီများလည်း ထောက်ပံ့ပေးခဲ့သည်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အဖွဲ့ဝင်များသည် တနင်္သာရီမြို့နယ်အတွင်း ယခင် မြစ်ရေနှစ်ကြိမ်ကြီးစဉ်ကလည်း ဆန်နှင့်စားသောက်ဖွယ်ရာများကို လာရောက်လှူဒါန်းထောက်ပံ့ခဲ့ပြီး ယခုလှူဒါန်းခြင်းမှာ တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း (ပြန်/ဆက်)**

# စလင်း၌ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း ကြီးကြပ်ဆောင်ရွက်

**စလင်း ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် ဩဂုတ် ၂၃ရက်မှစတင်၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိလိုက်နာရေးနှင့် ယာဉ်မတော်တဆထိခိုက်မှုများ လျော့နည်းပပျောက်စေရန် ရည်ရွယ်၍ မြို့အဝင်၊ အထွက်နေရာများနှင့် ယာဉ်သွားယာဉ်လာ ထူထပ်သောနေရာများတွင် အဖွဲ့များခွဲ၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၏ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်/ကျေးမှူးများ၊ မြို့မိမြို့ဖများ ပါဝင်သော ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် မော်တော်ဆိုင်ကယ်စီးသူများကို ဆိုင်ကယ်စီးဦးထုပ်မဆောင်းပါက စိစစ်ရေးဌာနတွင် ဆိုင်ကယ်ကို ခေတ္တထိန်းသိမ်းထားပြီး ဆိုင်ကယ်စီးဦးထုပ်ကို ပြန်ယူပြီး စနစ်တကျဆောင်းစေကာ ဆိုင်ကယ်ကိုပြန်ပေးပြီး မှတ်တမ်းတင်ထားရှိသည်။ အသံဆူညံသော ပါဝါအိတ်ဇောတပ်ဆင်မောင်းနှင်ခြင်းကိုလည်း မူလပါဝါအိတ်ဇောတပ်ဆင်စေခဲ့သည်။

အဆိုပါဆောင်ရွက်ခြင်းကို ဩဂုတ် ၃၁ ရက်အထိ နေ့စဉ် နံနက်၈ နာရီမှ ညနေ ၄ နာရီအထိ ပညာပေးကာလသတ်မှတ်ဆောင်ရွက်မည် ဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းကြောင့် ဆိုင်ကယ်စီးသူများမှာ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်း၊ စည်းကမ်းလိုက်နာခြင်းများ တိုးတက်လာပြီး ယင်းရက်များတွင် ယာဉ်မတော်တဆမှုများ ကျဆင်းလာကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၇)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေး Feed,Farm to Food Forum အခမ်းအနားကို ၂၀၁၈ခုနှစ်၊ သြဂုတ် ၂၅ရက်တွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ခဲ့ပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ ဦးရန်လင်း၊ အတွင်းရေးမှူး ဦးမောင်မောင်ဦးနှင့်ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေးမွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူးဒေါက်တာဝင်းမြင့်၊ ကော်မတီဝင်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်း၊ NLD စီးပွားရေး ကော်မတီမှအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာမျိုးသက်၊ ဒေါက်တာမောင်မောင်လေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဂျုံလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ ညီနောင်အသင်းအဖွဲ့အသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများနှင့် ကောင်စစ်ဝန်များ၊ ပြည်နယ်/တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးများ၊ ပြည်နယ်/တိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များ၊ မွေးမြူရေးလုပ်ငန်းဆိုင်ရာအသင်းများ၏ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် Diamond Sponsor အဖြစ်ကူညီပံ့ပိုးပေးပါသော NS Bluescope Lysaght Myanmar Ltd. နှင့် Co-Sponsor များအဖြစ် ကူညီပံ့ပိုးပေးပါသော Myanmar Apex Bank (MAB)၊ မြန်မာနိုင်ငံဂျုံလုပ်ငန်းရှင်များအသင်း၊ Fortune International Ltd, Crystal Diamond Livestock Co.,Ltd, Kaung Htet & Yin Myint Livestock Co.,Ltd,De Heus Myanmar Ltd, Sunjin Myanmar Co.,Ltd, Trouw Nutrition Myanmar Co.,Ltd, Japfa Comfeed Myanmar Pte Ltd တို့အားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကြက်၊ ဘဲထုတ်လုပ်မွေးမြူရောင်းချသူများအသင်း၊ Myanmar C.P LIVESTOCK CO.,LTD နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသော အလှူရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလုံးကို လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဥက္ကဋ္ဌနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၈ ခုနှစ် သြဂုတ် ၂၅ ရက်တွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပပြုလုပ်သော မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး Feed, Farm to Food Forum အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူမှ ဆုချီးမြှင့်ပေးပါသော မွေးမြူထုတ်လုပ်မှု အကောင်းဆုံးဆုများရရှိသည့်-

(၁) အသားစားကြက်မွေးမြူထုတ်လုပ်မှု အကောင်းဆုံးဆု - ဦးအောင်မြင့်(မော်ဘီမြို့နယ်)
(၂) ဥစားကြက်မွေးမြူထုတ်လုပ်မှုအကောင်းဆုံးဆု - Mandalay Livestock Development Co.,Ltd
(၃) အသားစားကြက်အစာထုတ်လုပ်မှုအကောင်းဆုံးဆု - Crystal Diamond Livestock Co.,Ltd
(၄) ဥစားကြက်အစာထုတ်လုပ်မှုအကောင်းဆုံးဆု - Kaung Htet & Yin Myint Livestock Co.,Ltd
(၅) နို့စားနွားမွေးမြူမှုအကောင်းဆုံးဆု - ဒီဇင်ဘာနို့စားနွားမွေးမြူရေးလုပ်ငန်း
(၆) မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုအတွက်စွမ်းဆောင်ရည်ဆု - မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(မွန်ပြည်နယ်)

တို့အား အထူးဂုဏ်ယူဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

- ပြည်နယ်နှင့်တိုင်းဒေသကြီးမွေးမြူရေးလုပ်ငန်းအဖွဲ့များ
- မြန်မာနိုင်ငံကျွဲ၊ နွား၊ သိုး ဆိတ်မွေးမြူသူများနှင့် တိရစ္ဆာန်ထွက်ပစ္စည်း တင်သွင်းတင်ပို့ရောင်းချသူများအသင်း
- မြန်မာနိုင်ငံမွေးမြူရေးအစာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း
- မြန်မာနိုင်ငံပျားလုပ်ငန်းအသင်း
- မြန်မာနိုင်ငံကြက်၊ ဘဲမွေးမြူထုတ်လုပ်ရောင်းချသူများအသင်း
- မြန်မာ့မွေးမြူရေးစွမ်းအားစုများဖွံ့ဖြိုးတိုးတက်ရေးသုတေသနအသင်း
- တိရစ္ဆာန်ဆေးဝါး၊လုပ်ငန်းသုံးပစ္စည်းကိရိယာထုတ်လုပ်ရောင်းချသူများအသင်း
- အိမ်မွေးတိရစ္ဆာန်မွေးမြူသူများအသင်း
- မြန်မာနိုင်ငံနို့လုပ်ငန်းအသင်း
- နွားနောက်မွေးမြူသူများအသင်း
- မြန်မာနိုင်ငံဝက်မွေးမြူသူများနှင့် ထုတ်လုပ်ရောင်းချသူများအသင်း

## ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင်အတွက် စာမူများဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင်ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို အထောက်အကူ ဖြစ်စေရန်လည်းကောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အထောက်အကူဖြစ်စေရန်လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁)ရာစုပင်လုံအောင်မြင်ရေးကို အထောက်အကူဖြစ်စေရန်လည်းကောင်း ရည်ရွယ်၍ (၃)လတစ်ကြိမ် ထုတ်ဝေလျက်ရှိပါသည်။

၂။ ယခုအခါ စာစောင်အတွဲ(၁)၊ အမှတ်(၃)ကို ဆက်လက်ထုတ်ဝေမည်ဖြစ်ရာ ပြည်ထောင်စု ငြိမ်းချမ်းရေးစာစောင်အတွက် ဆောင်းပါး၊ ကဗျာ၊ သတင်းမှတ်စု၊ အင်တာဗျူးများရေးသားပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးစာစောင်တွင် ဖော်ပြမည့်စာမူများကို အယ်ဒီတာအဖွဲ့မှ သတ်မှတ်စည်းကမ်းနှင့်အညီ ရွေးချယ်ဖော်ပြသွားမည်ဖြစ်ပြီး ရွေးချယ်ဖော်ပြခြင်းခံရသောစာမူများအတွက် သင့်တော်သည့်စာမူခများကို ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

၄။ ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဖော်ပြချက်နှင့်အတူ စာမူများကိုလက်ရေးနှင့်ဖြစ်စေ၊ ကွန်ပျူတာစာစီဖြင့်ဖြစ်စေ ရေးသားနိုင်ပြီး statepeacejournal @gmail.com သို့လည်းကောင်း၊ အောက်ပါလိပ်စာများသို့လည်းကောင်း ၂၀၁၈ခုနှစ်၊ စက်တင်ဘာ ၃၀ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

**(က) ဦးကျော်လွင်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ရုံးအမှတ်(၂၀)၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်း-၀၉-၂၅၀၀၈၉၃၇၃၊ ဖက်စ်-၀၆၇-၃၄၀၉၂၉၂**

**(ခ) ဦးသက်ဆွေ**
**အထွေထွေမန်နေဂျာ**
**ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ဖုန်း-၀၉-၉၇၅၀၈၇၂၃၇၊ ဖက်စ်-၀၆၇-၃၄၁၂၅၇၅**

### INVITATION TO OPEN PREQUALIFICATION OF BIDDING

The Irrigation and Water Utilization Management Department (IWUMD), Ministry of Agriculture, Livestock and Irrigation, announces the PREQUALIFICATION of International Competitive Bidding for "Procurement of Construction Machineries and Cutter Suction Dredger for IWUMD" under the Agriculture Income Improvement Project in Shwebo Area, Sagaing Region based on the loan Agreement (Loan No.: MY-P25) signed on 29th March, 2018 between the Japan International Cooperation Agency (JICA) and the Ministry.

The procurement works shall consist of equipment supply, site assembling, test-run, training and commissioning for the construction machineries. Please note that Joint Ventures are acceptable.

| Sr. No. | Bidding No. | Description | Qty: | Remarks |
|---|---|---|---|---|
| 1 | AIIP-Package 4-1 | Procurement of Construction Machineries and Special Vehicles for IWUMD | 1 Package | |
| 2 | AIIP-Package 4-2 | Procurement of Cutter Suction Dredger for IWUMD | 1 Package | |

A complete set of prequalification documents is available in Myanmar Kyat (50,000/-) from 10:00 to 12:00 and 14:00 to 16:00 in the working days from 29th August 2018 to 6th September 2018 at Procurement Director Office of Irrigation and Water Utilization Management Department, Building No. (43), Nay Pyi Taw and closing date will be 19th September 2018 during 12:00 AM. Submission of the Documents later than closing date will not be considered. Note that said PREQUALIFICATION conducted from 16th July 2018 to 16th August 2018 shall be unnuled, and superceded by this announcement.

Contact: Director Office, Procurement Branch, IWUMD.
Telephone: +95-673-410316

## ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အသားထုတ်လုပ်ခွင့်လိုင်စင်များ လျှောက်ထားနိုင်

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၁-၁၀-၂၀၁၈ ရက်မှ ၃၀-၉-၂၀၁၉ ရက်အထိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနက သတ်မှတ်ထားသော သတ်ရုံနှင့်နေရာများတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် အသားထုတ်လုပ်ခွင့်လိုင်စင် (ကျွဲ၊ နွား၊ သိုး၊ ဆိတ်) ရွာသာကြီး၊ (ဝက်)ရွာသာကြီး၊ (ဝက်)ရွာမ၊ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်) မွေးမြူရေးနှင့် မွေးမြူရေးထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးဇုန်၊ လှိုင်သာယာ၊ (သိုး-ဆိတ်) ရွှေပြည်သာ၊ မြို့နယ်တွင်း အသားထုတ်လုပ်ခွင့် (ဒလမြို့နယ်/ကျွဲ၊ နွား၊ ဝက်)နှင့် (ဆိပ်ကြီးခနောင်တိုမြို့နယ်/ကျွဲ၊ နွား) လိုင်စင်တို့၏ အသားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာများကို တစ်စုံလျှင် ၃၀၀၀ိ/- နှုန်းဖြင့် ၃၁-၈-၂၀၁၈ ရက်မှစ၍ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန(ရုံးချုပ်)၊ (၁၂)ထပ်ခွဲရုံး၊ သတ္တမထပ်၊ (၄၆)လမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းကြား၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ဝယ်ယူ၍ ၇-၉-၂၀၁၈ ရက် နောက်ဆုံးထား ပြန်လည်တင်ပြလျှောက်ထားရမည်။

**ဌာနမှူး**
**တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက(၁) စတုတ္ထတန်းမှ ဦးအေးလွင်-ဒေါ်အေးမျိုးခိုင်တို့၏သမီး မမေဖူးခိုင်အား မမေဖူးသော်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မမေဖူးသော်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၀ယ/၉၀၇၈ New Anbo -125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှောန်ဝှမ် ၄/ဖလန(နိုင်)၀၃၂၃၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (ဟားခါး)**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၂၈ ရပ်ကွက်၊ အောင်ဒီပါလမ်း၊ အမှတ် (၁၆၃) ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ မြေကွက်အမှတ် ၁၆၃၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးမြင့်စိုး ၁၂/သဃက(နိုင်)၀၇၁၅၉၇ မှ မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၇၅)**
**ဦးသန့်ဇော်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိအားကစားကွင်းအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီး ရေကူးကန်(၂)ကန်အား ငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အမျိုးသားနှင့် အမျိုးသမီး ရေကူးကန်(၂)ကန်အား ငှားရမ်းခြင်းလုပ်ငန်းဆောင်ရွက်လိုသူများအနေဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **လျှောက်လွှာရောင်းချမည့်ရက်** - ၃-၉-၂၀၁၈ ရက်မှ ၁၄-၉-၂၀၁၈ ရက်ထိ
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** - ၁၇-၉-၂၀၁၈ ရက်မှ ၂၁-၉-၂၀၁၈ ရက်ထိ
(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန

၃။ အထက်ပါပုံစံများကို တစ်စုံလျှင် ငွေကျပ်-၁၀၀၀၀ိ/နှုန်းဖြင့် ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၃၆၁၉၊ ၀၂-၄၀၆၀၂၆၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန**

## ပညာသင်ဆုဖြင့် ကျောင်းတက်ကြစို့

C-school နှင့် ချိတ်ဆက်ထားသော ဂျပန်နိုင်ငံ Chiba ခရိုင်ရှိ ဂျပန်စာသင်ကျောင်းမှ လေးလပိုင်း ၂၀၁၉ခုနှစ်အတွက် ကျောင်းသားများ ခေါ်ယူနေပါပြီ။

- ကျောင်းလခသက်သာခွင့် ပညာသင်ဆုအစီအစဉ်လည်းရှိပြီး၊ ဂျပန်ရောက်ပါက အချိန်ပိုင်းအလုပ်လည်း မိတ်ဆက်ပေးမည်ဖြစ်သည်။
- ဂျပန်နိုင်ငံ၌ C-school မှ တာဝန်ခံလည်းရှိ၍ ဂျပန်နိုင်ငံ၌ နေထိုင်စဉ်အတွင်း လိုအပ်သည်များကိုလည်း လုပ်ပေးမှာမို့ စိတ်ချမ်းမြေ့စွာ ပညာသင်နိုင်ပါသည်။
- အသေးစိတ်ကို အောက်ပါအတိုင်း မေးမြန်းစုံစမ်းနိုင်ပါသည်။ Building No. (9/4), Room (03), Yan Nyein Housing, Yankin Township, Yangon, Myanmar. Tel:09-966557162, Mail:info@c-school.asia

**လျှောက်လွှာပိတ်ရက်** - ၁၅-၉-၂၀၁၈
ကျောင်းသားဦးရေကန့်သတ်ထားပါသဖြင့် အမြန်ဆုံးလျှောက်ထားပါရန်။

## ဖခင်အမည်မှန်

မုဒုံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မသန္တာဦး၏ ဖခင်အမည်မှန်မှာ ဦးမြင့် ၁၀/သဖရ(နိုင်)၀၅၁၃၉၅ ဖြစ်ပါကြောင်း။

**ဦးမြင့်**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(ခွဲ) ညောင်ဝိုင်း တက္ကသိုလ်ဝင်တန်း(က)မှ မောင်ချမ်းညိမ်းအောင်၏ အမည်မှန်မှာ မောင်ချမ်းငြိမ်းအောင် ဖြစ်ပါကြောင်း။

**မောင်ချမ်းငြိမ်းအောင်**

## ကြော်ငြာစာ

**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇ အရ**
**လားရှိုးခရိုင်တရားရုံး**
**၂၀၁၈ခုနှစ် တရားမအထွေထွေမှုအမှတ်-၄**
**ကွယ်လွန်သူ ဦးဂျွန်ဖ (ခ) စပ်လိုင်ကွတ်ဝမ်း၏**
**ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

